www.burmeseclassic.com

LUNAY လူနေ

# တက္ကသိုလ် (၆) ခု

# SIX.

# UNIVERSITIES

BURMESE CLASSIC .com

သုံးချင်း ဝတ္ထုသစ်

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၆၈၀၉၀၆၁၁

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၇၄၁၀၇၁၁

ထုတ်ဝေသည့်အကြိမ် - ပထမအကြိမ်၊
၂၀၁၁ ခုနှစ်၊ ဇူလိုင်လ

အုပ်ရေ - ၁၀၀၀

ထုတ်ဝေသူ - ဦးဝင်းသူရလွင်
အိပ်မက်အသစ်စာပေ
၃၈၊ (၃)လွှာ၊ ၁၅၃ လမ်း၊ တာမွေမြို့နယ်။

မျက်နှာဖုံးနှင့် အတွင်းပုံနှိပ် - Colour King

မျက်နှာဖုံးဒီဇိုင်း - ရဲဝင့်ကျော် (ခ) ရဲလေး

ကွန်ပျူတာစာစီ - ကြယ်စင်သစ်

အတွင်းဖလင် - ပုံရိပ်ရှင်

မျက်နှာဖုံးဖလင် - Colour King

တန်ဖိုး - ၂၀၀၀ ကျပ်

ဖြန့်ချိရေး - ရသစာအုပ်တိုက်
အမှတ် (၈၇)၊ စိန်ချယ်လမ်း၊ (၅)ရပ်ကွက်၊
ဒဂုံအရှေ့ပိုင်းမြို့နယ်။
ဖုန်း- ၀၉၅၅၀၉၃၂၂၊ ၀၉၄၉၂၂၀၉၅၉

လူဝေ ၈၉၅.၈၃

တက္ကသိုလ် (၆)ခု/ လူဝေ။ - ရန်ကုန်၊
အိပ်မက်အသစ်စာပေ၊ ၂၀၁၁။
၃၂၆-စာ၊ ၁၂.၅ × ၁၈.၅ စင်တီမီတာ။
(၁) တက္ကသိုလ် (၆)ခု


**လူဝေ**

# တက္ကသိုလ် (၆)ခု

(လုံးချင်းဝတ္ထုသစ်)

www.burmeseclassic.com

www.burmeseclassic.com

(-)

တက္ကသိုလ်တစ်ခုရှိ ကျောင်းသားတစ်ဦးသည် စာသင်ခန်းမှ ထွက်ကာ စာကြည့်တိုက်သို့ ခပ်သွက်သွက် လျှောက်လာခဲ့သည်။

ဆရာမရှာဖတ်ခိုင်းထားသည့် စာအုပ်များ မရှာရသေးသောကြောင့် စာကြည့်တိုက်သို့ အလောတကြီး ထွက်လာခဲ့ခြင်း ဖြစ်သည်။

လက်ထဲက Note Book ကို ဖွင့်ကြည့်ကာ ရှာရမည့် စာအုပ်စာရင်းကို တစ်ချက် ပြန်စစ်ကြည့်သည်။

ထမင်းစားချိန်ဖြစ်နေသောကြောင့် စာကြည့်တိုက်ထဲတွင် လူရှင်းနေလေသည်။ တစ်ဦးတည်းရှိသော စာကြည့်တိုက်မှူးကလည်း စာအုပ်တစ်အုပ်နှင့် ငြိမ်နေလေ၏။ စာကြည့်တိုက်မှာ နှစ်ပိုင်းခွဲထားသောကြောင့် ပထမအပိုင်းရှိ စာအုပ်များကို စရှာကြည့်သည်။ အပေါ်ဆုံးအတန်း၌ လိုချင်သော စာအုပ်ကို တွေ့သောကြောင့် လှမ်းယူလိုက်သည်။ စာအုပ်စာရင်းကို ပြန်ကြည့်သည်။

www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးတစ်အုပ်ကို ရှာလို့ မတွေ့သေးသောကြောင့် ဒုတိယ အပိုင်းဖြစ်သည့် အခြားဘက်အခန်းတွင် ရှာရမည်ဟု စဉ်းစား လိုက်သည်။ ရှာပြီးသား စာအုပ်များကို စာကြည့်တိုက်မှူး ကောင်တာတွင် တင်လိုက်ပြီး-

"ဆရာ၊ ဒီစာအုပ် ဘယ်မှာရှိလဲ မသိဘူး"

စာကြည့်တိုက်မှူးက စာအုပ်နာမည်ကို တစ်ချက်ကြည့်ပြီး-

"ဟိုဘက်အခန်းမှာ ရှိလိမ့်မယ်"

ဟု ဆိုသည်။

ထို့ကြောင့် ရှာပြီးသားစာအုပ်များကို ခဏထားပြီး စာကြည့်တိုက် တစ်ဖက်ခန်းရှိရာသို့ သွားလိုက်သည်။ တံခါးနား ရောက်သော အခါ တံခါးကို ဆွဲဖွင့်လိုက်၏။

"ဟင်"

စာကြည့်တိုက် ဒုတိယအခန်းထဲတွင် ရေများ ပြည့်လျှံနေလေ သည်။



www.burmeseclassic.com

www.burmeseclassic.com



ရေများကိုကြည့်ပြီး ကျောင်းသားမှာ အထိတ်တလန့် ဖြစ်သွားပြီး-

"စာကြည့်တိုက်မှူး စာကြည့်တိုက်မှူး"

ဟု အလန့်တကြား အော်လိုက်လေသည်။

"ဟေ ဘာဖြစ်တာလဲကွ"

"ရေ. . . ရေတွေ၊ အများကြီးပဲ"

"ဘယ်လို"

❑

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

(တ)

တက္ကသိုလ်ကျောင်းပေါင်း မြောက်မြားစွာရှိသော ခေတ်တစ်ခေတ် ဖြစ်ထွန်းခဲ့ပါသည်။

တက္ကသိုလ်ကျောင်းများ များလှသည်နှင့်အညီ တစ်ကျောင်းနှင့်တစ်ကျောင်းလည်း အပြိုင်အဆိုင်များလှသည်။

ထိုတက္ကသိုလ်များထဲမှ နေရာဒေသတစ်ခုတွင် စုပေါင်း တည်ရှိနေသော တက္ကသိုလ်ကျောင်း (၆)ကျောင်းသည် လွန်စွာနာမည်ကြီးလေသည်။ တက္ကသိုလ်ကျောင်းများ၏ အဆင့်အတန်းကိုလိုက်၍ ကျောင်းနာမည်များ မှည့်ခေါ်ခဲ့ကြသည်။

- နံပါတ် (၁) တက္ကသိုလ်
- နံပါတ် (၂) တက္ကသိုလ်
- နံပါတ် (၃) တက္ကသိုလ်

www.burmeseclassic.com

www.burmeseclassic.com



- နံပါတ် (၄) တက္ကသိုလ်
- နံပါတ် (၅) တက္ကသိုလ်
- နံပါတ် (၆) တက္ကသိုလ်

အထက်ပါ တက္ကသိုလ် (၆)ခုသည် ကျယ်ဝန်းလှသော ကျောင်းနေရာ၊ အဆောက်အဦ၊ ကျောင်းအင်္ဂါရပ်များ ပြောစရာ မလိုအောင် ပြည့်စုံသည့် တက္ကသိုလ်များ ဖြစ်ကြသည်။

ထို့ပြင် တစ်ကျောင်းနှင့်တစ်ကျောင်းလည်း နီးနီးကပ်ကပ် ရှိကြသည်။

□

(ခ)

ထိုကျောင်း (၆)ကျောင်းတွင် နံပါတ် (၁) တက္ကသိုလ်သည် ထိပ်ဆုံးနာမည်ကြီးတက္ကသိုလ် ဖြစ်သည်။ နံပါတ် (၆)တက္ကသိုလ်ကတော့ အောက်ဆုံးအဆင့်မှာ ရှိသည့် တက္ကသိုလ်ဖြစ်၏။

တက္ကသိုလ်များ၏ ကြိုးစားမှု၊ အောင်မြင်မှုပေါ် လိုက်ပြီး တက္ကသိုလ်နံပါတ်စဉ် ပြောင်းလဲလေ့ရှိသည်။ အဓိကကတော့ ထိုတက္ကသိုလ်မှာ တက်နေတဲ့ကျောင်းသား၊ ကျောင်းသူတွေရဲ့ အရည်အသွေး၊ ကြိုးစားမှု၊ အောင်မြင်မှုအပေါ် မူတည်ခြင်းဖြစ်၏။

သို့သော် ယခုဖော်ပြပါ တက္ကသိုလ် နံပါတ်စဉ်များသည် နှစ်ပေါင်းများစွာ တည်တံ့နေသော နံပါတ်စဉ်ဖြစ်နေတာ ကြာခဲ့ပြီ ဖြစ်သည်။ ယနေ့အထိ မပြောင်းလဲသေးပေ။

□

www.burmeseclassic.com

www.burmeseclassic.com

(၈)

မိဘများက သားသမီးများကို ထိပ်ဆုံးတက္ကသိုလ် ဝင်ခွင့်ရအောင် ငွေကြေးမြောက်မြားစွာ အကုန်အကျခံပြီး ထားလေ့ရှိကြသည်။

ထိပ်ဆုံးတက္ကသိုလ်များက ကျောင်းသား၊ ကျောင်းသူများကို စီစစ်ရွေးချယ်သည်။

တက်ခွင့်ရသော ကျောင်းသားကျောင်းသူများကလည်း လွန်စွာနာမည်ကြီးသွားသည်။ ထိုသို့ နာမည်ကြီးသွားသည့်အပြင် အခြားနံပါတ်နိမ့်တက္ကသိုလ်ရှိ ကျောင်းသား၊ ကျောင်းသူများကိုလည်း နှိမ့်ချစွာ ဆက်ဆံတတ်ကြသည်။

ဤသို့ဖြင့် တက္ကသိုလ်များ ထွန်းကားလာခဲ့ကြသည်။

□

www.burmeseclassic.com

www.burmeseclassic.com

(ဃ)

နံပါတ်စဉ်နိမ့်သော တက္ကသိုလ်တစ်ခုသည် နံပါတ်စဉ်မြင့်ရန် အတွက် နံပါတ်စဉ်အမြင့် နာမည်ကြီးတက္ကသိုလ်တစ်ခုအား စိန် ခေါ်ရလေ့ရှိသည်။

ထိုသို့စိန်ခေါ်ခြင်းသည် ကျောင်းသား၊ ကျောင်းသူများ အချင်းချင်း စိန်ခေါ်ခြင်းလည်း ဖြစ်သည်။

ဆရာများကလည်း တစ်ဖက်တစ်လမ်းက ပါဝင်ရသည်။

ထိုအခါ စိန်ခေါ်ခံရသော ကျောင်းက မိမိကို စိန်ခေါ်သော ကျောင်းအား မနိုင်မှန်းသိလျှင် အရှုံးပေးကြောင်း (သို့) တစ်ပတ် အတွင်း အကြောင်းမပြန်ပါက ရှုံးသည်ဟု သတ်မှတ်ကြောင်း စသည်ဖြင့် အစဉ်အဆက် ဖြစ်ခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤသို့ဖြင့် တက္ကသိုလ်များသည် နာမည်ကြီး တက္ကသိုလ်ဖြစ်အောင် ပြုလုပ်လာခဲ့ကြသည်။

ယခုလက်ရှိအချိန်တွင် နာမည်အကြီးဆုံးနှင့် အတော်ဆုံးကျောင်းသား၊ ကျောင်းသူများအရှိဆုံးတက္ကသိုလ်မှာ နံပါတ် (၁) တက္ကသိုလ်ဖြစ်နေသည်မှာ နှစ်ပေါင်းများစွာရှိနေပြီဖြစ်သည်။

❑

တစ်နေ့. . .

အောက်ဆုံးအဆင့် နံပါတ် (၆)တွင်ရှိသော

တက္ကသိုလ်တွင်

အပြောင်းအလဲတစ်ခု ဖြစ်ပေါ်လာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

## (၁)

"ဒါ. . . နံပါတ် (၆)တက္ကသိုလ်ရဲ့ ပါမောက္ခချုပ်ရုံးလား မသိဘူး"

"ဟုတ်ပါတယ်"

စာပို့သမား၏ အမေးကို စာရေးမလေးက ပြန်ဖြေလိုက်သည်။

စာပို့သမားက စာအိတ်တစ်ခုအား ထုတ်လိုက်ပြီး-

"ပါမောက္ခချုပ်အတွက် စာလာပို့တာပါ"

"ဩော်. . . ဟုတ်ကဲ့ရှင့်"

စာရေးမလေးက စာပို့သမားလက်ထဲမှစာကို လှမ်းယူလိုက်သည်။ စာပေါ်တွင်-

www.burmeseclassic.com

www.burmeseclassic.com



ပါမောက္ခချုပ်
နံပါတ် (၆) တက္ကသိုလ်

ဟု ရေးထားလေသည်။

"လက်ခံရရှိကြောင်း လက်မှတ်ထိုးပေးပါဦး"

စာရေးမလေးက စာရွက်ပေါ်တွင် လက်မှတ်ကို ခပ်သွက်သွက်လေး ထိုးပေးလိုက်သည်။

စာပို့သမား ပြန်ထွက်သွားသောအခါ စာရေးမလေးက စာအိတ်ကို ကိုင်ပြီး ပါမောက္ခချုပ် ရုံးခန်းတံခါးကို ဖွင့်ဝင်လိုက်၏။

"ဆရာကြီး"

"ဟေ"

ပါမောက္ခချုပ်က စာရေးနေရင်းမှ မော့ကြည့်သည်။

"ဆရာကြီးအတွက် စာရောက်နေလို့ပါ"

ဟုဆိုပြီး စာရေးမလေးက စာကို ဆရာကြီး စားပွဲပေါ်တင်ကာ အခန်းထဲမှ ထွက်သွားလေသည်။

ဆရာကြီးက စာအိတ်ကို လှမ်းယူလိုက်သည်။

ဘယ်သူပို့တာလဲဟု စိတ်ထဲတွင် ဇဝေဇဝါဖြစ်သွားပြီး စာကို ဖွင့်လိုက်လေ၏။

"ဟင်"

□

(၂)

ခဏကြာသောအခါတွင် ပါမောက္ခချုပ်ရုံးခန်းရှိ စာရေးမလေးသည် ဖုန်းတစ်လုံးနှင့် အလုပ်ရှုပ်သွားလေသည်။

"ဟယ်လို. . . ဓာတုဗေဒဌာနကပါလား"

"ဟုတ်ပါတယ်"

"ပါမောက္ခချုပ်ရုံးကပါ အစည်းအဝေးအတွက် အကြောင်းကြားတာပါ"

"ဘယ်အချိန်ပါလဲရှင်"

"အခုချက်ချင်းလို့ ပြောပါတယ်"

စာရေးမလေးက ဖုန်းပြန်ချလိုက်ပြီး နောက်ဖုန်းတစ်လုံး ထပ်ခေါ်လိုက်သည်။

"ရူပဗေဒဌာနကပါလား"

"ဟုတ်ကဲ့"

www.burmeseclassic.com

www.burmeseclassic.com



“အစည်းအဝေးအတွက် အကြောင်းကြားတာပါ”

ဤသို့ဖြင့် မကြာမီအချိန်တွင် အစည်းအဝေးရှိသည့် သတင်းမှာ ပါမောက္ခအားလုံးဆီသို့ ပျံ့နှံ့သွားလေ၏။

အရေးကြီးသည်ဆိုသည့်အဆင့်ကြောင့် ပါမောက္ခအားလုံးမှာ လုပ်လက်စများရပ်ပြီး အစည်းအဝေးခန်းမသို့ သွားကြရလေသည်။

□

(၃)

“မင်းတို့ ပထမနှစ်ကျောင်းသားတွေအတွက် သင်္ချာဟာ အခက်အခဲမရှိသေးပါဘူး၊ ဒုတိယနှစ်လောက်ဆိုရင် မင်းတို့တွေ သင်္ချာကို အရမ်းကြီးစိတ်ဝင်စားလာနိုင်သလို၊ အရမ်းကြီးလည်း ပျင်းရိသွားနိုင်တယ်ကွ”

“ဘာဖြစ်လို့လဲဆရာ”

ကျောင်းသားတစ်ယောက်က ထမေးလေသည်။

သင်္ချာပါမောက္ခ ဦးဖေသန်းက-

“တကယ်တော့ မင်းတို့အပေါ်မှာ မူတည်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ သင်္ချာဟာ ပျော်စရာ ကောင်းပါတယ်၊ အဲ. . . စိတ်မဝင်စားဘူး၊ ဝါသနာ မပါဘူးဆိုရင် ပျင်းစရာကောင်းတယ်လို့ ဆိုလိုတာပါ၊ ဒုတိယနှစ်လောက်ဆိုရင် မင်းတို့လည်း ဝါသနာပါပါ သိရောပေါ့”

www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီးဦးဖေသန်းစကားကြောင့် အားလုံးမှာ ငြိမ်သွားကြသည်။

ပထမနှစ်အတန်းကို ဆရာကြီးဦးဖေသန်းကိုယ်တိုင် သင်ကြားလေ့မရှိသော်လည်း ကျောင်းသားများနှင့် ရံဖန်ရံခါ ထိတွေ့လိုသောဆန္ဒကြောင့် စာဝင်သင်လေ့ရှိသည်။

ပထမနှစ်ကျောင်းသားများကလည်း ကျောင်းတက်တာ ကြာပြီဖြစ်သောကြောင့် ဆရာကြီးနှင့် အပေးအယူ ဖြောင့်နေကြသည်။

ထိုစဉ်-

"ဆရာကြီး"

စာသင်ခန်းအပြင်မှ ကျောင်းစာရေးမလေး၏ လှမ်းခေါ်မှုကြောင့် ဆရာကြီးမှာ စာသင်နေရင်းမှ အပြင်သို့ ကြည့်လိုက်သည်။

"ဘာလဲ ဟေ့"

"ပါမောက္ခချုပ်က အရေးကြီးအစည်းအဝေးရှိလို့တဲ့"

"အခုလား"

"ဟုတ်ကဲ့"

"အေး. . . အေး၊ သွားလိုက်မယ်"

ဆရာကြီးက စာအုပ်များကို ကောက်သိမ်းလိုက်ပြီး-

"ကဲ ဆရာပေးထားတဲ့ပုစ္ဆာတွေကို ဆက်တွက်ထား၊ နောက်မှတွေ့မယ်"

ဟုဆိုပြီး အတန်းထဲမှ အလျင်စလို ထွက်သွားလေသည်။



ဆရာကြီးက အတန်းချိန်မပြည့်ခင် ထွက်သွားသောကြောင့် ကျောင်းသား၊ ကျောင်းသူများ ပျော်သွားကြပြီး ကင်တင်းသို့ သွားဖို့ပြင်သူကပြင်၊ စကားများ အော်ကြီးဟစ်ကျယ်ပြောသူကပြောနှင့် ရွတ်ယှက်ခတ်သွားလေသည်။

"ကဲ တပည့်တို့ တင်ချာကို ဝါတနာပါကြရား"

ကျောင်းသားတစ်ယောက်၏ အော်ပြောသံကြောင့် အားလုံးပွဲကျသွားသည်။

အတန်းထဲမှ ထွက်ခါနီးကျောင်းသားများပင် ပြုံးစိစိနဲ့ ကြည့်သွားကြသည်။

အော်ပြောလိုက်သောသူမှာ သင်္ချာမေဂျာ၏ ကင်းဖြစ်သော ဟန်လင်းလွင်ဖြစ်သည်။

ဟန်လင်းလွင်က သူ့ဘေးနားတွင်ရှိသော သူငယ်ချင်းအား-

"ဆရာကြီးကလည်း အလကားပေါက်ကရတွေ ပြောသွားတယ်၊ သင်္ချာက လွယ်ပါတယ်ကွာ၊ ငါက သင်္ချာကို အမှတ်အများဆုံးနဲ့ဝင်တာ ဆရာကြီးမေ့နေတယ်နဲ့တူတယ်"

"အေး ဟုတ်တယ်"

သူ့သူငယ်ချင်းကလည်း လွယ်အိတ်ထဲကို စာအုပ်များ ထိုးထည့်ရင်း ပြန်ဖြေသည်။

ထိုအချိန်တွင် အတန်း၏ နောက်ဆုံးခုံတန်း၌ ထိုင်နေသော ကျောင်းသားတစ်ယောက်သည် စာရေးစားပွဲအောက်တွင် ခိုးကြောင်

www.burmeseclassic.com

www.burmeseclassic.com



ခိုးဝှက် အိပ်နေသော ကျောင်းသားအား လှုပ်နှိုးလိုက်၏။

"ဟေ့ကောင် သာဂေါင် ထတော့ ဆရာကြီးအတန်းပြီးသွားပြီ"

သာဂေါင်ဆိုသော ကျောင်းသားသည် ခုံအောက်မှ အလူးအလဲ ထလိုက်ပြီး-

"ပြီး ပြီးသွားပြီလားကွ"

ဟုဆိုပြီး အလျင်စလိုထွက်လိုက်ရာ ခုံနှင့် ခေါင်းတိုက်မိလေ၏။ အားလုံးမှာ သာဂေါင်အဖြစ်ကို ဝိုင်းရယ်လိုက်ကြသည်။

"သာဂေါင်. . . မင်းကို ဆရာကြီးက ပြောသွားတယ်ကွ"

ဟန်လင်းလွင်က သာဂေါင်ကို လှမ်းအော်သည်။

"ဟင်. . . ဆရာကြီးက ငါအိပ်နေတာ တွေ့သွားလို့လား၊ ငါက သူ မတွေ့တဲ့နေရာမှာ အိပ်နေတာပါ"

"တွေ့လို့မဟုတ်ဘူးကွ၊ ဒုတိယနှစ်မှာ မင်းက သချာင်္ဂုဏ်ထူး ထွက်မယ်တဲ့၊ အဲ့ဒါပြောသွားတာ ဟား. . . ဟား. . . ဟား. . ."

အားလုံးမှာ ဝိုင်းရယ်နေကြ၍ သာဂေါင်လည်း လွယ်အိတ်ကောက်လွယ်ကာ အတန်းထဲမှ ထွက်ခဲ့သည်။

□

(၄)

အစည်းအဝေးခန်းမသို့ ရောက်သောအခါ ပါမောက္ခအားလုံး ရောက်နေသည်ကို တွေ့ရသည်။

"ဆရာကြီးဦးဖေသန်း ဒီကိုလာ၊ ဆရာကြီးကိုစောင့်နေတာ အားလုံးရောက်နေပြီ"

ဆရာကြီးက အားနာသွားပြီး-

"အတန်းဝင်နေလို့ နောက်ကျသွားတာ"

ဟုပြောကာ နီးစပ်ရာခုံတစ်ခုံတွင် ဝင်ထိုင်လိုက်သည်။

ထို့နောက် ပါမောက္ခချုပ်သည် အခန်းထဲရှိ စာရေးမလေး အား-

"အစည်းအဝေးခန်း တံခါးပိတ်လိုက်၊ ပြီးတော့ အပြင်မှာပဲ စောင့်နေ"

ခဏအကြာတွင် အစည်းအဝေးခန်းမ၌ အားလုံး တိတ်ဆိတ်

www.burmeseclassic.com

www.burmeseclassic.com



သွားလေသည်။ အရေးကြီး အစည်းအဝေးခေါ်သော ပါမောက္ခချုပ်ကိုပင် အားလုံးက ကြည့်နေကြသည်။

ပါမောက္ခချုပ်က အားလုံးကို တစ်ချက်ကြည့်သည်။ ပြီးနောက် စားပွဲပေါ်သို့ စာအိတ်လေးတစ်ခု တင်လိုက်၏။

အားလုံး၏ အကြည့်များက ထိုစာအိတ်ဆီသို့ ရောက်သွားကြသည်။

"ဒီစာက နံပါတ် (၁)တက္ကသိုလ်က ကျုပ်တို့ နံပါတ် (၆) တက္ကသိုလ်ကို ပို့လိုက်တဲ့စာပါ"

"ဟင်"

"ဟာ"

ပါမောက္ခအားလုံး တအံ့တဩဖြစ်သွားကာ အထိတ်တလန့်လည်း ဖြစ်သွားကြသည်။

"ဒါဆို သူတို့က ကျွန်တော်တို့ကျောင်းကို စိန်ခေါ်တာပေါ့"

ရူပဗေဒပါမောက္ခက ဝင်မေးသည်။

"အင်း အဲ့ဒီလိုပဲ ဆိုရမှာပဲ"

ပါမောက္ခချုပ်က ခေါင်းတဆတ်ဆတ်ညိတ်ပြီး ပြန်ဖြေသည်။ ပြီးနောက်-

"ကျုပ်မရှင်းတာ တစ်ခုရှိတယ်"

"ဟုတ်ကဲ့"

"သူလို နံပါတ်တစ်တက္ကသိုလ်ကြီးက ကျုပ်တို့လို အောက်ခြေမှာရှိတဲ့ အဆင့်နိမ့်တက္ကသိုလ်ကို ဘာကြောင့် စိန်ခေါ်တဲ့စာ ပို့ရတာလဲ၊ သူ့ဘာသာသူ နေလို့ရတာပဲဥစ္စာ"



ပါမောက္ခချုပ်စကားကြောင့် အားလုံးမှာ တွေဝေသွားကြသည်။

ပါမောက္ခချုပ် မေးလည်း မေးစရာပင်။

နံပါတ် (၁)တက္ကသိုလ်သည် တက္ကသိုလ်များထဲတွင် လူတော်များ၊ ဉာဏ်ရည်ဉာဏ်သွေးထက်မြက်သူများ အပြည့်ရှိသည့်တက္ကသိုလ်ဖြစ်သည်။

အစဉ်အလာအားဖြင့် နံပါတ်စဉ်နိမ့်သော တက္ကသိုလ်က နံပါတ်စဉ်မြင့်သော တက္ကသိုလ်ကို စိန်ခေါ်ပြီး အဆင့်မြင့်အောင်၊ နာမည်ကျော်ကြားအောင် လုပ်လေ့ရှိသည်။

အခုအခြေအနေက ထိုသို့မဟုတ်. . .။

နံပါတ် (၁)တက္ကသိုလ်ကြီးက သူတို့လို ဘာမဟုတ်တဲ့ တက္ကသိုလ်လေးတစ်ခုကို စိန်ခေါ်လာ ချေပြီ။

"အဲ့ဒီကိစ္စနဲ့ ပတ်သက်ပြီး ပါမောက္ခတွေရဲ့ သဘောထားကို သိချင်လို့ အစည်းအဝေးခေါ်ရတာပါ"

ပါမောက္ခချုပ်ရဲ့စကားကြောင့် အားလုံးမှာ ထပ်ပြီး တွေဝေသွားကြသည်။

ပါမောက္ခချုပ်က ဆက်ပြော၏။

"စည်းမျဉ်းတွေအရ ကျုပ်တို့တက္ကသိုလ်က နံပါတ် (၁) တက္ကသိုလ်ရဲ့ စိန်ခေါ်စာကို လက်ခံ မခံဆိုတာ ခုနစ်ရက်အတွင်း

www.burmeseclassic.com

www.burmeseclassic.com



အကြောင်းပြန်ရတော့မယ်"

ထိုအချိန်တွင် ရက္ခပေဒပါမောက္ခမှာ တစ်စုံတစ်ခုကို သတိရသွားဟန်ဖြင့်-

"ပါချုပ် ခင်ဗျား"

"အင်း. . . ပြောပါ"

"ကျွန်တော် အခုမှ သတိရလို့ပါ"

"ဘာများလဲ"

"ဒီကိစ္စဟာ ကျွန်တော်တို့ကျောင်းမှာ အခုတလော ထွက်နေတဲ့ ကောလာဟလနဲ့ ပတ်သတ်လိမ့်မယ်ထင်တယ်"

"ကောလာဟလ. . . ဟုတ်လား"

ပါချုပ်အပါအဝင် အားလုံးအကြည့်များမှာ ရက္ခပေဒပါမောက္ခဆီသို့ ရောက်သွားကြသည်။

"ဘာ ကောလာဟလလဲ၊ ကျုပ်တို့လည်း မသိပါလား"

"ကျွန်တော်လည်း တပည့်မလေးအချို့ ပြောသံကြားလို့ မနေ့ကမှ သိရတာပါ"

"ဘာများလဲ"

"ကျွန်တော်တို့ကျောင်းကလို့ ယူဆရတဲ့ ကျောင်းသားတစ်ယောက်နဲ့ နံပါတ်တစ်တက္ကသိုလ်က ကျောင်းသားတစ်စုတို့ တွေ့ကြတယ်တဲ့"

"ချိန်းတွေ့ကြတာလား"



"မဟုတ်ဘူး၊ ကင်တင်းမှာ နံပါတ် (၁) တက္ကသိုလ်က ကျောင်းသားတစ်စု ထိုင်နေတယ်၊ သူတို့ခုံရဲ့ ကပ်ရပ်မှာတော့ ကျွန်တော်တို့ကျောင်းကလို့ ယူဆရတဲ့ ကျောင်းသားတစ်ယောက် ထိုင်နေတာတဲ့"

"အင်း"

အားလုံးမှာ စိတ်ဝင်စားလာကြသည်။

"အဲ့ဒီဆိုင်ကလည်း ကျောင်းပေါင်းစုံက ကျောင်းသားကျောင်းသူတွေ၊ ဆရာ၊ ဆရာမတွေ လာထိုင်တတ်တဲ့ဆိုင်ဆိုတော့ ကျောင်းအားလုံးကလည်း ရှိတယ်တဲ့"

"အဲ့ဒီအချိန်မှာ ကျုပ်တို့ကျောင်းက သူတစ်ယောက်တည်း ရှိနေတာပေါ့"

"ဟုတ်ပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့ ကျောင်းက ကျောင်းသား၊ ကျောင်းသူ တော်တော်များများ အဲ့ဒီဆိုင်မှာ ထိုင်လေ့ မရှိကြပါဘူး၊ ထိုင်ခဲ့ရင်လည်း ရိသဲ့သဲ့ပြောခံရတာတို့၊ လူလည်ခေါင်မှာ ပညာစမ်းပြီး အရှက်ခွဲခံရတာတို့ အလုပ်ခံရတယ်ဆိုပြီး မထိုင်ကြဘူး"

"အင်း. . . ဆက်ပြောပါဦး"

□

www.burmeseclassic.com

www.burmeseclassic.com

## (၂)

တက္ကသိုလ်ကျောင်းပေါင်းစုံက လာထိုင်လေ့ရှိသည့် ဆိုင်လေး အတွင်းတွင် ကျောင်းသား၊ ကျောင်းသူများ ကိုယ့်ကျောင်း အစုအဖွဲ့ လေးများဖြင့် တစ်သီးတစ်သန့် ထိုင်နေကြသည်။

ကျောင်း၏ ကျော်ကြားမှုကိုလိုက်ပြီး အဆောင်အာရင်းသန်သန် ပြောဆိုမှုများလည်း မတူညီကြချေ. . ။

ကျော်ကြားတဲ့ကျောင်းက ကျောင်းသားကျောင်းသူများက လေသံကျယ်လောင်ပြီး စကားကြီးစကားကျယ်လည်း ပြောတတ် ကြသည်။

အခြားကျောင်းမှ လူများကို ရိသလိုလို၊ ပညာစမ်းချင်သလိုလို လည်း လုပ်တတ်ကြသည်။

ထိုအထဲတွင် အဆိုးဆုံးမှာ နံပါတ် (၁)တက္ကသိုလ်မှ ကျောင်း သား၊ ကျောင်းသူများ ဖြစ်ကြသည်။



"ကဲ. . . ဒီနေ့၊ ငါတို့ ဘာအကြောင်းပြောကြမလဲ"

နံပါတ် (၁)တက္ကသိုလ်မှ ကျောင်းသားတစ်ယောက်က သူတို့ ထိုင်နေသော အစုအဖွဲ့အပြင် အခြားလူများ ကြားအောင်လည်း လေသံမြှင့် ပြောလိုက်သည်။

"ပြောနေကျအတိုင်းပဲ အကြောင်းအရာစုံ၊ အခြားလူတွေ မသိ သေးတာ ပြောကြတာပေါ့"

နံပါတ် (၁) တက္ကသိုလ်ကျောင်းသား၏ ပြောစကားကြောင့် အခြားဝိုင်းတွင် ရှိနေကြသော ကျောင်းသား၊ ကျောင်းသူများမှာ နှာခေါင်း ရှုံ့လိုက်ကြသည်။

နံပါတ် (၁)တက္ကသိုလ်မှ ကျောင်းသား၊ ကျောင်းသူများသည် လူမုန်းများခံရသည်။

သူတို့ကလည်း လူမုန်းခံရအောင် နေတတ်သည်။ သို့သော် အခြားတက္ကသိုလ်မှ ကျောင်းသား၊ ကျောင်းသူများကလည်း သူတို့ ကို မလှန်နိုင်၍သာ အသာငြိမ်ခံနေရသည်။

"ကဲ ငါက စပြောမယ်"

နံပါတ် (၁)တက္ကသိုလ်မှ ဆံပင်ထောင်ထောင်နှင့် ကျောင်း သားက သူ့လူများကို စတင်ပြောလိုက်သည်။

"အေး မင်းက ဘာစပြောမှာလဲ"

"ငါ အခုတလော သိပ္ပံပညာကို စိတ်ဝင်စားနေတယ်"

"ဟုတ်ပြီ ဒီတော့ ငါတို့က မင်းကို ကြိုက်တာမေးလို့ရတယ်ပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"ငါတို့က နံပါတ်(၁)တက္ကသိုလ်ကဆိုတာ မင်းမေ့နေပြီလား"

"အေးပါ၊ မမေ့ပါဘူး၊ မေးပြီ"

"အေး. . . မေး"

မေးမယ့်ကျောင်းသားက တစ်ချက် စဉ်းစားလိုက်သည်။ ပြီးမှ-

"ငါမနေ့က စာအုပ်တစ်အုပ် ဖတ်တယ်"

"ဘာစာအုပ်လဲ"

"ဒုံးပျံအကြောင်း ရေထားတဲ့စာအုပ်ကွ"

"အင်း. . . ဆိုစမ်းပါဦး"

"ဒါပေမယ့်. . .၊ အရမ်းကြီးတော့ နားမလည်သေးဘူး၊ ဒီတော့ မင်းက ငါ့ကို ဒုံးပျံပျံနိုင်တဲ့သဘောကို အလွယ်သိနိုင်တဲ့ နည်းလမ်း ပြောပြနိုင်မလား"

ဆံပင်ထောင်ထောင်နဲ့ ကျောင်းသားက ခေါင်းကို တစ်ချက် ပွတ်လိုက်သည်။ ထို့နောက်-

"ကလေးတွေမှုတ်တဲ့ လေပူဖောင်းကို သိတယ်မှတ်လား"

"အေး သိတယ်လေ"

"အဲ့ဒီပူဖောင်းနဲ့ ဒုံးပျံရဲ့သဘောတရားကို အလွယ်တကူ သိနိုင်တယ်"

"ဘယ်လိုမျိုးလဲ၊ ရှင်းစမ်းပါဦး"

"ဒီလိုကွာ၊ ပူဖောင်းကို ဖောင်းနေအောင် လေမှုတ်သွင်းပြီး လည်ပင်းဝကို လက်ညှိုးနဲ့ လက်မ နှစ်ခုကြားထဲမှာ ညှပ်ထား။



ပြီးတော့မှ လက်ညှိုးနဲ့ လက်မ ညှပ်ထားတာကို အသာလေးခွာပေး လိုက်တာနဲ့ ပူစီဖောင်းဟာ လက်ထဲကနေ လွတ်ထွက်သွားပြီး တရှူးရှူးနဲ့ ဝေ့ကာ ဟိုဟိုဒီဒီပြေးနေတာကို တွေ့ရလိမ့်မယ်၊ လေကုန် တော့မှ မြေပေါ်ကျမယ်။ သဘောက ဒီလိုပဲ။ မှုတ်သွင်းထားလို့ ပူစီဖောင်းထဲက လေတွေဟာ မှုတ်တံရဲ့ အပေါက်ကျဉ်းကျဉ်းလေး ထဲက ရုန်းထွက်တာနဲ့ တစ်ပြိုင်နက် ပူစီဖောင်းဟာ မှုတ်ထွက်တဲ့ အပေါက်ရဲ့ ဆန့်ကျင်ရာကို ပြေးတတ်တဲ့ နိယာမသဘောပဲ ဖြစ် တယ်၊ ဒုံးပျံဟာလည်း အဲဒီလိုပဲကွ"

"ဟာ. . . မင်းရှင်းတာ ကောင်းတယ်ကွာ"

အချင်းချင်း လက်ခုပ်ဝိုင်းတီးကြသည်။

အခြားကျောင်းကသူများမှာ သူတို့ ဝိုင်းကိုပဲ အားကျသလိုလို ကြည့်နေကြသည်။

"ကဲ ဒီတစ်ခါ ငါမေးရမယ့်အလှည့်"

ဆံပင်ထောင်ထောင်နဲ့ ကျောင်းသားက ပြန်မေးသည်။

"မင်းကရော အခုတလော ဘာတွေ စိတ်ဝင်စားနေလဲ"

"အထွေထွေဗဟုသုတတွေ စိတ်ဝင်စားနေတယ်"

"ဒါဆို ငါ တစ်ခု မေးကြည့်မယ်"

"မေးလေ ရပါတယ်"

"ကလေးတစ်ယောက် ဉာဏ်ရည်ကောင်းဖို့ ဘာတွေလုပ်ရသလဲ"

မေးခံရသောကျောင်းသားမှာ တစ်ချက် တွေဝေသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"ငါသိတာတစ်ခုတော့ ရှိတယ်"

"အင်း"

"မိဘတွေဟာ ကလေးတွေကို ကိုယ်ဝန်ဆောင်ကတည်းက ဉာဏ်ရည်ဖွံ့ဖြိုးအောင် လုပ်လို့ရတယ်"

"ဟင် ဟုတ်လို့လား"

"ဟုတ်တယ်"

"ဒါဆို ဘယ်လိုလုပ်ရမလဲ"

"လူတိုင်း သိပြီးသားလေကွာ၊ မိခင်ဖြစ်သူဟာ ကိုယ်ဝန်ဆောင်နေစဉ်အတွင်းမှာ အာဟာရဖြစ်စေမဲ့ အစားအစာကိုစားရတယ်၊ မွေးပြီးတဲ့နောက် နှစ်ခါလည်မတိုင်မီအတွင်းမှာလည်း ကလေးကို လုံလောက်မျှတတဲ့ အာဟာရဖြစ်စေမယ့် အစားအစာကို ကျွေးရတယ်၊ ပြီးတော့ ကလေးငယ်ကို မကြာခဏမဖျားအောင်လည်း ထားရမယ်၊ အဲ့ဒီပထမနှစ်နှစ် အတောအတွင်း အသားဓာတ်၊ အဆီဓာတ်၊ ကဆီဓာတ် စတဲ့ လိုအပ်တဲ့ အာဟာရတွေ မလုံလောက်ရင် ကလေးရဲ့ဦးနှောက်က ချို့ယွင်းသွားပြီး အထက်တန်းပညာ သင်နိုင်တဲ့မှတ်ဉာဏ် လျော့နည်းသွားနိုင်တယ်လို့ လေ့လာတွေ့ရှိရတယ်တဲ့၊ တချို့ဆို အာဟာရချို့တဲ့လွန်းလို့ ခေါင်းထဲမှာ ဦးနှောက်တစ်ဝက်ပဲ ရှိပြီး ကျန်တစ်ဝက်က ရေတွေချည်းပဲတောင် ဖြစ်နေသတဲ့"



"ဒါဆိုရင် ကလေးကို မမွေးခင်ကတည်းက အာဟာရ လုံလုံလောက်လောက် ကျွေးပြီး မွေးလာတော့လည်း ကြီးပြင်းသည်အထိ လုံလုံလောက်လောက်ကျွေးဖို့ လိုအပ်တယ်လို့ ဆိုလိုတာပေါ့"

"အင်း"

"မင်းပြောပုံအရဆိုရင် ဝယ်မကျွေးနိုင်တဲ့ မိဘတွေရဲ့ သားသမီးတွေက အားလုံး ဉာဏ်ထိုင်းတဲ့လူတွေ ဖြစ်နေမှာပေါ့"

"ဒါက ဒီလိုရှိတယ်ကွ၊ တကယ်တော့ မဝယ်ကျွေးနိုင်တာထက် အာဟာရဗဟုသုတ ချို့တဲ့နေတာကို တွေ့ရတယ်"

"ဆိုစမ်းပါဦး"

"ငါတို့စားနေတဲ့ ထမင်းကွာ"

"အင်း"

"တချို့က ထမင်းရည်သွန်ပြီး ချက်စားတယ်၊ တကယ်တော့ ထမင်းရေထဲမှာ အာဟာရများစွာပါနေတာကို မသိကြဘူး၊ ရေခမ်းချက်ပြီးစားရင် ပိုအာဟာရဖြစ်တာပေါ့။ ပြီးတော့. . . ပဲ။ ပဲမှာ အသားဓာတ် အများအပြား ပါတယ်လေ။ ဒီတော့ သာမန်စားသောက်မှုတွေကို စနစ်တကျ စားသုံးတတ်ရင် အာဟာရ ဖြစ်ပါတယ်ကွ"

ဖြေတဲ့ ကျောင်းသားက သူ့စကားကို အဆုံးသတ်လိုက်သည်။

နံပါတ် (၁)တက္ကသိုလ်ကျောင်းသားများက အခြား တက္ကသိုလ်ကျောင်းသားများရှိရာဝိုင်းသို့ တစ်ချက် ငေ့ကြည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



တချို့က သူတို့ဝိုင်းကိုကြည့်နေပြီး တချို့ကတော့ မသိမသာ လှမ်းကြည့်နေတာကို တွေ့ရသည်။ အခြား တက္ကသိုလ် ကျောင်းသားများကလည်း နံပါတ် (၁) တက္ကသိုလ် ကျောင်းသားများ၏ အကြည့်ကို နားလည်လိုက်ကြသည်။

သူတို့မေးခွန်းတစ်ခု မေးကြတော့မည်။

ဤဆိုင်သည် တက္ကသိုလ်ပေါင်းစုံမှ ကျောင်းသား၊ ကျောင်းသူများ လာထိုင်တတ်ကြသောကြောင့် အားလုံးမှာ ဉာဏ်ရည်ဉာဏ်သွေး မနိမ့်သောသူများ ဖြစ်ကြသည်။

သို့သော် ကျောင်း၏ အရှိန်အဝါနှင့် ကျောင်းသား၊ ကျောင်းသူများ၏ ကြိုးစားအားထုတ်မှုကိုလိုက်၍ အသိဉာဏ် ကွာခြားကြသည်။

ယခုလည်း ဤဆိုင်လေး၏ ထုံးစံအတိုင်း နံပါတ် (၁) တက္ကသိုလ်မှ သူတို့ပြောချင်သည့်အကြောင်းများကို ပြောပြီးနောက် အခြားဝိုင်းများသို့ကြည့်ကာ မေးခွန်းမေးလိုသည်ဆိုသည့် အကြည့်ဖြစ်သည်။

မေးတဲ့လူရှိပြီး ဖြေတဲ့လူက မဖြေနိုင်လျှင် သိက္ခာကျသည်။ ထို့ပြင် မေးတဲ့လူကမေးပြီး ဖြေတဲ့လူက ဖြေနိုင်လျှင် မေးတဲ့လူမှာပို၍ သိက္ခာကျတတ်သည်။

ထို့ကြောင့် မေးခွန်း သိပ်မမေးကြချေ။

အခု နံပါတ် (၁)တက္ကသိုလ်မှ ကျောင်းသားတစ်စုက အား



လုံးကို ကြည့်နေလေပြီ။

ဆံပင်ထောင်ထောင်နှင့် ကျောင်းသားက-

"ဒီနေ့ ကျွန်တော်က နံပါတ် (၁)တက္ကသိုလ်ရဲ့ ကိုယ်စားအားလုံးကို မေးခွန်းတစ်ခု မေးချင်ပါတယ်"

အခြားတက္ကသိုလ်များမှ ပြန်ဖြေသံများ မကြားရချေ။

ဆံပင်ထောင်ထောင်နှင့် ကျောင်းသားက ဆက်ပြောသည်။

"မေးခွန်းလေးက လွယ်ပါတယ်၊ ဖြေနိုင်တဲ့တက္ကသိုလ်ကျောင်းက မည်သူမဆို ဖြေနိုင်ပါတယ်"

အားလုံး တိတ်ဆိတ်နေသည်။

အခြေအနေက ရှောင်ပြေးလို့မရတဲ့အခြေအနေ ဖြစ်နေသည်။ သူက ဆက်ပြော၏။

"လွန်ခဲ့တဲ့ နှစ်အနည်းငယ်လောက်တုန်းက ၁၄ နှစ် ၁၅ နှစ်အရွယ် အမျိုးသမီးလေးတစ်ဦးမှာ ရောဂါဆန်းတစ်ခု ဖြစ်ပေါ်ခဲ့ဖူးပါတယ်။ သူ့ရောဂါက တစ်မိနစ်တစ်ခါလောက် ဟပ်ချီးချေတဲ့ရောဂါပါ။ အိပ်ချိန်လောက်သာ အချေရပ်ပြီး နိုးတာနဲ့ မိနစ်တိုင်းမိနစ်တိုင်း ဟပ်ချီးချေနေတော့ မိန်းကလေးဟာ ကြာတော့ တစ်ကိုယ်လုံး နာကျင်နေပြီး စိတ်မချမ်းမသာ ဖြစ်နေခဲ့ရပါတယ်။ ဘယ်ဆရာဝန်မှလည်း ကုလို့မရပါဘူး၊ အဲဒါ သူ့ကို ဘယ်လိုကုရင်ကောင်းမလဲဆိုတာ သိတဲ့လူရှိပါသလား"

ပြန်ဖြေသံ မကြားရချေ။

www.burmeseclassic.com

www.burmeseclassic.com



ဟိုလူဖြေနိုးနိုး၊ ဒီလူဖြေနိုးနိုးနဲ့ တစ်ယောက်ကိုတစ်ယောက် ကြည့်နေကြသည်။

နံပါတ် (၁)တက္ကသိုလ်ကျောင်းသားများကတော့ အားလုံးကို မထေမဲ့မြင် ကြည့်နေသည်။

ဖြေနိုင်မှာ မဟုတ်ပါဘူးဟုလည်း တစ်ယောက်က ရေရွတ်သည်။ ထိုစဉ်-

"တိရစ္ဆာန်တွေရဲ့ အကျင့်တွေကို ပြုပြင်ပေးတဲ့ နည်းလမ်းနဲ့ စမ်းကြည့်လေ"

အားလုံးမှာ အသံလာရာဆီသို့ ကြည့်လိုက်ကြသည်။

ကျောင်းသားတစ်ယောက်က အိပ်ချင်မူးတူးအသံဖြင့် နံပါတ် (၁)တက္ကသိုလ်ကျောင်းသားများကိုကြည့်ကာ ပြောလိုက်သောကြောင့် ဖြစ်သည်။

"ဘယ်လိုနည်းလဲ"

ဆံပင်ထောင်ထောင်နဲ့ ကျောင်းသားကပဲ ဘုဆတ်ဆတ် ပြန်မေးသည်။

"ဒီလိုဗျ၊ မိန်းမငယ်ရဲ့ ခန္ဓာကိုယ်ကို ဝိုင်ယာကြိုးတွေ တပ်ဆင်ထားပြီး မိန်းမငယ် ဟပ်ချီးချေလိုက်တာနဲ့ တစ်ကိုယ်လုံးကို လျှပ်စစ်ဓာတ်လိုက်သွားစေနိုင်တဲ့ အစီအမံတွေ ပြုလုပ်ထားရပါမယ်။ ဒီလိုဆိုရင် မိန်းကလေးဟာ ဟပ်ချီးချေလိုက်တာနဲ့ တစ်ကိုယ်လုံးကို ဓာတ်လိုက်ပြီး ထုံကျင်တဲ့ဝေဒနာ ခံစားရပါမယ်။ ဒီတော့ ချေရင်



အရသာ၊ ချေရင် ဝေဒနာအဖြစ် ခန္ဓာကိုယ်ကို ခံစားစေတဲ့အခါ မကြာခင်ပဲ ခန္ဓာကိုယ်အတွင်းမှာ ဓာတ်ပြောင်းလဲမှုဖြစ်ပြီး မိနစ်မလပ် ချေနေမှုက လုံးဝပျောက်ကင်းသွားမှာပါ"

အားလုံးမှာ ထိုကျောင်းသားကို ဝိုင်းကြည့်နေကြသည်။

ပြီးနောက် နံပါတ် (၁)တက္ကသိုလ်၏ ကျောင်းသားများကိုလည်း ကြည့်လိုက်ကြ၏။

သူတို့၏ မကျေမနပ်ဖြစ်နေသည့်ပုံစံကို ကြည့်ခြင်းအားဖြင့် ထိုကျောင်းသား အဖြေမှန်သည်ကို သိလိုက်ရသည်။

"မှန်လား"

အခြားတက္ကသိုလ်ကျောင်းသားများက ဝိုင်းမေးကြသည်။

နောက်ဆုံးတွင် နံပါတ် (၁)တက္ကသိုလ်မှ ကျောင်းသားသည် မဖြေချင် ဖြေချင်နှင့် ဖြေလိုက်ရသည်။

"မှန်ပါတယ်"

"ဟေး. . ."

အခြားကျောင်းသားများက ဝမ်းသားအားရ ဝိုင်းအော်ကြလေသည်။ နံပါတ် (၁)တက္ကသိုလ်မှ ကျောင်းသားများကိုလည်း ဘယ်ကတည်းက အမြင်ကတ်နေသည်မသိ။ ဝိုင်းလှောင်ကြလေသည်။

နံပါတ် (၁)တက္ကသိုလ်မှ ကျောင်းသားများသည် လွန်စွာရှက်သွားကြပြီး သူတို့မေးခွန်းကိုဖြေသော ကျောင်းသားအား ရှုံးမိုက်

www.burmeseclassic.com

www.burmeseclassic.com



ကြည့်လိုက်ကြသည်။

"နောက်မေးခွန်းတစ်ခု ထပ်မေးမယ်"

ထပ်မံစိန်ခေါ်လိုက်ပြန်၏။

ဖြေသောကျောင်းသားမှာ ခေါင်းညိတ်ပြသည်။

ဆိုင်ရှိအားလုံးမှာ စိတ်ဝင်စားလာကြပြီး မေးခွန်းမေးခံရသော ကျောင်းသားကိုပဲ တစ်ခဲနက် အားပေးကြလေသည်။

နံပါတ် (၁)တက္ကသိုလ်ရှုံးပါကလည်း ဝိုင်းလှောင်ရန်အတွက် အသင့်ပြင်ထားကြသည်။

"ဒီမေးခွန်းကို တစ်စက္ကန့်အတွင်း ဘယ်ပစ္စည်းအကူမှ မပါပဲ ဖြေရမယ်"

"ကောင်းပါပြီ"

ဖြေတဲ့ကျောင်းသားက ယဉ်ယဉ်ကျေးကျေးပြန်ပြောသည်။

"ကဲ. . . စမယ်၊ ၁၂ နဲ့ ၇၁၅၆၂၄ နဲ့ မြှောက်ရင် ဘယ်လောက်ရမလဲ"

မေးလည်းမေး နာရီကိုလည်းကြည့်ကာ မှတ်လိုက်လေသည်။

"ဟင်"

ကြည့်နေသောသူများမှာ စိုးရိမ်သွားလေသည်။ ဂဏန်း အရှည်ကြီးတစ်ခုကို တစ်စက္ကန့်အတွင်း မြှောက်ဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်။

နံပါတ် (၁)တက္ကသိုလ်က ညစ်တာမဲဟု အားလုံးတွေးမိလိုက်



ကြသည်။ သို့သော် အမေးခံရသော ကျောင်းသားပုံစံက အေးအေးဆေးဆေးပဲ ဖြစ်နေသည်။

ခဏ စဉ်းစားနေပုံရသည်။ သိပ်မကြာပါဘူး။

တစ်စက္ကန့်မပြည့်ခင်တွင် ဘာမှ ချမတွက်ဘဲ ချက်ချင်းဆိုသလို အဖြေကို ရွတ်ပြလိုက်လေသည်။

"၈၅၈၇၄၈၈"

"ဟာ"

"ဘယ်လိုတွက်တာလဲ"

"စိတ်နဲ့တွက်တာ မြန်လှချည်လား"

တအံ့တသြဖြစ်သွားကြသည်။

နံပါတ် (၁)တက္ကသိုလ်က ကျောင်းသားများပင် အဖြေမှန်ဘုတ်၊မဟုတ် ပြန်တွက်နေကြသည်။

သူတို့လည်း ပါးစပ်ထဲရှိရာ ဂဏန်းများကို မေးလိုက်ပုံရသည်။

အခြားတက္ကသိုလ်ကျောင်းသားများကလည်း ပြန်ချတွက်နေကြသည်။ အဖြေမှာ မှန်နေ၏။

"အဖြေမှန်တယ်ဟေ့"

အခြားတက္ကသိုလ်မှ ကျောင်းသားတစ်ယောက်က ထအော်သည်။

နံပါတ် (၁)တက္ကသိုလ် ကျောင်းသားများမှာ ရှက်သွားပြီး ရှက်ရမ်းလည်း ရမ်းလာကြသည်။

www.burmeseclassic.com

www.burmeseclassic.com



"၄၄၁၃၆၂ ကို ၁၂ နဲ့မြှောက်ရင်ရောကွာ"

ကျောင်းသားမှာ စက္ကန့်အနည်းငယ် စဉ်းစားလိုက်ပြီး ချက်ချင်းပြန်ဖြေပြန်သည်။

"၅၂၉၆၃၄၄"

"ဟာ"

အဖြေ မှန်၊ မမှန် တွက်ကြည့်ကြပြန်သည်။

မှန်နေတာကို တွေ့ရသည်။

"အဲ့ဒီ ၄၄၁၃၆၂ ကိုပဲ ၁၃ နဲ့မြှောက်ရင်ရောကွာ"

"၅၇၃၇၇၀၆"

တွက်ကြည့်တာ မှန်နေပြန်၏။

နောက်ဆုံးတွင် နံပါတ် (၁)တက္ကသိုလ် ကျောင်းသားများသည် ကြာကြာနေပါက ပို၍ ရှုံးနိမ့်နိုင်သည်ဟု တွေးမိကြပြီး အားလုံး ထရပ်လိုက်ကြသည်။ ပြီးနောက် မေးခွန်းဖြေသော ကျောင်းသားကို ကြည့်လိုက်ပြီး-

"မင်း ဘယ်တက္ကသိုလ်ကလဲ"

ဟု မေးလိုက်သည်။

ကျောင်းသားကလည်း အေးအေးဆေးဆေး ပြန်ဖြေသည်။

"နံပါတ် (၆)တက္ကသိုလ်ကပါ"

□

(၆)

"အဲ့ဒီကျောင်းသားက ကျုပ်တို့တက္ကသိုလ်ကရော ဟုတ်ရဲ့သား"

ပါမောက္ခချုပ်က မသင်္ကာသလို မေးလိုက်သည်။

"သူကတော့ ကျွန်တော်တို့တက္ကသိုလ်ကလို့ ပြောသွားတယ်ဆို"

"ကျုပ်တို့တက္ကသိုလ်မှာ အဲ့ဒီလောက်တော်တဲ့ကျောင်းသားရော ရှိရဲ့လား"

"အဲ့ဒါတော့ မပြောတတ်ပါဘူး"

ပါမောက္ခချုပ်အပါအဝင် ပါမောက္ခများအားလုံးမှာ ပြန်လည်တိတ်ဆိတ်သွားကြသည်။

အတွေးကိုယ်စီနဲ့လည်း ရှိနေကြသည်။

"ဒီအခြေအနေမှန်ခဲ့မယ်ဆိုရင် အဲ့ဒီနေ့က နံပါတ် (၁)

www.burmeseclassic.com



တက္ကသိုလ်ကျောင်းသားတွေဟာ သူတို့ရဲ့ပါမောက္ခကို ပြန်ပြောပုံရတယ်၊ ပါမောက္ခကတစ်ဆင့် သူတို့ရဲ့ပါမောက္ခချုပ်ကို တင်ပြခဲ့ပုံရတယ်၊ ဒီတော့ သူတို့ကျောင်းရဲ့ဂုဏ်သိက္ခာအတွက် စာပို့ပြီး စိန်ခေါ်တာ ဖြစ်နိုင်တယ်"

"အခုလောက်ဆိုရင် အခြားကျောင်းတွေလည်း သိနေလောက်ပြီ"

ရူပဗေဒပါမောက္ခက ဝင်ပြောသည်။

"ကျွန်တော်တို့က စိန်ခေါ်မှုကို လက်မခံရင်ရော"

"ကျောင်းနာမည်ပျက်နိုင်တယ်၊ နဂိုကတည်းကမှ ကျုပ်တို့ကျောင်းက အဆင့်နိမ့်ကျောင်းဆိုတော့ နာမည်ပျက်ရင် ပိုဆိုးနိုင်တာပေါ့"

"လက်ခံလိုက်မယ် ဆိုရင်ရော"

"လက်ခံလိုက်ရင် တက္ကသိုလ်များ အုပ်ချုပ်ရေးအဖွဲ့က ဦးစီးပြီး သူတို့ကျောင်းနဲ့ ကျုပ်တို့ကျောင်းဟာ ပြဿနာတစ်ရပ်သို့မဟုတ် တီထွင်ဆန်းသစ်မှု စာတမ်းတစ်ခုကို ပြိုင်ရတော့မှာပေါ့၊ အဲဒီလိုပြိုင်ရင် သူတို့ကျောင်းက လူတော်တွေအများကြီးပဲ၊ ကျုပ်တို့ကျောင်းကသာ ပြိုင်မယ့်ကျောင်းသားကို တော်တော် ရွေးရဦးမှာ"

"ခုနက အနိုင်ယူခဲ့တဲ့ကျောင်းသားဆိုရင်တော့ အဆင်ပြေမယ်ထင်တယ်"



"သူက ဒီကျောင်းက ဟုတ်၊မဟုတ် မသိသေးဘူး၊ ဟုတ်ခဲ့ရင်တောင်မှ သူဘယ်သူလဲဆိုတာ မသိဘူးဖြစ်နေတယ်"

"ကျောင်းမှာကြေညာပြီးရှာရင် ရမယ်ထင်တယ်"

"သူ ဟုတ်၊မဟုတ် ဘယ်လိုလုပ်သိမလဲ"

"စစ်ကြည့်ရင်တော့ သိနိုင်မယ်ထင်တယ်"

ပါမောက္ခချုပ်က အစည်းအဝေးရှိ ပါမောက္ခများကို တစ်ချက်ကြည့်ကာ-

"ကျုပ်တို့ တစ်ပတ်အချိန်ရပါသေးတယ်၊ ဒီတော့ တစ်ပတ်အတွင်း အဲ့ဒီကျောင်းသားဘယ်သူလဲဆိုတာ ရှာရမယ်၊ ပြီးရင် . . . နံပါတ် (၁)တက္ကသိုလ်ရဲ့ စိန်ခေါ်မှုကို လက်ခံလိုက်ရုံပဲ ရှိတော့တာပေါ့"

အားလုံး သက်ပြင်းချမိကြသည်။

မလွယ်တော့ မလွယ်ဘူးဟုလည်း သိနေကြ၏။

□

www.burmeseclassic.com

www.burmeseclassic.com

နောက်တစ်နေ့တွင် ကျောင်းရှိ နံရံကပ်အားလုံးတွင် စာများ ကပ်ထားသည်ကို တွေ့ကြရလေသည်။ နံပါတ် (၁)တက္ကသိုလ်၏ စိန်ခေါ်မှုအကြောင်းနှင့် လျှို့ဝှက်သောကျောင်းသားလေး တစ်ယောက်အကြောင်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

နံပါတ် (၆)တက္ကသိုလ်

ကြေညာချက် ( /....)

ရက်စွဲ ၊ ---------------

အကြောင်းအရာ။ ။ <u>သက်ဆိုင်ရာကျောင်းသား အမြန်ဆုံး ဆက်သွယ်ပါရန်။</u>

၁၀-၂-.... တွင် တက္ကသိုလ်ကျောင်းပေါင်းစုံ ထိုင်လေ့ရှိသည့်ဆိုင်တွင် နံပါတ် (၁)တက္ကသိုလ်မှ ကျောင်းသားများနှင့် ယှဉ်ပြိုင်ခဲ့သော ကျောင်းသားသည် သက်ဆိုင်ရာ ပါမောက္ခရုံးခန်းသို့ အမြန်ဆုံး လာရောက်ဆက်သွယ်ပါရန်။

ထိုကျောင်းသားအား သိရှိသောသူများကလည်း သက်ဆိုင်ရာ ပါမောက္ခရုံးခန်းသို့ အမြန်ဆုံး အကြောင်းကြားပါရန်။

ပါမောက္ခချုပ်

နံပါတ် (၆)တက္ကသိုလ်

www.burmeseclassic.com

www.burmeseclassic.com

နံပါတ် (၆)တက္ကသိုလ်

ကြေညာချက် ( /. . . .)

ရက်စွဲ ၊ ---------------

အကြောင်းအရာ။ ။ <u>နံပါတ် (၁)တက္ကသိုလ်နှင့် ပတ်သက်၍ ကြေညာခြင်း။</u>

၁၅-၂-. . . . တွင် နံပါတ် (၁)တက္ကသိုလ်သည် ဗျွန်ုပ်တို့၏ နံပါတ် (၆)တက္ကသိုလ်သို့ စာတစ်စောင် ပေးပို့ပြီး ယှဉ်ပြိုင်ရန် စိန်ခေါ်ခဲ့ပါသည်။

သို့ဖြစ်ပါ၍ ရောက်ရှိလာသောစာအား ယှဉ်ပြိုင်ခြင်း ပြု/မပြုဆိုသည့်ကိစ္စအား ဆုံးဖြတ်ရန်အတွက် ခုနစ်ရက်အချိန် ရပါသည်။

ထိုအတောအတွင်း နံပါတ် (၁)တက္ကသိုလ်နှင့် ယှဉ်ပြိုင်လိုသောကျောင်းသား၊ ကျောင်းသူများသည် မိမိတို့၏ သက်ဆိုင်ရာပါမောက္ခရုံးသို့ ဆက်သွယ်နိုင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



စာရင်းပေးသောသူများအား ရွေးချယ်စိစစ်မည် ဖြစ်ပါသည်။

ပါမောက္ခချုပ်
နံပါတ် (၆)တက္ကသိုလ်

(၇)

"ဟဲ့ နင်ပြိုင်ပါလား"

ကြော်ငြာသင်ပုန်းကိုကြည့်နေသော ကျောင်းသား တစ်ယောက်အား အနီးရှိ သူငယ်ချင်းကောင်မလေးက လှမ်းမေးသည်။

"အမလေး. . . မလုပ်ပါနဲ့ လူလည်ခေါင်မှာ အရှက်ကွဲချင်လို့လား"

"နင်ကလည်း ကြောက်နေပြန်ပြီ။ နင်က တော်ပါတယ်ဟ" ကောင်မလေးကလည်း မြှောက်ပေးသည်။

"တကယ်"

"အေးပေါ့ဟ၊ နင်တော်လို့ တော်တယ်ပြောတာပဲ"

ကောင်လေးမှာ မြှောက်သွားပုံရပြီး ရင်ကိုကော့ကာ-

"ငါ ပါမောက္ခရုံးခန်း သွားလိုက်ဦးမယ်"

ဟုဆိုပြီး ထွက်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူထွက်သွားတာကိုကြည့်ပြီး ကောင်မလေးနှင့် အခြားလူများမှာ ရယ်မောပြီး ကျန်ရစ်ခဲ့ကြလေသည်။

ပြောမယ့်သာ ပြောရသည်။ သူတို့လည်း နံပါတ် (၁) တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများနှင့် မယှဉ်ပြိုင်ချင်ကြပေ။

သူတို့ထက်ပိုတော်သည်ဟု အားလုံးက ခံယူထားသောကြောင့်ဖြစ်သည်။

"ဟဲ့ ဟိုမှာ ဘယ်သူတုံး"

အားလုံးမှာ ကောင်မလေးညွှန်ပြရာဆီသို့ ကြည့်မိကြသည်။

"ငါတို့ရဲ့ကင်း ဟန်လင်းလွင်ပါလား"

"ပါမောက္ခရုံးခန်းထဲ ဝင်သွားပြီဟ၊ ဘာလုပ်တာလဲ မသိဘူး"

"သူလည်း ပြိုင်မလို့နဲ့ တူတယ်"

"ဒါမှမဟုတ် . . . ဆိုင်မှာ နံပါတ် (၁)တက္ကသိုလ် ကျောင်းသား၊ ကျောင်းသူတွေနဲ့ ပြိုင်ခဲ့တာ သူလား မသိဘူး"

"အေး သူကတော့ သချာတော်တယ်၊ ဒါပေမယ့် အဲဒီလောက်တော်လားတော့ ငါလည်း မသိဘူး"

ဟုဆိုပြီး ဟိုပြောဒီပြောနှင့် လူစုခွဲလိုက်ကြလေသည်။

❑

အခြားတက္ကသိုလ်များကလည်း နံပါတ် (၁)တက္ကသိုလ်နှင့် နံပါတ် (၆)တက္ကသိုလ်တို့၏ ပြိုင်ဆိုင်မှုသတင်းကို စိတ်ဝင်စားနေကြသည်။ လူတိုင်းလူတိုင်းလည်း ထိုအကြောင်းကိုပဲ ပြောဆိုနေကြတော့၏။

သို့သော် ကံဆိုးသည်က နံပါတ် (၆)တက္ကသိုလ်သည် ထိုနေ့က ယှဉ်ပြိုင်ခဲ့သော သူတို့ကျောင်းကဆိုသည့် ကျောင်းသားကို ရှာလို့မတွေ့သေးခြင်းပင် ဖြစ်သည်။ ထို့ပြင် နံပါတ် (၆)တက္ကသိုလ်တွင်လည်း ထိုကျောင်းသားကို တွေ့ဖူးတဲ့သူ မည်သူတစ်ဦး တစ်ယောက်မှ မရှိချေ။

www.burmeseclassic.com

www.burmeseclassic.com

(၈)

အကျီမသပ်မရပ်၊ ဘောင်းလွယ်အိတ် ခပ်နွမ်းနွမ်းဝတ်ထားသော ကျောင်းသားတစ်ယောက်သည် လူအားလုံးရှင်းသည့်အချိန်၌ ကြော်ငြာသင်ပုန်းရှိ စာများကို ဖတ်နေလေ၏။

သူဖတ်နေစဉ်မှာပဲ ကောင်မလေးနှစ်ယောက် ထပ်ရောက်လာသည်။ ကြော်ငြာသင်ပုန်းရှိ စာများကို ဖတ်နေပြန်၏။

"အဲဒီကျောင်းသားကိုက ရှည်တာပါ။ တော်သိနေရင်လည်း သူ့ဘာသာသူနေပါလား၊ အခုတော့ ငါတို့တက္ကသိုလ်က ဒုက္ခရောက်ပြီ"

"ဟုတ်တော့ ဟုတ်ပါတယ်၊ ဒါပေမယ့် နံပါတ် (၁)တက္ကသိုလ်က ကျောင်းသား၊ကျောင်းသူတွေက အမြင်ကတ်ဖို့ကောင်းတယ်ဆိုတာ နင်လည်း အသိပဲမဟုတ်လား၊ ဘာပဲပြောပြော ငါတို့ကျောင်းမှာ အဲ့ဒီလိုကျောင်းသားရှိတာ တော်သေးတာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"သူက သင်္ချာအဖြေတွေကိုလည်း အချိန်သိပ်မကြာပဲနဲ့ ပြော နိုင်တယ်ဆို"

"အေး အဲဒီလိုပြောကြတာပဲ"

"ဒါဆို သူက Calculator ကို ဝှက်ပြီး ဆောင်ထားလား မသိ ဘူး"

"ဟယ်. . . မဖြစ်နိုင်ပါဘူး"

စာများကိုဖတ်လိုက်၊ အပြန်အလှန်ဝေဖန်လိုက်လုပ်နေရင်း ဘေးနားကကျောင်းသားကို သတိပြုမိပဲ ရသွားသောကြောင့် အသံ နည်းနည်း တိုးသွားကြသည်။

ထိုကျောင်းသား၏ မသဲမရပ်ပုံစံကြောင့် နှာခေါင်းရှုံ့လိုက် ပြန်၏။ ပြီးမှ စာကို ဆက်ဖတ်ကာ သူတို့ရဲ့ ဝေဖန်ရေးဆီကို ပြန် လည်ဦးတည်လိုက်ကြသည်။

"စဉ်းစားကြည့်စမ်းပါဦး၊ နံပါတ် (၁)တက္ကသိုလ်ကို ငါတို့က ပြိုင်ရတော့မယ်ဆိုရင် အတော်ဆုံးတွေက ဘယ်သူတွေရှိလဲ"

အမေးခံရသော ကောင်မလေးမှာ စဉ်းစဉ်းစားစား ဖြစ်သွားပြီး-

"အများကြီးတော့ သိပ်မရှိပါဘူး၊ ငါတို့ကျောင်းက အမှတ် အများဆုံး ကျောင်းသား၊ ကျောင်းသူတွေပဲ ဖြစ်မှာပေါ့"

"နင်က ငါတို့ကျောင်းရဲ့ အမှတ်အများဆုံးသူတွေကို သိလို့လား"

"အမယ်လေး. . . သိတာပေါ့၊ ကျောင်းမှာ ပါချုပ်ကလွဲရင် ငါ အသိဆုံးပဲ"



"အေးပါ၊ သူတို့က ဘယ်သူတွေလဲ"

"အခုတလော ကျောင်းမှာ ပြိုင်ပွဲအတွက် တစ်ပြေးနေတဲ့ သူတွေလေ"

"နေမကောင်းလို့ ကျောင်းသုံးရက်လောက် ပျက်လိုက်တာ ဘာမှမသိဘူးဖြစ်နေတယ်"

"အေး အေး ဒါဆိုလည်း ပြောပြမယ်၊ တစ်ယောက်က သင်္ချာ ဘင်း ဟန်လင်းလွင်လေ၊ သူကတော့ လျှို့ဝှက်ကျောင်းသားဆိုပြီး သံသယရှိခံရတဲ့သူလည်း ဖြစ်တယ်"

"နောက်တစ်ယောက်ကရော"

"နောက်တစ်ယောက်က ဘယ်သူဖြစ်မယ်ထင်လို့လဲ ညိုဝါဖြူ ပဲ ရှိတော့တာပေါ့"

"ဪ. . . အေး ဟုတ်သားပဲ"

"ကျန်တဲ့လူတွလည်း ရှိပါသေးတယ်၊ ငါလမ်းမှာ ရှင်းပြမယ်"

ဟုဆိုပြီး ကြော်ငြာသင်ပုန်းရှေ့မှ ထွက်သွားလေသည်။

ဘေးနားကကျောင်းသားကို လှည့်တောင် မကြည့်ချေ။ ထို ကျောင်းသားကလည်း ခဏအကြာတွင် ဟိုငေးဒီငေးလုပ်နေတုန်း-

"ဟာ. . . သာဂေါင် အတန်းမသွားသေးဘူးလား"

ဟုဆိုပြီး ကျောင်းသားတစ်ယောက် ရောက်လာကာ ဆွဲခေါ် သွားလေတော့သည်။

□

www.burmeseclassic.com

www.burmeseclassic.com

နံပါတ် (၁)တက္ကသိုလ်

**No (1) University**

www.burmeseclassic.com

www.burmeseclassic.com

## (၉)

နံပါတ် (၁) တက္ကသိုလ်တစ်ခုရှိ ကျောင်းသားတစ်ဦးသည် စာသင်ခန်းမှ ထွက်ကာ စာကြည့်တိုက်သို့ ခပ်သွက်သွက် လျှောက်လာခဲ့သည်။

ဆရာမရှာဖတ်ခိုင်းထားသည့် စာအုပ်များ မရှာရသေးသောကြောင့် စာကြည့်တိုက်သို့ အလောတကြီး ထွက်လာခဲ့ခြင်း ဖြစ်သည်။

လက်ထဲက Note Book ကို ဖွင့်ကြည့်ကာ ရှာရမည့် စာအုပ်စာရင်းကို တစ်ချက် ပြန်စစ်ကြည့်သည်။

ထမင်းစားချိန်ဖြစ်နေသောကြောင့် စာကြည့်တိုက်ထဲတွင် လူရှင်းနေလေသည်။ တစ်ဦးတည်းရှိသော စာကြည့်တိုက်မှူးကသည်း စာအုပ်တစ်အုပ်နှင့် ငြိမ်နေလေ၏။ စာကြည့်တိုက်မှာ နှစ်ပိုင်းခွဲထားသောကြောင့် ပထမအပိုင်းရှိ စာအုပ်များကို စရှာကြည့်သည်။ အပေါ်ဆုံးအတန်း၌ လိုချင်သော စာအုပ်ကို တွေ့သော

www.burmeseclassic.com



ကြောင့် လှမ်းယူလိုက်သည်။ စာအုပ်စာရင်းကို ပြန်ကြည့်ရသည်။ နောက်ဆုံးတစ်အုပ်ကို ရှာလို့ မတွေ့သေးသောကြောင့် ဒုတိယအပိုင်းဖြစ်သည့် အခြားဘက်အခန်းတွင် ရှာရမည်ဟု စဉ်းစားလိုက်သည်။ ရှာပြီးသား စာအုပ်များကို စာကြည့်တိုက်မှူး ကောင်တာတွင် တင်လိုက်ပြီး-

"ဆရာ၊ ဒီစာအုပ် ဘယ်မှာရှိလဲ မသိဘူး"

စာကြည့်တိုက်မှူးက စာအုပ်နာမည်ကို တစ်ချက်ကြည့်ပြီး-

"ဟိုဘက်အခန်းမှာ ရှိလိမ့်မယ်"

ဟု ဆိုသည်။

ထို့ကြောင့် ရှာပြီးသားစာအုပ်များကို ခဏထားပြီး စာကြည့်တိုက် တစ်ဖက်ခန်းရှိရာသို့ သွားလိုက်သည်။ တံခါးနား ရောက်သောအခါ တံခါးကို ဆွဲဖွင့်လိုက်၏။

"ဟင်"

စာကြည့်တိုက် ဒုတိယအခန်းထဲတွင် ရေများ ပြည့်လျှံနေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ရေများကိုကြည့်ပြီး ကျောင်းသားမှာ အထိတ်တလန့် ဖြစ်သွားပြီး-

"စာကြည့်တိုက်မှူး စာကြည့်တိုက်မှူး"

ဟု အလန့်တကြား အော်လိုက်လေသည်။

"ဟေ ဘာဖြစ်တာလဲကွ"

"ရေ. . . ရေတွေ၊ အများကြီးပဲ"

"ဘယ်လို"

❑

www.burmeseclassic.com

www.burmeseclassic.com

## (၁၀)

နံပါတ် (၁)တက္ကသိုလ် စာသင်ခန်းတစ်ခန်းထဲမှ ဆရာတစ်ဦးသည် စာသင်ချိန် ပြီးသွားသောကြောင့် စာအုပ်များကို သိမ်းလိုက်လေသည်။

ခေါင်းနည်းနည်းမူးကာ နေမကောင်းချင်သလို ဖြစ်နေသောကြောင့် ကျောင်းဝင်းအတွင်းရှိ ဆရာများအတွက် ပေးထားသောအိမ်ကိုပြန်ကာ အနားယူရန် ဆုံးဖြတ်လိုက်သည်။

ကျောင်းသူအချို့ နှုတ်ဆက်နေတာကို ပြန်နှုတ်မဆက်နိုင်တော့ဘဲ ဆေးသောက်ပြီး အိမ်ပြန်ရန်သာ စိတ်စောနေလေသည်။ အိမ်က ကျောင်းဝင်းထဲမှာဖြစ်သောကြောင့် စာသင်ခန်းနဲ့ သိပ်မဝေးချေ။

လမ်းလျှောက်လျှင် အဆင်ပြေနိုင်သည်ဟု တွေးရင်း ခေါင်းကိုဖိကာ အိမ်သို့ ပြန်လာခဲ့သည်။



အိမ်ရှေ့ရောက်သောအခါ အိတ်ကပ်ထဲကသော့ကို စမ်းလိုက်သည်။

ပြီးနောက် တံခါးကိုဖွင့်လိုက်ရာ-

"ဟာ"

အခန်းထဲတွင် ရေများ ဝင်နေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

(၁၁)

နံပါတ် (၁)တက္ကသိုလ်၏ အားကစားခန်းမတွင် မိမိ ဝါသနာပါရာ အားကစားလုပ်နေသူများဖြင့် စည်ကားနေလေသည်။

လက်ဝှေ့ထိုး၊ ကြက်တောင်ရိုက်၊ တင်းနစ် စသည့်အားကစားနည်းများ၌ ကျောင်းသားများ ပြည့်နေလေသည်။

ပို၍ အစည်ကားဆုံးမှာ ဘိလိယက်ထိုးသည့်ခုံတွင် ကျောင်းသားများ ပိုများနေပြီး အကျိတ်အနယ် ကစားနေကြလေသည်။

ဘေးနားကကြည့်နေသူများကလည်း အထူးစိတ်ဝင်စားနေကြသည်။

"တောက်"

ဘောလုံးလေးက ကျင်းထဲသို့ ဝင်သွားသည်။

"ဟေး. . ."

www.burmeseclassic.com

www.burmeseclassic.com



ထိုးတဲ့ဘက်က အော်ကြသည်။ ရှုံးတဲ့သူများကတော့ ခေါင်းကုတ်ကာ နောက်တစ်ပွဲပြန်စရန် ပြင်နေကြသည်။

ထိုစဉ် ကျောင်းသားတစ်ဦးသည် သူ့ခြေထောက်ကို လာထိသော စိုစိုစွတ်စွတ်အရာများကြောင့် အောက်ကို ငုံ့ကြည့်လိုက်သည်။

"ဟ. . . ရေတွေပါလား၊ ဘယ်က ဝင်လာတာလဲ"

ထိုကျောင်းသားစကားကြောင့် အားလုံးက ဝိုင်းကြည့်ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"အပြင်က ဝင်လာတာလား"

"အာ. . . မိုးမှမရွာတာ"

ရေများမှာ တဖြည်းဖြည်း များလာလေသည်။

အားကစားလုပ်နေသူအားလုံးမှာ ဘိလိယက်ခုံနားသို့ ရောက်လာကြပြီး ရေဝင်ရာလမ်းကို လိုက်ရှာကြလေသည်။

မတွေ့. . . ။

သို့သော် ရေများမှာ တဖြည်းဖြည်းများလာပြီး ခန်းမ တစ်ခုလုံးနီးပါး ဖြစ်လာလေတော့သည်။

□

www.burmeseclassic.com

www.burmeseclassic.com

(၁၂)

ကျောင်းသားတစ်ယောက်သည် အတန်းချိန် နောက်ကျနေ သောကြောင့် မေဂျာသို့ လူပြတ်သော ဖြတ်လမ်းမှသွားရန် ဆုံးဖြတ် လိုက်သည်။

ခတ်သွက်သွက် သွားနေရင်း စာအုပ်အချို့ ပြုတ်ကျသဖြင့် ပြန်ကောက်ရပြန်သည်။ စိတ်လောနေ၏။

ကျူတိုရီရယ်ရော၊ ပရက်တီကယ်ပါ ရှိသောကြောင့် နောက်ကျ လို့ မဖြစ်ချေ. . .။

နာရီကို ကြည့်လိုက်သည်။ (၅)မိနစ် လိုသေး၏။


ခြေလှမ်းကို ဒီထက် ခပ်မြန်မြန် လှမ်းလိုက်သည်။

"ဟာ. . ."

ရှေ့တွင် တွေ့လိုက်ရသော မြင်ကွင်းကြောင့် တအံ့တသြ ဖြစ် သွားသည်။

"ဘာဖြစ်တာလဲဟ"

ကတ္တရာလမ်းပေါ်သို့ ရေများ ပန်းထွက်နေတာကို တွေ့လိုက် ရသောကြောင့် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

**နံပါတ် (၆) တက္ကသိုလ်**

**No (6) University**

www.burmeseclassic.com

www.burmeseclassic.com

## (၁၃)

ကင်တင်းထဲသို့ ဟန်လင်းလွှင် ဝင်လာသောအခါ ကောင်မလေးအချို့က လှမ်းနှုတ်ဆက်ကြသည်။

ဟန်လင်းလွှင်ကလည်း တောင်မလေးများရှိရာထိုင်ခုံတွင် ဝပ်ဖြီးဖြီးနှင့် ဝင်ထိုင်သည်။

"ကိုလွှင် စာရင်းပေးပြီးပြီလား"

"အေးဆေးပေါ့။ ဘယ်အချိန်ပေးပေး ငါ့ကို ဘယ်သူက ကျော်နိုင်မှာလဲ"

"အင်း. . . ဟုတ်ပါတယ်၊ ဒါနဲ့ အခုပွဲအတွက် ဘာတွေပြင်ဆင်နေလဲ"

"ဟာ. . . ထွေထွေထူးထူး ပြင်စရာ မရှိပါဘူး၊ ဘာပဲဖြစ်ဖြစ် ယှဉ်လို့ရနေတာပဲ"

www.burmeseclassic.com

www.burmeseclassic.com



"ကိုလွင်က အဲ့ဒီလောက် ဉာဏ်ကောင်းနေတာ ဘာလို့ နံပါတ် (၁) တက္ကသိုလ်မှာ တက်ခွင့်မရတာလဲ"

ဟန်လင်းလွင်မှာ မျက်နှာတစ်ချက်ပျက်သွားပြီး-

"ရှင်းရှင်းလေးပဲလေ၊ နံပါတ် (၁) တက္ကသိုလ်ကို အမြင်ကတ်လို့ပေါ့"

"အဲဒါတော့ဟုတ်တယ်၊ ကျွန်မတို့လည်း အမြင်ကတ်တယ်"

ဟန်လင်းလွင်က သဘောကျသွားပြီး တဟီးဟီး တဟားဟား ရယ်မောလိုက်လေသည်။

ထိုအချိန်တွင် စာအုပ်ပေါ်၌ ဟိုခြစ်ဒီခြစ် လျှောက်ခြစ်နေသော သာဂေါင်ကို သတိပြုမိလိုက်သည်။

ဟန်လင်းလွင်ကလည်း သာဂေါင်ကို နောက်ချင်နေသောကြောင့် ကောင်မလေးများကို 'ရှူး တိုးတိုး'ဟု ပြောလိုက်ပြီး-

"သာဂေါင် ဘာတွေလုပ်နေတာလဲ"

ဟု အော်ကြီးဟစ်ကျယ်ပြောပြီး သာဂေါင့်ခုံတွင် ဝင်ထိုင်လိုက်လေသည်။

သာဂေါင်မှာ လန့်သွားပြီး စာအုပ်ကို အလျင်အမြန် ပိတ်လိုက်၏။

"သင်ခန်းစာတွေ မပြီးသေးလို့ လုပ်နေတာ"

ဟန်လင်းလွင်မှာ အသံကျယ်ကျယ်ရယ်မောလိုက်ပြီး-



"ဟော့. . . သာဂေါင်က ဂုဏ်ထူးထွက်အောင် ကြိုးစားနေတာတဲ့"

"ဟင်. . . ဟုတ်လား၊ တော်တာပေါ့"

ဟုဆိုပြီး ကောင်မလေးများက ဝိုင်းရယ်ကြသည်။

သာဂေါင်မှာ ရှက်ကိုးရှက်ကန်းဖြစ်သွားပြီး အအေးဖိုး ရှင်းကာ ကင်တင်းထဲမှ အလျင်အမြန် ထွက်သွားလေသည်။

သာဂေါင်ပုံစံကိုကြည့်ပြီး အားလုံးမှာ ရယ်မောရင်း ကျန်ခဲ့ကြသည်။

ခဏကြာသောအခါ ဟန်လင်းလွင်မှာ ရုတ်တရက် အရယ်ရပ်လိုက်လေသည်။ ခေါင်းထဲတွင် သာဂေါင့်စာအုပ်ထဲက အရိပ်အမြွက် တွေ့လိုက်ရသော ဂဏန်းအချို့နှင့် အကြောင်းအရာအချို့ကို ပြန်သတိရသွားသောကြောင့် ဖြစ်သည်။

ရင်ထဲတွင် ထိတ်ခနဲဖြစ်သွားပြီး အဝေးရောက်နေပြီဖြစ်သော သာဂေါင့်ကို တစ်ချက်ကြည့်လိုက်လေသည်။

ထို့နောက် မဖြစ်နိုင်ပါဘူးလေဟု တွေးလိုက်ပြီး ကောင်မလေးများနှင့် ရယ်ရယ်မောမော ပြန်နေလိုက်သည်။

❐

www.burmeseclassic.com

www.burmeseclassic.com

## (၁၄)

အတန်းထဲတွင် ထိုင်နေရသော်လည်း ဟန်လင်းလွင်၏ စိတ်သည် ဂဏ္ဍာမငြိမ် ဖြစ်နေလေသည်။

သာဂေါင့်စာအုပ်ထဲရှိ ဂဏန်းအချို့နှင့် အကြောင်းအရာအချို့ကိုပဲ မျက်လုံးထဲ ပြန်မြင်နေ၏။

အနောက်ဘက်တန်း ရှိရာနေရာသို့ လှမ်းကြည့်လိုက်ရာ သာဂေါင်မှာ စာအုပ်တစ်အုပ် ဖတ်နေလေ၏။

ရှေ့သို့ ပြန်လှည့်လိုက်သည်။

သို့သော် စိတ်တွေက အနောက်ဘက်တန်းရှိ သာဂေါင်၏ စားပွဲပေါ်ကိုသာ ရောက်နေလေသည်။

ဘေးနားကသူငယ်ချင်းများကိုလည်း တစ်ချက်ကြည့်ရသေးသည်။ သူတို့ကတော့ သူဘာဖြစ်နေလဲဆိုတာကို ရိပ်မိတဲ့ပုံ မပေါ်ချေ။ ခဏအကြာတွင် သာဂေါင်ထိုင်နေသည့်ခုံကို ကြည့်မိပြန်

www.burmeseclassic.com

www.burmeseclassic.com



သည်။ ထိုအခါ သာဂေါင်မှာ ဖတ်လက်စစာအုပ်ကို ချထားလိုက်ပြီး အခန်းအပြင်ကို ထွက်သွားလေသည်။

အရေးတကြီးထွက်သွားခြင်းကြောင့် အိမ်သာသွားခြင်း ဖြစ်မည်။ နာရီကိုကြည့်လိုက်သည်။ ဆရာလာခါနီးနေပြီ ဖြစ်သည်။

သာဂေါင့်စားပွဲပေါ်ကို တစ်ချက်လှမ်းကြည့်လိုက်သည်။ ကင်တင်းမှာတွေ့ခဲ့ရသောစာအုပ်လေးကို တွေ့နေရ၏။

ပတ်ဝန်းကျင်ကို တစ်ချက်ကြည့်လိုက်သည်။

အတန်းသားအားလုံးမှာ သူ့အလုပ်နှင့်သူ ရှုပ်နေကြသည်။

ဟန်လင်းလွင်သည် ထိုင်ခုံမှ ခပ်သွက်သွက်ထကာ သာဂေါင့်စားပွဲကို အလျင်အမြန်သွားလိုက်သည်။

ထို့နောက် စားပွဲပေါ်ကစာအုပ်ကို ဖွင့်ဖတ် ကြည့်လိုက်သည်။

"ဟင်"

□

နံပါတ် (၁) တက္ကသိုလ်
**No (1) University**

နံပါတ် (၆) တက္ကသိုလ်
**No (6) University**

www.burmeseclassic.com

www.burmeseclassic.com

(၁၅)

နံပါတ် (၁)တက္ကသိုလ်၏ အစည်းအဝေးခန်းမတွင် ပါမောက္ခချုပ်သည် ကျောင်းရှိ ပါမောက္ခများ၊ တာဝန်ရှိသူများနှင့်အတူ အရေးပေါ် အစည်းအဝေး ကျင်းပနေလေသည်။

အားလုံး၏မျက်နှာများတွင်လည်း စိတ်လှုပ်ရှားသည့် ပုံစံများ အထင်းသား ရှိနေသည်။

"စာကြည့်တိုက်၊ အားကစားခန်းမနဲ့ ဆရာတစ်ယောက်ရဲ့ အခန်းထဲကို ဘယ်လိုလုပ်ရေတွေဝင်တာလဲ"

ပါမောက္ခချုပ်က အားလုံးကို ကြည့်ပြီးမေးလိုက်သည်။

"စစ်ဆေးကြည့်တော့ အဖြေမတွေ့သေးပါဘူး၊ ရေက တဖြည်းဖြည်း ဝင်လာပြီးတက်တာပါ"

"ဘယ်လိုရှာလို့ မတွေ့တာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ရေက ဘယ်က ဘယ်လိုတက်လာမှန်း မသိပါဘူး။ အခုရေ အားလုံးကို စုပ်ထုတ်နေတာတောင် ထပ်ပြီး ဝင်နေတုန်းပါပဲ"

"ကျောင်းရေပေးဝေရေးစနစ်ကိုရော စစ်ပြီးပြီလား"

"စစ်ပြီးပါပြီ၊ ပုံမှန်ပါပဲ"

"မြေအောက်က ရေတွေရော မဖြစ်နိုင်ဘူးလား"

"အခုလောလောဆယ်တော့ အဲဒီလိုပဲယူဆထားပါတယ်"

ထိုသို့ဖြင့် တစ်ယောက်တစ်မျိုး ဆွေးနွေးကြလေသည်။

သူတို့ကျောင်းသမိုင်းတစ်လျှောက်တွင် ထိုသို့ တစ်ခါမှ မဖြစ်ဖူးချေ။ ဤသို့သော ရေဝင်မှုမျိုးသည် ပထမဆုံး အကြိမ်ပင် ဖြစ်သည်။

နောက်ပြီး ဘယ်ကနေဘယ်လို ရေတက်နေတာကို အဖြေရှာမရ။

ထိုစဉ် အစည်းအဝေးခန်းမတံခါးနားတွင် စာရေးမလေးက လာရပ်ပြီး-

"ဆရာကြီးရှင့်"

ဆိုပြီး ထိတ်ထိတ်လန့်လန့်ပုံစံဖြင့် လှမ်းခေါ်သည်။

"ဘာလဲဟေ့"

"ဟို. . . ဓာတုဗေဒမေဂျာရဲ့ အခန်းတိုင်းမှာ ရေတွေ ဝင်နေပြီလို့ လာပြောပါတယ်ရှင့်"

"ဟင်"



"ဟာ. . ."

ထိုင်နေရာမှ အားလုံး ထလိုက်ကြလေသည်။

ပါချုပ်မှာ သူ့ရှေ့ရှိ မျက်မှန်ကို ကောက်ကိုင်ကာ အခန်းထဲမှ အလျင်စလိုထွက်လိုက်သည်။

သူ့နောက်တွင် အစည်းအဝေးခန်းရှိလူများမှာ မပြေးရုံတမယ် လိုက်လာကြ၏။

□

www.burmeseclassic.com

www.burmeseclassic.com

(၁၆)

အရှေ့က ခလုံးကို ခလုတ်တိုက်မိလိုက်သည်။ အိပ်ချင်မူးတူး ဖြင့် ယိုင်နဲ့နဲ့ပင် ဖြစ်သွား၏။

ကိုယ်ကို ပြန်ထိန်းလိုက်ကာ ခလုံးကို တောင်းပန်သလိုလိုနဲ့ ပြန်ကြည့်မိသည်။ အိပ်ချင်နေတဲ့စိတ်ပင် နည်းနည်းပျောက်သွား သည်။

သာဂေါင်လည်း သူ့ကိုယ်သူ စိတ်ပျက်မိသည်။ အအိပ်မက် သည့် သူ့ရဲ့အကျင့်က ဘယ်လိုမှ ဖျောက်ဖျက်၍မရ . . .။

အခုလည်း အေးအေးဆေးဆေး အိပ်ဖို့နေရာရှာနေခြင်း ဖြစ် သည်။ အတန်းထဲမှာ ဆရာစာသင်နေလို့ အိပ်ပြန်ရင်လည်း အား နာစရာ။

ကင်တင်းကျပြန်တော့ စကားပြောသံတွေနဲ့ ဆူညံနေတဲ့အပြင်



တိုလူက စကားလာပြောပြီး နှိုးလိုက်၊ လာစလိုက်နှင့် လုပ်နေသော ကြောင့် အိပ်ရေးပျက်သည်။

ဒီနေ့တော့ ကျောင်းရဲ့ ချောင်တစ်ခုမှာ အိပ်ဖို့ နေရာအသစ် ရှာမည်ဟု ဆုံးဖြတ်ထားသည်။

စာအုပ်ဖတ်ရင်း အိပ်ပျော်သွားစေရန်အတွက် စာအုပ် တစ်အုပ်ကိုလည်း စာကြည့်တိုက်က ငှားလာပြီးဖြစ်သည်။

ပထမဦးဆုံး လူရှင်းတဲ့ ကျောင်းဆောင်တွေနား သွားအိပ်ရန် ငြိုးစားမိသည်။

အနီးစပ်ဆုံး ကျောင်းဆောင်နား သွားကြည့်သည်။

အဆင်မပြေ။ တီးတိုးတီးတိုး အတွဲများရှိနေသည်။

ကိုယ့်ကြောင့်တော့ သူတို့တွေ စိတ်မပျက်စေချင်။

စာကြည့်တိုက်မှာတော့ စာအုပ်ဖတ်ရင်း အိပ်ပျော်သွားသလို ဟိုဘာလိုလိုနဲ့ မသိမသာ အိပ်လို့ရသည်။

ဒါပေမယ့် စာကြည့်တိုက်ထဲ အိပ်ရတာ စိတ်ထဲမှာ မသန့် သလို ခံစားရသည်။

ထို့ကြောင့် အခြားနေရာ စဉ်းစားရပြန်သည်။

ကျောင်းရဲ့ ပန်းခြံထဲမှာရော . . .။

ပန်းခြံထဲမှာလည်း အိပ်ရတာ ရှက်နေမှာပဲဆိုပြီး တွေးမိပြန် သည်။ ဒီလိုနဲ့ သူ့မှာ အိပ်ဖို့နေရာ ရှာလို့မရ ဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



အကြံရလိုရငြား ဟိုဟိုဒီဒီ ကြည့်ရင်း လမ်းလယ်ခေါင်မှာ ရပ်နေလိုက်သည်။

ခပ်လှမ်းလှမ်းရှိကျောင်းပန်းခြံကို တစ်ချက်ကြည့်မိသည်။

"ဟာ သိပြီ"

လွယ်အိတ်ကို ခပ်တိုတိုလွယ်လိုက်သည်။

ပြီးနောက် ကျောင်းပန်းခြံ၏အနောက်ဘက်တွင် မည်သူတစ်ဦးတစ်ယောက်မှရောက်လေ့ ရောက်ထမရှိသော နေရာတစ်ခုရှိသည်။

သူတောင်မှ အိပ်ဖို့နေရာရှာရင်း တစ်ခေါက်ပဲ ရောက်ဖူးသည်။ ဒါပေမယ့် မအိပ်ဖြစ်. . .။

အခုတော့ ထိုနေရာလေးမှာ သွားအိပ်ရမည်။ အပင်လေးတွေလည်းရှိသလို တောင်ကုန်းပုပုလေး တစ်ခုလည်း ရှိတာကို တွေ့ဖူးသည်။

□

(၁၇)

"ပါမောက္ခရှိလား"

ကျောင်းသားလေး တစ်ယောက်အသံကြောင့် စာရေးမလေးက စာရေးနေရင်းမှ မော့ကြည့်သည်။

"ဟဲ့ ဟန်လင်းလွင်ပါလား၊ ဘာကိစ္စလဲ"

"ဟို ပါမောက္ခရှိလားလို့ပါ"

"အထဲမှာ ရှိတယ်၊ ဘာလုပ်ဖို့ မလို့လဲ"

"ဟို. . ."

အရေးထဲစကားက ထစ်နေလေသည်။

"ဘာတွေဖြစ်နေတာလဲ"

"ဟို. . . လျှို့ဝှက်တဲ့ ကျောင်းသားအကြောင်းပြောမလို့ပါ"

"ဟင်. . . သူ. . . သူ့ကိုတွေ့ပြီလား"

www.burmeseclassic.com

www.burmeseclassic.com



စာရေးမလေးက အံ့ဩတကြီးဖြင့် မေးသည်။

ဟန်လင်းလွင်ကလည်း ခေါင်းညိတ်ပြသည်။

"ဘယ်. . . ဘယ်သူလဲ၊ ဘယ်မေဂျာကလဲ"

ဟန်လင်းလွင်က အနည်းငယ် ပြုံးလိုက်သည်။

ထို့နောက်-

စာရေးမလေးရှေ့က စာရွက်အပိုင်းအစတစ်ခုအား ယူပြီး စာအချို့ ချရေးလိုက်သည်။

"ပါမောက္ခကို ဒီစာတိုလေးပေး ပေးပါ"

စာရေးမလေးက ဟန်လင်းလွင်လက်ထဲမှ စာကိုယူပြီး ဖတ်ကြည့်လိုက်မိသည်။

ဟန်လင်းလွင်

၁၀-၂-. . . . နေ့တွင်

နံပါတ်(၁) တက္ကသိုလ်နဲ့ ယှဉ်ပြိုင်ခဲ့သူ

□

(၁၈)

နံပါတ် (၁) တက္ကသိုလ် ပါမောက္ခချုပ်နှင့် အဖွဲ့ဝင်များသည် ဓာတုဗေဒဆောင်ရှေ့သို့ ချက်ချင်းဆိုသလိုပင် ရောက်ရှိလာကြသည်။

ဓာတုဗေဒဆောင်ရှေ့တွင် ကျောင်းသား ကျောင်းသူများ အုံခဲနေသည်ကို တွေ့လိုက်ရသည်။ သူတို့၏ မျက်နှာတွင် စိုးရိမ်သည့်ပုံစံများ ဖြစ်နေကြသည်။

ပါမောက္ခချုပ်ကို လှမ်းတွေ့လိုက်ရသောကြောင့် တာဝန်ကျဆရာတစ်ယောက်က ပြေးလာလေ၏။

"ရေတွေကတော့ တစ်ရှိန်ထိုး တက်နေတယ်"

"ဓာတုဗေဒဆောင် တစ်ခုလုံးလား"

"ဟုတ်ကဲ့ အပြင်ပါ လျှံထွက်မယ်ထင်တယ်"

www.burmeseclassic.com

www.burmeseclassic.com



ပါမောက္ခချုပ်သည် နီးစပ်ရာ ဓာတုဗေဒအဆောင်၏ အခန်းတစ်ခုထဲသို့ လှမ်းဝင်လိုက်သည်။

"ဟာ. . . "

ဆရာပြောသည့်အတိုင်းပင် ရေများသည် အခန်းထဲတွင် တစ်ဖြည်းဖြည်း တက်နေပြီး မကြာမီ အခန်းအပြင်သို့ လျှံထွက်မည့် ပုံစံရှိနေသည်။

□

(၁၉)

သူထင်တဲ့အတိုင်းပဲ ဒီနေရာလေးက တိတ်ဆိတ်နေသည်။ အရင်တုန်းက မြင်ဖူးထားတဲ့အတိုင်း ရှေ့တွင် တောင်ကုန်းပုပုလေးတိုလည်း တွေ့နေရသည်။

ကျောပိုးအိတ်ထဲက အခင်းလေးတစ်ခုကို ဆွဲထုတ်လိုက်သည်။ ဒါကသူ့ရဲ့ သွားလေရာပါပစ္စည်းတွေထဲကတစ်ခု ဖြစ်သည်။ လူသိပ်မရောက်၍ မြက်ပင်များကတော့ အနည်းငယ် ရှည်နေ၏။

ရှင်းလင်းတဲ့ မြေပြန့်လေး တစ်ခုရှာပြီးတော့ အိပ်ရပေမည်။ သို့သော်. . .

ယခုအထိတော့ အိပ်လို့ကောင်းတဲ့ နေရာမတွေ့သေးချေ။ ထို့ကြောင့် တောင်ကုန်းပုပုလေးနားမှာတော့ အိပ်ကောင်းတဲ့ နေရာ ရှိနိုင်တယ်လို့တွေးရင်း တောင်ကုန်းဆီသို့ သွားနေမိသည်။

□

www.burmeseclassic.com

www.burmeseclassic.com

## (၂၀)

"မင်းနာမည်က ဟန်လင်းလွင်နော်"

"ဟုတ်ပါတယ် ပါချုပ် ခင်ဗျာ"

အစည်းအဝေးခန်းထဲတွင် နံပါတ် (၆)တက္ကသိုလ် ပါမောက္ခချုပ် အပါအဝင် ပါမောက္ခများ အားလုံးက လှို့ဝှက်သော ကျောင်းသား ဟု ပြောကြားလာသည့် ဟန်လင်းလွင်ကို မေးမြန်းနေကြခြင်း ဖြစ်သည်။

"မင်းက ကြေညာထားတုန်းကတော့ နံပါတ် (၁)တက္ကသိုလ်နဲ့ ယှဉ် ပြိုင်ခဲ့တဲ့ ကျောင်းသားပါဆိုပြီးလာမပြောပဲနဲ့၊ အခုမှ ဘာ ကြောင့် လာပြောရတာလဲ"

"ဟို. . . ပြောသင့် မပြောသင့် စဉ်းစားနေရလို့ပါ"

ပါမောက္ခချုပ်က ကျန်ပါမောက္ခများကို ကြည့်လိုက်သည်။



ထိုစဉ် ခပ်လှမ်းလှမ်းတွင် ထိုင်နေသော သင်္ချာပါမောက္ခက-

"၆၃၂၄၇ကို ၁၂ နဲ့ မြှောက်ရင် ဘယ်လောက်ရလဲ"

ဟု ရုတ်တရက် လှမ်းမေးလိုက်၏။

ဟန်လင်းလွင်က မျက်လုံး ခဏမှိတ်လိုက်သည်။

ပြီးနောက်-

"၇၅၈၉၆၄ ရပါတယ် ဆရာကြီး"

ဟု ခပ်မြန်မြန် ဖြေလေသည်။

"ဟင်"

လျှင်မြန်သော အဖြေကြောင့် အားလုံး အံ့သြသွားလေသည်။

သင်္ချာပါမောက္ခကလည်း ချတွက်ထားသော အဖြေကိုကြည့် လိုက်သည်။ မှန်နေတာကို တွေ့ရ၏။

ထို့ကြောင့် နောက်ထပ် ဂဏန်းတစ်ခုကို ရွတ်လိုက်ပြန်သည်။

ဒီတစ်ခါ ဂဏန်းက ရှည်၏။

"၂၁၃၇၆၄၉၈ ကို ၁၄ နဲ့မြှောက်ရင်ရောကွာ"

ဟန်လင်းလွင်က မျက်လုံးမှိတ်ပြန်၏။

သိပ်မကြာပါဘူး-

"၂၉၉၂၇၀၉၇၂"

ဟု ဖြေလိုက်သည်။ ထို့နောက် ဟန်လင်းလွင်ကို အမျိုးမျိုး မေးသပ်ကြပြန်သည်။

□

www.burmeseclassic.com

www.burmeseclassic.com

## (၂၁)

တောင်ကုန်းနား ရောက်သောအခါ မြေပြန့်တစ်ခုကို တွေ့ရ သည်။ အိပ်လို့ကောင်းမယ့်နေရာပဲဟုတွေးကာ ခြေလှမ်းကို ခပ် မြန်မြန်လျှောက်သည်။

အရိပ်လည်း ရှိနေသည်။

တောင်ကုန်းနားရောက်တော့ အခင်းကို ဖြန့်ခင်းလိုက်သည်။ ပြီးနောက် လွယ်အိတ်ကို ခေါင်းအုံး လုပ်ကာ လှဲချလိုက်၏။

"ဟူး. . . အခုမှပဲ အိပ်ဖို့နေရာရတော့တယ်"

သို့သော် သူအိပ်တဲ့ နေရာသည် နေရောင်နည်းနည်း ထိုးနေ သည်။

ထို့ကြောင့် စိတ်တိုင်းမကျ ဖြစ်သွားပြန်၏။ ခပ်မြန်မြန် ကုန်း ထသည်။

ဟိုဟိုဒီဒီ ကြည့်လိုက်ရာ အိပ်လို့ကောင်းမယ့်နေရာ တစ်ခုကို သွားတွေ့ပြန်သည်။



အခင်းကို အလျှင်အမြန် သိမ်းရန်အတွက် အခင်းပေါ်မှထ လိုက်သည်။

"ဟင်. . . ဘာကြီးလဲ ဟ"

သာဂေါင့်အကြည့်က တစ်နေရာဆီသို့ ရောက်သွားသည်။

တောင်ကုန်းပုလေးနှင့် ခပ်လှမ်းလှမ်းတွင် လေးထောင့်ပုံစံ အုတ်ခုံလိုလို ဘာလိုလိုကို တွေ့လိုက်ရသောကြောင့် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



ထို အုတ်ခုံအနားရောက်တော့ မထူးခြားသလို ဖြစ်နေသောကြောင့် ခုနက တွေ့လိုက်ရသောနေရာတွင် သွားအိပ်ရန်အတွက် ပြန်လှည့်ဖို့ ပြင်လိုက်သည်။

သို့သော် အုတ်ခုံအောက်တွင် တစ်ခုခုများ ရှိနေမလား ဆိုပြီး ထိုအရာကို စိတ်ဝင်စားနေမိသည်။

ထို့ကြောင့် အပေါ်က အရာကို မကြည့်လိုက်ရာ အလွယ်တကူပါလာသောကြောင့် သာဂေါင်မှာ တအံ့တသြ ဖြစ်သွားလေသည်။ ထို့ပြင် အောက်ဘက်တွင် တွင်းတစ်တွင်းနှင့် တွင်းထဲကို ချထားသောကြိုးကိုလည်း တွေ့ရသည်။

□

www.burmeseclassic.com

www.burmeseclassic.com

# (၂၂)

"ရေတွေ ဘယ်ကနေ တက်လာတာလဲ အမြန်သိမှ ဖြစ်မယ်၊ နို့မို့ဆိုရင် နံပါတ် (၁)တက္ကသိုလ် တစ်ခုလုံး ရေမြှုပ်သွားနိုင်တယ်"

ပါမောက္ခချုပ်က ဓာတုဗေဒအဆောင်က ရေများ တဖြည်းဖြည်း ပြည့်လာနေသည်ကို ကြည့်ပြီး ပြောလိုက်သည်။

ပါမောက္ခများကလည်း ပါချုပ်အမေးကို မဖြေတတ်ပေ။

ကျောင်းသား၊ ကျောင်းသူများကလည်း တော်တော်လေးကို ထိတ်လန့်နေကြသည်။

နံပါတ် (၁)တက္ကသိုလ်၏ အခြားမေဂျာများကလည်း ထိုသတင်းကြောင့် ဓာတုဗေဒမေဂျာသို့ တဖွဲဖွဲ ရောက်လာကြလေသည်။

"ဆရာကြီး. . . ဆရာကြီး"

"ဟေ"



"ဟို. . . ရူပဗေဒအဆောင်မှာလည်း ရေတွေစဝင်နေပြီတဲ့"

"ဘာ. . ."

အားလုံး ရှုတ်ရှုတ်သဲသဲ ဖြစ်သွားကြသည်။

ထိုအချိန်မှာ ပါမောက္ခချုပ်၏ စာရေးမလေးမှာလည်း မောမောပန်းပန်းနှင့် ရောက်ရှိလာပြန်သည်။

"ဆ. . . ဆရာကြီး. . . ကျောင်းပန်းခြံထဲမှာလည်း ရေတွေ ဝင်နေပြီ"

"ဟာ"

အားလုံးမှာ အထိတ်တလန့် ဖြစ်လာကြသည်။

ထို့ကြောင့် ဓာတုဗေဒအဆောင်နှင့် အနီးဆုံးဖြစ်သည့် ကျောင်းပန်းခြံသို့ သွားရန်အတွက် ပါမောက္ခချုပ်က ဆော်ဩလိုက်သည်။

ရှိနေသော လူများအားလုံးတစ်ဖွဲ့လိုက်ကြီး ပါလာလေသည်။ သိပ်မကြာသော အချိန်မှာပင် ကျောင်းပန်းခြံထဲသို့ ရေများ စဝင်နေတာကို တွေ့လိုက်ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com



## (၂၃)

ကြိုးကို ဆွဲတင်လိုက်သည်။ ကြိုးမှာ နည်းနည်းတော့ ရှည်သည်။ တွင်းထဲကို ငုံ့ကြည့်လိုက်၏။

လူတစ်ယောက် ကောင်းကောင်း ဆင်းနိုင်သောတွင်း ဖြစ်သည်။

သို့သော် အပေါ်က ကြည့်သောအခါ အောက်ဘက်တွင် ဘာမှ မမြင်ရချေ။ ကျောပိုးအိတ်ချထားသော အခင်းရှိရာနေရာသို့ ပြန်သွားပြီး အိတ်ထဲကို မွှေနှောက်ရှာမိသည်။

မီးခြစ်နှင့် ဓာတ်မီးအသေးလေးတစ်ခုကို တွေ့ရသည်။

ထို့ကြောင့် ခပ်မြန်မြန်ယူပြီး တွင်းပေါက်ရှိရာ ပြန်လာခဲ့သည်။ အနားတွင်ရှိသော သစ်ရွက်အချို့ကို မီးရှို့လိုက်ပြီး သစ်အတုံ

www.burmeseclassic.com

www.burmeseclassic.com



အစတစ်ခုကို မီးကူးလိုက်သည်။

ထို့နောက် ကြိုးတွင် မီးစွဲနေသော တုတ်ကိုချည်ကာ တွင်းပေါက်ထဲသို့ ချလိုက်၏။

မီးက မငြိမ်းပဲ အောက်သို့ ဆင်းသွားသည်။ အထဲတွင် အောက်ဆီဂျင်တော့ ရှိနေ၏။

တွင်းကတော့ ဘယ်လောက်နက်မှန်းမသိချေ. . .။

စိတ်ဝင်စားမှုကြောင့် သာဂေါင်မှာ အိပ်ချင်စိတ်ပင် ပျောက်နေသည်။

ဒီတွင်းကို တစ်ယောက်ယောက်က လုပ်ထားပြီး တွင်းထဲလည်း ဆင်းခဲ့ပုံရသည်။

ဒီလူက ဘာဆင်းလုပ်တာလဲ။

ပြီးတော့ ဘာဖြစ်လို့ ဒီတွင်းပေါက်ကြီးထူးခဲ့တာပါလိမ့်. . .။

သာဂေါင်မှာ တွင်းပေါက်နားတွင် ငါးမိနစ်၊ ဆယ်မိနစ်လောက် ထိုင်ပြီး စဉ်းစားနေမိသည်။

အဖြေက မထွက်. . .

တွင်းထဲဆင်းကြည့်ရင် ကောင်းမလားဆိုပြီး စဉ်းစားကြည့်သည်။ အောက်မှာတော့ ဘာရှိမှန်းမသိ. . .။

အောက်ဆီဂျင်ရှိတာ သေချာသောကြောင့် ဆင်းလို့တော့ ရနေသည်။

ပြီးတော့ ဒီရင်လူလုပ်သွားတဲ့ ကြိုးလည်း ရှိနေသည်။




ထို့ကြောင့် ဘေးနားက အရိပ်အခြေကိုကြည့်ပြီး တွင်းထဲဆင်းလိုက်၏။

ဓာတ်မီးကိုလည်း ကိုင်ထားရသေးသည်။

ကြိုးတွင် ကွင်းပါသောကြောင့် အောင်ဆင်းရာတွင် အဆင်ပြေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



"ဟင်. . . ဘာကြီးလဲ ဟ"

သာဂေါင်မှာ တအံ့တဩ ဖြစ်သွားလေသည်။

မြေအောက်နံ့ရံအား လေးထောင့်ပုံစံအခန်းအဖြစ် ပြုလုပ်ထားသောကြောင့် ဖြစ်သည်။ ကျယ်ဝန်းပြီး တအံ့တဩ ရင်သပ်ရှုမောဖွယ် ကောင်းလှသည်။

ထို့ပြင် နံရံပေါ်တွင်လည်း ဘာတွေမှန်းမသိသည့် အရုပ်ပေါင်းစုံ၊ သင်္ကေတပေါင်းစုံနှင့် အင်္ဂလိပ်စာများကိုလည်း တွေ့ရပြန်သည်။

အံ့ဩလွန်း၍ ကြိုးပေါ်ကပဲ လျှောက်ကြည့်နေမိသည်။

မိနစ်အနည်းငယ်ကြာသောအခါမှသာ ကြိုးပေါ်က ခုန်ဆင်းလိုက်လေသည်။

□

www.burmeseclassic.com

www.burmeseclassic.com

## (၂၄)

လျှို့ဝှက်သောကျောင်းသား တွေ့ပြီဆိုသည့် သတင်းသည် နံပါတ် (၆)တက္ကသိုလ်တစ်ခုလုံးသို့ ပျံ့နှံ့သွားလေ၏။

နေရာတိုင်းမှာလည်း ရုတ်ရုတ်သဲသဲ ဖြစ်သွားကြလေသည်။

ထိုသတင်းသည် လူပြောများသည့် သတင်းလည်း ဖြစ်လာလေသည်။

"ငါထင်သားပဲ ဟန်လင်းလွင် ဆိုတာ"

"နင်မထင်ခင် ကတည်းက ငါထင်ပြီးသား"

ကျောင်းသူလေးနှစ်ယောက် ပြောနေကြခြင်း ဖြစ်သည်။

ထိုစဉ် ဟန်လင်းလွင် ဖြတ်သွားသောကြောင့် ငေးကြည့်နေရင်း စကားစပြတ်သွားကြသည်။

ခဏကြာသော အခါတွင် ဟန်လင်းလွင်ကလည်း သူ့သူငယ်ချင်းများကို ရှင်းပြနေရလေသည်။

"မင်းက တယ်လျှိုပါလားကွ"

ဟန်လင်းလွင် သူငယ်ချင်းတစ်ယောက်က မေးသည်။



"ဟာ. . . မဟုတ်ရပါဘူးကွာ"

"နေပါဦး ငါတစ်ခု မေးရဦးမယ်"

"မေးလေ၊ ဘာမေးမလို့လဲ"

"ဟို တစ်ခါတုန်းက. . . တက္ကသိုလ်များဆိုင်မှာ သွားထိုင်ရအောင်ဆိုပြီး မင်းကိုခေါ်တော့ မင်းက အဲဒီဆိုင်ကို အမြင်ကတ်သို့ တစ်သက်လုံး မထိုင်ဘူး သန္နိဋ္ဌာန်ချထားတယ်ဆို. . . အခုတော့ ငါတို့မသိပဲ မင်းက သွားထိုင်တာပေါ့"

ဟန်လင်းလွင် မျက်နှာတစ်ချက် ပျက်သွားသည်။ ထို့နောက်-

"နံပါတ် (၁)တက္ကသိုလ် ကျောင်းသားတွေကို အမြင်ကတ်လို့ သူတို့မေးတာ ရအောင်ဖြေမယ်ဆိုပြီး သွားထိုင်တာပါကွ"

"အေးလေ၊ ဘာပဲဖြစ်ဖြစ်၊ မင်းဖြေနိုင်တာ တော်သေးတာပေါ့"

"ဒါက ငါ့အတွက် အသေးစားလေးပါကွာ"

"အေးပါ၊ မင်းက နာမည်ထပ်ကြီးဦးမှာပေါ့"

ထိုစဉ် ကင်တင်းထဲသို့ ကျောင်းသားလေးတစ်ယောက် ဝင်လာလေ၏။

ထိုကျောင်းသားကိုကြည့်ကြီး ဟန်လင်းလွင်မှာ ထရမလို၊ ထိုင်ရမလိုနှင့် ဣန္ဒြေပျက်နေလေသည်။

အခြားသူများကတော့ မရိပ်မိချေ. . .။

ထိုကျောင်းသားမှာ သာဂေါင် ဖြစ်လေသည်။

□

www.burmeseclassic.com

www.burmeseclassic.com

## (၂၅)

အကျီက ဖုန်များကို ခါလိုက်၏။ တွင်းထဲဆင်းထား၍ နည်းနည်းညစ်ပတ်နေသော ခန္ဓာကိုယ်ကြောင့် ဘေးပတ်ဝန်းကျင်ကို အားနာစွာ တစ်ချက်ကြည့်မိသည်။

ဘေးဝိုင်းတွေမှာ လူသိပ်မရှိတာတွေ့မှ ကျေနပ်သွားပြီး စားစရာတစ်ခုကို အလျင်အမြန် မှာလိုက်သည်။

ထို့နောက် သူ့ရဲ့ Note စာအုပ်လေးကို ထုတ်လိုက်သည်။

မြေအောက်ထဲက အခန်း (တွင်းထဲကအခန်း)တွင် ဆွဲထားသော ပုံများနှင့် အင်္ဂလိပ်စာများကို ကူးဆွဲလာခြင်း ဖြစ်သည်။

ယခုအချိန်တွင် သူသည် ထိုမြေအောက်ခန်းကို လွန်စွာစိတ်ဝင်စားနေသည်။ ဘယ်သူက ထိုအခန်းကို ဘာအဓိပ္ပာယ်နဲ့ လုပ်ခဲ့ရတာလဲ။



သဘာဝအတိုင်းဖြစ်နေတဲ့ အခန်းတော့ မဖြစ်နိုင်ဟု တွေးနေသည်။

ပြီးတော့ အခန်းထဲမှာ ပုံတွေလည်း ဆွဲထားသေးသည်။

ပုံတွေကလည်း ဘာတွေမှန်း မသိ. . .။

မေဂျာနာမည်တွေ၊ ဂဏန်းတွေလည်း ထပ်မံရေးထား၏။

စာအုပ်ကို ပြန်ပိတ်ပြီး ဟိုငေး၊ ဒီငေး ကြည့်နေလိုက်သည်။

အဓိပ္ပာယ်မရှိပဲ ရောက်တတ်ရာရာ လူတစ်ယောက်က လုပ်သွားတာလား။

ဒါမှမဟုတ် သူ့လို အိပ်ပဲအိပ်ချင်နေတဲ့ သူတစ်ယောက်က အေးအေးဆေးဆေး အိပ်စရာနေရာမရှိလို့ လုပ်ခဲ့တာလား. . .။

သိပ်တော့ မဖြစ်နိုင်. . .။

ငါသိပ်စိတ်ကူးယဉ်ဆန်နေသည်ဟု တွေးမိသည်။

တဖန် စာအုပ်ကိုဖွင့်လိုက်ပြန်သည်။

ပုံများကို ထပ်ကြည့်လိုက်၏။

တန်းစီရေးထားသော မေဂျာနာမည်များကိုလည်း ထပ်ကြည့်၏။

ဘေးစောင်း ကြည့်၏။

ဒေါင်လိုက် ကြည့်၏။

အောက်ကနေ ကြည့်၏။

ဘယ်လိုကြည့်ကြည့် ဘာမှ နားမလည်ဘူး ဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် သာဂေါင်ထိုင်နေသည့် ခုံ၏နောက်ဖက်တွင် ကောင်မလေးတစ်ယောက်သည်လည်း သူ့သူငယ်ချင်းများကို မျှော်နေ၏။

ပျင်း ပျင်းနဲ့ ဟိုကြည့် ဒီကြည့် ကြည့်နေရင်း ရှေ့ခုံက ကျောင်းသားသည် စာအုပ်ကို လှန်ကြည့်လိုက်၊ ခေါက်ထိုးကြည့်လိုက် အပေါ်ကကြည့်လိုက်နဲ့ လုပ်နေသောကြောင့် သူမလည်း စိတ်ဝင်စားလာပြီး အဝေးကနေ လှမ်းစပ်စုလိုက်သည်။

□

(၂၆)

ရေသည် ခါးနားထိတက်လာပြီ ဖြစ်သည်။ နံပါတ်(၁) တက္ကသိုလ် ပန်းခြံအပြင် အခြားနေရာများတွင်လည်း ရေများ ဝင်နေပြီဖြစ်သည်။

ပန်းခြံအနားရောက်နေသော နံပါတ် (၁)တက္ကသိုလ် ပါမောက္ခချုပ်နှင့် အဖွဲ့လည်း ဘယ်လိုဆက်လုပ်လို့ လုပ်ရမှန်းမသိဖြစ်နေ၏။

ရေများကလည်း တဖြည်းဖြည်း တက်နေသည်။

ဒီအတိုင်းဆို ကျောင်းတစ်ခုလုံး ရေများပြည့်လျှံကာ ဆက်ခတွေးရဲအောင်ရှိနေသည်။

ပါချုပ်က တစ်ခုစဉ်းစားမိပြီး-

"အခြားတက္ကသိုလ်တွေရော ဒီလိုဖြစ်နေလား"

အနားရှိပါမောက္ခတစ်ယောက်အား လှမ်းမေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"မဖြစ်ပါဘူး၊ ပုံမှန်ပါပဲ"

"ဒီကိစ္စကိုရော ကျောင်းတိုင်း သိသွားပြီလား"

"သိပ်မသိသေးဘူး။ ဒါပေမယ့် မကြာခင်သိမယ်ထင်တယ်"

ရေများက ထပ်တက်နေဆဲ ဖြစ်သည်။ ကျောင်းသားကျောင်းသူများ အပါအဝင် ပါမောက္ခများကလည်း ရေထဲတွင် မတ်တတ်ရပ်နေကြခြင်း ဖြစ်သည်။

ထိုစဉ်-

"ဗွမ်း"

ကျောင်းသား တစ်ယောက် ရေထဲသို့ ချော်လဲပြီး ပက်လက်လှန် လဲကျသွား၏။

"ဟာ. . ."

"ဟင်. . ."

အားလုံး အံ့ဩသွားလေသည်။ မည်သို့ဆိုသော် လဲကျသော ကျောင်းသားမှာ ရေထဲ မမြုပ်သွားဘဲ ရေပေါ်တွင် ပေါလောပေါ်နေခြင်းကြောင့် ဖြစ်သည်။

"ဒီ. . . ဒီ. . . ရေတွေက ပင်လယ်သေ ရေတွေလိုပဲ"

ပါချုပ်က တအံ့တဩရေရွတ်ကာ ရုံးခန်းအပေါ်ထပ်ဆောင်တွင် စည်းဝေးရန် အလျှင်အမြန် ညွှန်ကြားလိုက်လေသည်။

□

(၂၇)

နံပါတ် (၁)တက္ကသိုလ်တွင် ရေများ ဝင်နေသည်ဆိုသော သတင်းသည် ကျန်တက္ကသိုလ် ငါးခုလုံးသို့ အလျှင်အမြန် ပျံ့နှံ့သွားလေ၏။

ပါမောက္ခချုပ်များကလည်း အစည်းအဝေး ချက်ချင်းခေါ်ကာ မိမိတို့တက္ကသိုလ် အတွင်း၌စောင့်ကြည့်မှုများ ရှိလာကြသည်။ သို့သော် နံပါတ် (၁)တက္ကသိုလ်လို ရေဝင်ခြင်း မတွေ့ရချေ။ နံပါတ် (၁)တက္ကသိုလ်မှာသာ အချိန်နှင့် တစ်ပြေးညီ ရေတက်နေလေတော့သည်။

"နံပါတ် (၁)တက္ကသိုလ်က ရေတွေပေါ်ကို လူ့ခန္ဓာကိုယ် လှဲချလိုက်ရင် မမြုပ်ဘဲ ပေါလောပေါ်နေတယ်တဲ့၊ ကိုယ်ဖော့စရာတောင် မလိုဘူးတဲ့"

"ဟုတ်တယ်၊ ထူးဆန်းတယ်နော်"

www.burmeseclassic.com

www.burmeseclassic.com



"သိပ်တော့လည်း ထူးဆန်းစရာ မဟုတ်ပါဘူး၊ အဲဒီရေတွေက ပင်လယ်သေထဲက ရေတွေလိုမျိုး ဖြစ်နေတာပေါ့"

"ပင်လယ်သေ ဟုတ်လား၊ ဘယ်က ပင်လယ်သေလဲ"

"ဟယ် နင်ကလည်း ဒါတောင် မသိဘူးလား၊ ဂျော်ဒန်နဲ့ အစ္စရေးနိုင်ငံကြားမှာရှိတဲ့ ကန်ကြီးလေ"

"ပင်လယ်ဆို. . ."

"ပင်လယ်လို့ ခေါ်ကြတာပဲ၊ ဒါပေမယ့် ကန်ကြီးလို့လည်း ပြောလို့ရတယ်၊ သူ့ရဲ့ အရှည်က ၄၂ မိုင်ရှည်ပြီး ၁၁ မိုင်ပဲ ကျယ်တာကိုး"

"နင်က သိလှချည်လား"

"သိဆို. . . အဲဒီကိစ္စ ကြားကြားချင်း စိတ်ဝင်စားလို့ဆိုပြီး စာကြည့်တိုက်ကနေ ပင်လယ်သေအကြောင်းကို သွားရှာထားတာ"

"ဒါဆို အဲဒီပင်လယ်က အခြားပင်လယ်တွေလို ရေထဲမှာ ဘာကြောင့် မမြုပ်ဘဲ ပေါ်နေရတာလဲ"

"သိပ်သည်းဆက 1.24 kg/L နဲ့ ဆားပါဝင်နှုန်းက 30% ကျော် ရှိတာကြောင့် ပေါလောပေါ်နေတာ။ အဲဒီကန်ကြီးထဲကို ရေတွေက စီးဝင်တာပဲ ရှိတယ်။ ကန်ကြီးထဲက ရေတွေ ပြန်ထွက်သွားတဲ့ မြစ်တို့၊ ချောင်းတို့ မရှိဘူးတဲ့၊ ပြီးတော့ ကန်ထဲက ဆားနဲ့ အခြား တွင်းထွက်ပစ္စည်းတွေကို အလှကုန်နဲ့ ကျန်းမာရေး ပစ္စည်းတွေအတွက် သုံးသေးတယ် ဆိုပဲ"



"တယ် ဟုတ်ပါလား"

"နေဦး. . . ပင်လယ်သေထဲမှာ လူတွေ အနားယူနေတဲ့ပုံ ပြမယ်"

ကောင်မလေးက သူ့ကျောင်းလွယ်အိတ်ထဲမှ စာအုပ်တစ်အုပ်ကို ထုတ်လိုက်သည်။

စာမျက်နှာတချို့အား လှန်လိုက်ပြီး-

"ဒီမှာကြည့်"

ဟုဆိုပြီး ပုံတစ်ပုံကို ပြလေ၏။

ပင်လယ်သေထဲတွင် လူတစ်ယောက် ပေါလောပေါ်နေပြီး အနားယူနေသည့် ပုံတစ်ပုံဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမယ့် ငါကတော့ ငါတို့ တက္ကသိုလ်ထဲကို အဲဒီလို ရေတွေ ဝင်လာမှာ စိုးရိမ်တယ်"

"မဝင်ပါဘူး၊ အေးဆေးပါ၊ သူတို့ တက္ကသိုလ်က ကြီးကြီးကျယ်ကျယ် တက္ကသိုလ်ဆိုတော့ ရေတွေ ဝင်တာပေါ့။ အခုတော့ ဒုက္ခ ရောက်ပြီ၊ ကောင်းတယ်"

"အဲဒီလိုတော့ မပြောပါနဲ့ဟယ်၊ အချို့ကျောင်းသားတွေ ကျောင်းအပေါ်ထပ်မှာ ပြောင်းသင်နေရတယ်တဲ့"

"ငါတစ်ခုတွေးမိတယ်"

"ဘာလဲ"

"နံပါတ် (၁) တက္ကသိုလ်ရှိတဲ့ အခြမ်းတစ်ခုလုံး ရေအောက်ထဲ ရောက်သွားရင် ဘယ်လိုလုပ်မလဲ"

"အမလေး. . . မတွေးရဲစရာပဲ"

ဤသို့ဖြင့် တက္ကသိုလ်များတွင် ထိုကိစ္စသည် ရေပန်းစား နေလေသည်။

□

www.burmeseclassic.com

www.burmeseclassic.com

(၂၈)

နံပါတ် (၁)တက္ကသိုလ် ပါမောက္ခချုပ်သည် အစည်းအဝေးခုံ၏ ထိပ်တွင် ဝင်ထိုင်လိုက်သည်။

စာရေးမလေးက စာရွက်အချို့ကို အစည်းအဝေးခန်းအတွင်း ခပ်မြန်မြန် လိုက်ဝေသည်။

"လက်ရှိဖြစ်ပျက်နေတဲ့ အရာတွေထဲက ထူးခြားတာတွေကို ထုတ်နုတ်ထားတာ၊ ဒီနေ့ အဲ့ဒီကိစ္စကို အမြန်ဆွေးနွေး အဖြေရှာမှ ဖြစ်မယ်"

ပါချုပ်စကားကြောင့် ပါမောက္ခနှင့် တာဝန်ရှိသူများက စာရွက်ကို ဖတ်ကြည့်လေသည်။

စာရွက်ပေါ်တွင် အချက်အလက်အချို့ ရေးထားလေ၏။ လက်ရှိဖြစ်ပေါ်နေသော ကိစ္စများ၏ ထူးခြားချက်များကို ရေးထားခြင်း ဖြစ်သည်။



(၁) နံပါတ် (၁) တက္ကသိုလ် တစ်ခုတည်းမှာဖြစ်ပျက်သည်။

(၂) ဒီအတိုင်း ရေဆက်တက်နေပါက နံပါတ် (၁) တက္ကသိုလ် တစ်ခုလုံး ရေအောက်ရောက်သွားနိုင်သည်။

(၃) ရေသည် Dead Sea (ပင်လယ်သေ)ရေနှင့်ဆင်တူ၊ လူများပေါ် လောမျောနိုင်သည်။

(၄) ရေသည် မိုးရွာ၍တက်ခြင်းမဟုတ်၊ မြစ်ချောင်းများထဲက ဝင်သည်ဟု ဆိုရအောင်လည်း ကျောင်း ပတ်လည်တွင် မြစ်ချောင်းမရှိ။ ထို့ပြင် ရေများသည် ကျောင်းထဲက ထွက်သွားနိုင်သည့် လမ်းကြောင်းလည်း မရှိ။

(၅) ရေသည် ဆက်တက်မည့် အရိပ်အရောင်ပြနေသည်။

(၆) ပထမ - စာကြည့်တိုက် ရေအရင်စဝင်

ဒုတိယ - ကျောင်းဆရာတစ်ယောက်၏အခန်းရေဝင်

တတိယ - အားကစားခန်းမ၊ ဓာတုဗေဒအဆောင်

စတုတ္ထ - ရူပဗေဒအဆောင်

ပဥ္စမ - ကျောင်းပန်းခြံ

ဆဌ - ကျောင်းလမ်းအချို့

(၇) မိုးမရွာ၊ မြစ်ချောင်းမရှိတဲ့ ကျောင်းမှာ ရေများ ဆက်တိုက်ဝင်နေတာ ထူးဆန်းသည်။

(၈) တစ်နေရာချင်းစီ စဝင်ပြီး တဖြည်းဖြည်းတက်လာ၍ ထူးဆန်းသည်။

www.burmeseclassic.com

www.burmeseclassic.com



စာရွက်ကို ကြည့်ပြီး အားလုံးက သက်ပြင်းကိုယ်စီ ချမိကြသည်။

"ဒီအတိုင်းသာ တစ်ကျောင်းလုံး ရေဆက်တက်နေမယ်ဆိုရင် ကျောင်းကို ပိတ်ထားရလိမ့်မယ်"

ပါချုပ်စကားကို အားလုံးက ခေါင်းညိတ် ထောက်ခံလိုက်ကြသည်။

"နောက်ပြီး ဒီကိစ္စကို စုံစမ်းဖို့အတွက် အဖွဲ့တစ်ခု ဖွဲ့ရမယ် ထင်ပါတယ်"

ပါမောက္ခတစ်ယောက်က ဝင်ပြီး ဆွေးနွေးသည်။

အားလုံးက သဘောတူညီလိုက်ကြသည်။

"အဲဒီအဖွဲ့ထဲမှာ ကျုပ်ပါမယ်၊ ပါမောက္ခတွေပါရမယ်၊ ဒါက ဦးစီးတဲ့အဖွဲ့ပေါ့၊ အသေးစိတ် လုပ်ဆောင်ရမယ့် သုတေသနအဖွဲ့ တစ်ခုတော့ သီးသန့်လုပ်ရမယ်ထင်တယ်"

"ပါချုပ်က ဘယ်လိုများ စိတ်ကူးရှိလို့ပါလဲ"

"ဘူမိဗေဒပါမောက္ခကို အဖွဲ့ခေါင်းဆောင် ထားပြီး အဖွဲ့ဝင်တွေအဖြစ် ဓာတုဗေဒပါမောက္ခ၊ ရူပဗေဒပါမောက္ခ၊ သင်္ချာပါမောက္ခ တို့က ဒုတိယခေါင်းဆောင်များအဖြစ် ပါဝင်ပြီး နံပါတ် (၁) တက္ကသိုလ်ရဲ့ ထူးချွန်ကျောင်းသားတွေကို အဖွဲ့ဝင်အဖြစ် ပါဝင်ဖွဲ့စေချင်တယ်"



ဤသို့ဖြင့် ထိုအဖွဲ့အတွက် အသေးစိတ် ထပ်ဆွေးနွေးရာ ပါဝင်မည့်သူများ၊ လုပ်ဆောင်ရမည့်အရာများအတွက် အသေးစိတ် အကောင်အထည်ပေါ် လာလေသည်။

"ကောင်းပြီ၊ အဖွဲ့တွေတော့ ဖွဲ့ပြီးသွားပြီ ကျုပ်တို့ ဒီကိစ္စကို ဘယ်ကနေ စလုပ်ရမလဲ"

ထိုမေးခွန်းသည် အစည်းအဝေးတစ်ခုလုံးရှိ လူများကို လွန်စွာ ခေါင်းခြောက်သွားစေသည်။

တစ်ယောက်မျက်နှာ တစ်ယောက်လည်း ကြည့်လိုက်ကြလေသည်။

ဘယ်ကနေ၊ ဘယ်လို စလုပ်ရမလဲ။

အချင်းချင်းလည်း တီးတိုးတီးတိုး တိုင်ပင်ကြလေသည်။

ပါချုပ်လည်း မျက်မှောင်ကြုတ်ကာ အပြင်းအထန် စဉ်းစားနေသည်။

အားလုံး အလုပ်ရှုပ်နေစဉ် မစဉ်းစားဘဲ အေးအေးဆေးဆေး ရှိနေသော ပါမောက္ခတစ်ယောက်တော့ ရှိနေသည်။

သမိုင်းပါမောက္ခ ဦးအောင်မြင့် ဖြစ်သည်။

"ဆရာ. . . အေးဆေး ရှိလှချည်လား"

ပါချုပ်က ဦးအောင်မြင့်ကို သတိထား မိလိုက်သောကြောင့် လှမ်းမေးလိုက်သည်။

"ဟုတ်ကဲ့. . . တစ်ခု စဉ်းစားမိလို့ပါ"

www.burmeseclassic.com

www.burmeseclassic.com



"စဉ်းစားပြီးရင်လည်း ပြောပြလေ"

"စဉ်စားလို့ရလာတာက မသေချာလို့ပါ"

"ဘယ်လိုပဲဖြစ်ဖြစ် ပြောကြည့်ပါဦး"

အားလုံးက သမိုင်းပါမောက္ခ ဦးအောင်မြင့်စကားကို စိတ်ဝင်စားလာကြသည်။

သမိုင်းပါမောက္ခဦးအောင်မြင့်သည် သူတို့ကျောင်းတွင် အေးအေးလူလူနဲ့ စာတွေပဲ ထိုင်ဖတ်နေတတ်သောသူတစ်ဦး ဖြစ်သည်။

"ကျွန်တော်တို့ကျောင်းမှာ ကျောင်းထုတ် ခံလိုက်ရတဲ့ ကျောင်းသားတစ်စုကို မှတ်မိသေးလား"

ပါချုပ်အပါအဝင် ပါမောက္ခအားလုံးက ရုတ်တရက် မမှတ်မိဘဲ ဖြစ်နေကြသည်။

"သူတို့ စာတမ်းကို မဖြစ်နိုင်ပါဘူးဆိုပြီး ကျွန်တော်တို့က လက်မခံတဲ့အတွက် ကျောင်းမတက်ဘဲ နေခဲ့တဲ့ အဖွဲ့လေ"

"အာ. . . သိပြီ၊ သိပြီ"

အားလုံးမှတ်မိသွားကြလေသည်။

နံပါတ် (၁)တက္ကသိုလ်တွင် ကျောင်းသားကျောင်းသူတိုင်း လွတ်လပ်စွာ တွေးခေါ်ထားသည့် စာတမ်းများ တင်ခွင့်ရှိသည်။ တစ်ယောက်ချင်းသော်လည်းကောင်း၊ အစုအဖွဲ့သော်လည်းကောင်း တင်ခွင့်ရှိသည်။



ဒါကို ကျောင်းရဲ့ ပါမောက္ခများအဖွဲ့က လေ့လာပြီး ဝေဖန်ချက်၊ ထင်မြင်ချက်ပေးကာ စာမေးပွဲအောင်ခြင်း၊ မအောင်ခြင်းလိုမျိုး ဆုံးဖြတ်လေ့ရှိသည်။

"အင်း. . . ဆက်ပြောပါဦး ဦးအောင်မြင့်"

"အဲ့ဒီအဖွဲ့က တင်တဲ့စာတမ်းကို ကျွန်တော်တို့ ပါမောက္ခအဖွဲ့က မဖြစ်နိုင်ဘူးလို့ ဆုံးဖြတ်ပြီး၊ အသုံးမကျတဲ့ စာတမ်းတစ်စောင်အဖြစ် ထုတ်ပြန်ခဲ့တယ်။ အဲ့ဒီအခါမှာ သူတို့က ကျောင်းမတက်ဘဲ နေတဲ့အတွက် ကျောင်းထုတ်လိုက်ရတယ်။ အဲ့ဒီအဖွဲ့ကို ကျန်တဲ့ ကျောင်းတွေက လက်မခံဘဲ၊ နံပါတ် (၆)တက္ကသိုလ်တစ်ခုထဲက လက်ခံတဲ့အတွက် သူတို့ဟာ နံပါတ် (၆)တက္ကသိုလ်ကို ရောက်သွားတယ်၊ မှတ်မိတယ်မှတ်လား"

"အင်း. . . မှတ်မိပြီဗျ"

"သူတို့တင်တဲ့စာတမ်း အသေးစိတ်ကိုတော့ မမှတ်မိတော့ဘူး၊ ဒါပေမယ့် မှတ်မိတာ တစ်ခုတော့ရှိတယ်၊ ကျွန်တော်တို့ နံပါတ် (၁)တက္ကသိုလ်ရဲ့အောက်မှာ ပင်လယ်သေထဲက ရေတွေလိုမျိုး ရှိနေနိုင်တယ်ဆိုတဲ့ သူတို့စာတမ်းထဲက ယူဆချက်ပဲ"

"ဟင်"

ခန်းမတစ်ခုလုံး တိတ်ဆိတ်သွားသည်။

"အဲ့ဒီ အယူအဆအပြင် အခြားအယူအဆတွေကိုလည်း ကျွန်တော်တို့ တက္ကသိုလ်က ပယ်ချခဲ့ကြတယ်"

www.burmeseclassic.com

www.burmeseclassic.com



"သူတို့တင်ခဲ့တဲ့ စာတမ်းရော"

"သူတို့ ပြန်ယူသွားတယ် မိတ္တူလည်းမထားခဲ့ကြဘူး"

"ဒါဆို နံပါတ် (၆)တက္ကသိုလ်ရဲ့ ပါချုပ်ကို ဆက်သွယ်ပြီး အဲ့ဒီ ကျောင်းသားတွေကို မေးရမှာပေါ့"

"အဲ့ဒါ အသင့်တော်ဆုံးလို့ ထင်ပါတယ်"

ချက်ချင်းဆိုသလို ပါမောက္ခချုပ်သည် အစည်းအဝေးအခန်းရှိ ဖုန်းကို ကောက်ကိုင်လိုက်လေသည်။

□

(၂၉)

ဖုန်းကို ချလိုက်သည်။ အားလုံး၏ အကြည့်များက ပါမောက္ခချုပ် ဆီသို့သာ ရောက်နေသည်။

"သူတို့က ဘာပြောလဲ ပါချုပ်"

"အဲ့ဒီကျောင်းသားတွေကို သူတို့လက်ခံခဲ့ပါတယ်တဲ့၊ ဒါပေမယ့် နှစ်ပတ်လောက်ပဲကြာတယ် ကျောင်းတက်တာလည်း မတွေ့ရတော့ဘူးတဲ့၊ ဒီကိစ္စကကြာပြီဆိုတော့ သိပ်မမှတ်မိတော့ဘူး တဲ့၊ သေချာတာက အဲဒီကျောင်းသားတွေဟာ နံပါတ် (၆)တက္ကသိုလ် မှာ မရှိတော့ဘူး"

"ရိုးရိုးတန်းတန်း တက်ရင်တောင်မှ ကျောင်းပြီးတာကြာပြီ ပေါ့"

"ဘယ်နှစ်နှစ်လောက် ရှိမယ်ထင်လဲ"

"(၃)နှစ်လောက်ရှိရောပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"ပြီးတော့ နံပါတ် (၆)တက္ကသိုလ်ပါမောက္ခချုပ်က သူတို့ကို စိန်ခေါ်ထားတာ လက်ခံတယ်ဆိုပြီး ပြောသွားသေးတယ်"

နံပါတ် (၆)တက္ကသိုလ်ကို စိန်ခေါ်ထားတာ အခုမှပဲ သတိရကြတော့သည်။

ရက္ခဗေဒပါမောက္ခက ဝင်ပြောသည်။

"ပါချုပ်ခင်ဗျာ"

"အင်း. . . ပြောပါဦး"

"နံပါတ် (၆)တက္ကသိုလ်က စိန်ခေါ်မှုကို လက်ခံလိုက်ပြီဆိုတော့ ကျွန်တော်တို့နဲ့ အကြောင်းအရာတစ်ခုကို ယှဉ်ပြိုင်ရတော့မှာပေါ့"

"အင်းလေ"

"ဒါဆို ကျွန်တော်တို့ကျောင်းမှာ ဖြစ်ပျက်နေတဲ့ ကိစ္စရဲ့ အဖြေကို ပထမဆုံး ရှာနိုင်တဲ့ကျောင်းက အနိုင်ရမယ်ဆိုပြီး လုပ်လိုက်ရင်ကော"

အားလုံး စိတ်ဝင်စားသွားကြသည်။

ဒီကိစ္စကြီးတစ်ခုလုံးကို နံပါတ် (၆)တက္ကသိုလ်က ဖြေရှင်းခဲ့သည့်တိုင်အောင် မိမိတို့ နံပါတ် (၁)တက္ကသိုလ်မှာ အဆင့်နိမ့်တက္ကသိုလ်အဖြစ် ဆင်းပေးရုံသာ ရှိသည်။ ကျောင်းရဲ့ ပြဿနာကတော့ ပြေလည်သွားနိုင်သည်။

ရက္ခဗေဒပါမောက္ခ၏ အကြံဉာဏ်မှာ မဆိုးလှ. . .။



ထို့ကြောင့် ကျန်ပါမောက္ခများ၏ သဘောထားများကိုလည်း မေးမြန်းလိုက်သည်။

အားလုံး သဘောတူကြလေသည်။

□

www.burmeseclassic.com

www.burmeseclassic.com

(၁၀)

နံပါတ် (၆)တက္ကသိုလ်ပါမောက္ခချုပ် စကားကြောင့် အားလုံးမှာ စိတ်ပျက်သွားကြလေသည်။

အဆိုးဆုံးမှာ ထောင့်စွန်းခုံတွင် ထိုင်နေသော ကျောင်းသား တစ်ယောက်ပင် ဖြစ်သည်။

"ဘယ်လိုလဲ. . . မောင်ဟန်လင်းလွင်"

ပါချုပ်ကိုငေးကြည့်လိုက်ရင်းဟန်လင်းလွင်က တစ်ချက်ခေါင်း ကုတ်သည်။

ရှေ့ရှိစာအုပ်ပေါ်တွင် ဦးတည်ရာမဲ့လျှောက် ခြစ်နေမိသည်။ စိတ်ကလည်း တော်တော်ကြီးကို လှုပ်ရှားနေ၏။

မဖြစ်. . .။

မဖြစ်နိုင်. . .။

ဘယ်နည်းနဲ့မှ ဒီပြဿနာကို သူတစ်ယောက်တည်း ဖြေရှင်း



င်မှာ မဟုတ်ဘူး။

ပါချုပ်နှင့် ပါမောက္ခအားလုံးမှာလည်း ဟန်လင်းလွင်ကို စိတ်မရှည်စွာနဲ့ ကြည့်နေကြရသည်။

"မင်း အချိန်အနည်းငယ် စဉ်းစားဦးပေါ့. . . ငါတို့ကျောင်း လည်း အဲ့ဒီ ပြဿနာအတွက် ကျောင်းအတွင်းမှာ မိတ်ခေါ်မှု ပ်ရဦးမယ်"

ဟု ပြောပြီးပြီးချင်း အစည်းအဝေးကို သိမ်းလိုက်သည်။

ဟန်လင်းလွင်မှာ ခေါင်းငိုက်စိုက်ကျနေလေသည်။

□

www.burmeseclassic.com

www.burmeseclassic.com

နံပါတ် (၁)တက္ကသိုလ်တွင် အချိန်နှင့် တစ်ပြေးညီ ရေများ တက်နေလေသည်။

ကျောင်း၏အဆောက်အဦ တော်တော်များများလည်း ရေထဲတွင် နစ်မြုပ်နေသည်။ ထို့ကြောင့် နံပါတ် (၁) တက္ကသိုလ်တွင် အရေးပေါ် အခြေအနေအား ကြေညာလိုက်ရတော့သည်။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

နံပါတ် (၆)တက္ကသိုလ်

ကြေညာချက် (  /  )

အကြောင်းအရာ။ ။ နံပါတ် (၁)တက္ကသိုလ်ရှိ ရေကြီး နေသော ပြဿနာအား ဖြေရှင်းနိုင်သည့် မည်သည့် ကျောင်းသားမဆို ဖိတ်ခေါ်ခြင်း။

---ရက်---လ---ခုနှစ်တွင် နံပါတ် (၁)တက္ကသိုလ်၏ စာကြည့်တိုက်မှစ၍ ရေများ တက်ခဲ့ပါသည်။ ယခုအခါတွင် ကျောင်း၏ ရေလွှမ်းမှုသည် မြင့်တက်ခဲ့ကာ နံပါတ် (၁) တက္ကသိုလ်၏ အရေးပေါ်အခြေအနေကို ကြေညာခဲ့ပါသည်။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



သို့ဖြစ်၍ ထိုပြဿနာ ဖြေရှင်းနိုင်မည့် နည်းလမ်းအား စဉ်းစားနိုင်သူ မည်သူမဆို ပါချုပ်ရုံးခန်းသို့ အချိန်မရွေး လာရောက် တင်ပြနိုင်ပါသည်။

ပါမောက္ခချုပ်
နံပါတ် (၆) တက္ကသိုလ်

နံပါတ် (၆)တက္ကသိုလ်အပြင် အခြားတက္ကသိုလ်များကလည်း ထိုပြဿနာကို စိတ်ဝင်စားလာကြသည်။ ထိုပြဿနာကို သူတို့လည်း ဖြေရှင်းနိုင်ပါက တက္ကသိုလ်နံပါတ်စဉ် ပြောင်းလဲနိုင်သည်။

ထို့ကြောင့် အခြားတက္ကသိုလ်ရှိ ကျောင်းဝင်းအသီးသီးတွင်လည်း ပြဿနာ အဖြေရှာနိုင်မည့်သူကို ဖိတ်ခေါ်လျက် ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com

(၃၁)

ကြော်ငြာသင်ပုန်းရှေ့မှ ထွက်လာသောအခါ သူ့စိတ်ထဲတွင် ရှုတ်ထွေးနေသည်။ အခုတလော နာမည်ကြီးနေသည့် နံပါတ်(၁)တက္ကသိုလ်၏ ပြဿနာသည် ကျောင်းသားတိုင်း၏ စိတ်ထဲတွင် ရှိနေသည်။

ခေါင်းထဲတွင်လည်း ဂူထဲက တွေ့ခဲ့သော အရာများကို ပြန်လည် ပုံဖော်ကြည့်နေမိ၏။

ထိုစဉ် သူ့ရှေ့၌ ကောင်မလေးတစ်ယောက် ပိတ်ရပ်လိုက်သောကြောင့် လန့်ပြီးမော့ကြည့်မိသည်။

"ဟင်. . . ညို့ဝါဖြူ"

ညို့ဝါဖြူကို မြင်လိုက်ရ၍ သူ့မှာ အံ့ဩသွားလေသည်။

"သာဂေါင်"

"ဗျာ"

www.burmeseclassic.com

www.burmeseclassic.com



ညို့ဝါဖြူမှာ သူ့ရှေ့တွင် ခပ်တည်တည်လုပ်ပြီး ရပ်နေသည်။

သူ့မှာသာ ရှက်ကိုးရှက်ကန်း ဖြစ်နေရ၏။

ကျောင်းမှာ သူများတွေက ညို့ဝါဖြူ ချောလှသည်ဟု ပြောလွန်းအားကြီး၍ တစ်ခါတစ်ခါတော့ သွားချောင်းကြည့်ဖူးသည်။

အခု သူ့ရှေ့တွင် ရပ်နေသော ညို့ဝါဖြူကိုကြည့်ပြီး ဘာလုပ်ရမှန်းမသိ ဖြစ်နေသည်။

"နင်က နံပါတ် (၁)တက္ကသိုလ်ပြဿနာအတွက် စဉ်းစားနေတာလား"

"ဟင်. . . ဘာကိုမှ ငါ မစဉ်းစား ရသေးပါဘူး"

"ဒါဆို ဟိုတစ်နေ့က စာရွက်ထဲက ရေးထားတွေကဘာတွေလဲ"

အကြောင်ကြောင် ဖြစ်သွားလေသည်။

သို့သော် ညို့ဝါဖြူက သေချာရှင်းပြသည်။ ဟိုတစ်နေ့က ကင်တင်းမှာတုန်းက သူကြည့်နေသည့် စာရွက်ကို ဘာရယ် မဟုတ် အနောက်ကနေ လှမ်းကြည့်မိကြောင်း အရင်စပြောသည်။

"အဲ့ဒီစာရွက်ထဲမှာ ငါ တစ်ပိုင်းတစ်စမြင်လိုက်ရတာ တစ်ခု ရှိတယ်၊ ဘာတဲ့"

ဟုဆိုပြီး ညို့ဝါဖြူက သူမရဲ့ လွယ်အိတ်ထဲမှ စာအုပ်တစ်အုပ် ထုတ်ကာ ချရေးလိုက်လေသည်။

ဂူထဲမှာတွေ့ခဲ့ရတဲ့ အင်္ဂလိပ်စာများ ဖြစ်သည်။

**(1) Library**
**(2) Teacher Room**
**(3) Sport Room**
**(4) Chemistry**
**(5) Physics**
**(6) Park**
**(7) School Road**
**(8) Math**
**(9) All**

www.burmeseclassic.com

www.burmeseclassic.com



"အင်း. . . ဟုတ်တယ်၊ ငါ့စာရွက်ထဲမှာ ရှိတယ်"

"ငါလည်း အဲ့ဒါပြောချင်လို့ နင့်ဆီလာခဲ့တာ"

"ဘာ. . . ဘာကို ပြောမှာလဲ"

သူ့မှာ အထစ်အထစ် ဖြစ်နေသည်။

"ဒါတွေက နင်စဉ်းစားထားတဲ့ဟာတွေလား"

"မ. . . မဟုတ်ဘူး၊ တစ်နေရာက ရတာ"

ညို့ဝါဖြူ မျက်မှောင်ကြုတ်သွားသည်။

"ဒီလိုဟဲ့၊ ဒီစာရွက် နင့်လက်ထဲ တွေ့ချိန်မှာ နံပါတ်(၁) တက္ကသိုလ်ရဲ့ Physics ဆောင်နဲ့ ကျောင်းပန်းခြံက ရေမဝင်သေးဘူး၊ ဒါပေမယ့် နင့်အထဲက စီနီယာ အတိုင်းဆိုရင် နင်က ကြိုသိနေသလို ဖြစ်နေတယ်၊ ဒီမှာကြည့်လေ အရင်ဆုံး စာကြည့်တိုက်၊ ပြီးတော့ ဆရာတစ်ယောက်ရဲ့ အခန်း၊ အားကစားဆောင်၊ ဓာတုဗေဒဆောင် တွေ့လား၊ နံပါတ် (၁)တက္ကသိုလ် ရေဝင်ခဲ့တဲ့ လမ်းကြောင်း အတိုင်းပဲ"

ညို့ဝါဖြူပြောမှပဲ သေချာ စဉ်းစားကြည့်မိသည်။

ဟုတ်တော့ ဟုတ်သည်။ အစီအစဉ်အတိုင်း ဖြစ်နေသည်။

သူလည်း နည်းနည်းတော့ ရိပ်မိသည်။ ညို့ဝါဖြူလိုတော့ သေချာ မစဉ်းစားမိသေး. . .။



"အခု. . . ကျောင်းလမ်းတွေရော၊ သချ်ာဆောင်ရော အပြင် ကျောင်းတစ်ခုလုံး ရေဝင်ပြီး၊ ရေတက်နေတာဆိုတော့ ဒီ အစီအစဉ်က မှန်သလိုဖြစ်နေတယ်။ ဒါတွေကို နင် ဘယ်ကရတာလဲ"

သူ ပြောသင့်မပြောသင့် စဉ်းစားလိုက်သည်။

နောက်ဆုံးတွင် ညို့ဝါဖြူအား အကုန်ဖွင့်ပြောလိုက်လေသည်။

□

www.burmeseclassic.com

www.burmeseclassic.com

(၃၂)

အပေါ်ကနေ ကြိုးနဲ့တွယ်ဆင်းလာသော ညို၀ါဖြူ၏ မျက်နှာသည် တအံ့တသြဖြစ်ကာ မှင်သက်နေလေ၏။

ကြိုးပေါ်က မဆင်းမီ ကြောင်ပြီး ကြည့်နေမိသည်။

“ဒါ. . . ဒါကို နင်ဘယ်တုန်းက တွေ့ခဲ့တာလဲ”

“မကြာသေးဘူးဟ”

ညို၀ါဖြူ ကြိုးပေါ်က ဆင်းနေတာကို ကူညီရင်း သာဂေါင်က ဖြေနေရသည်။ ညို၀ါဖြူက နံရံများကို လှည့်ပတ်ကြည့်ရှုရင်း-

“ပုံတွေက အများကြီးပဲ”

“ဟုတ်တယ်”

“သဘာ၀အတိုင်း ဖြစ်နေတာလား”

သာဂေါင်က ပြန်မဖြေသေးဘဲ ငြိမ်နေလိုက်သည်။

သူလည်း သေချာမသိပေ။ ထို့ကြောင့် အသာငြိမ်နေလိုက်၏။



“လူလုပ်ထားတာထင်တယ်”

ညို၀ါဖြူက သူထင်တဲ့အတိုင်း ပြောသည်။

သာဂေါင်ကလည်း ခေါင်းညိတ်ပြသည်။ သူလည်း ထိုအတိုင်းပဲ ထင်မိသည်။ အရုပ်များ စာသားများက ဂူနံရံအပြည့် မဟုတ်သော်လည်း ကြိုကြားကြိုကြားတော့ ရှိသည်။

အသုံးအဆောင်ပစ္စည်းအချို့လည်း ရှိနေသည်။

များများစားစားတော့ မရှိချေ။ ရေခွက်အစုတ်၊ ကျောက်ထွင်းဘီရိုယာ အဟောင်းများ၊ ခဲတံအကျိုး၊ စာရွက်အစုတ်များ စသည်တို့ဖြစ်သည်။

“သာဂေါင်”

“ဟင်”

“နင် ဘယ်လိုထင်လဲ”

သူကတော့ ‘အိပ်လို့ကောင်းတဲ့နေရာပဲလို့ ထင်မိသည်။

သို့သော် ပါးစပ်ကတော့ မပြောဖြစ်။

“နံပါတ် (၁)တက္ကသိုလ်ရေကြီးတာနဲ့ ဒီအခန်းနဲ့ ဆက်သွယ်နေတယ်လို့ နင်က ထင်ခဲ့တယ်မှတ်လား”

“အင်းလေ”

“ငါလည်း စစတွေ့တော့ အံ့သြနေတာပေါ့။ ခုနက အင်္ဂလိပ်လိုရေးထားတဲ့ မေဂျာတွေနဲ့ နေရာတွေကို ကြည့်ခြင်းအားဖြင့် နည်းနည်း သွားတိုက်ဆိုင်နေတယ်၊ နေရာအစီအစဉ်နဲ့ တစ်ခုသောတ်

www.burmeseclassic.com

www.burmeseclassic.com



ပဲလွဲတာ"

"အင်း. . . ဟုတ်တယ်၊ နေပါဦး၊ အဲ့ဒီစာသားတွေက ဘယ်နားမှာလဲ"

သာဂေါင်က နံရံများကို လက်ဖြင့် ကိုင်ကြည့်သည်။

တစ်နေရာအရောက်တွင် လက်များကိုရပ်လိုက်ပြီး-

"ဒီမှာ"

ညိုဝါဖြူက သာဂေါင်လက်ထောင်ထားသောနေရာကို ကြည့်လိုက်သည်။

(1)Library (စာကြည့်တိုက်)

(2)Teacher Room (ဆရာများအခန်းထဲက တစ်ခန်း)

(3)Sport Room (အားကစားခန်းမ)

(4)Chemistry (ဓာတုဗေဒအဆောင်)

(5)Physics (ရူပဗေဒအဆောင်)

(6)Park (ကျောင်းပန်းခြံ)

(7)School Road (ကျောင်းလမ်း)

(8)Math (သင်္ချာဆောင်)


(9)All (အားလုံးရေမြုပ်)



"ဘေးနားက ပုံလေးက ဘာပုံလေးလဲ"

ညိုဝါဖြူက ဘေးကို လက်ရွှေ့လိုက်သည်။

သာဂေါင်ကလည်း လိုက်ကြည့်သည်။



"လှိုင်းပုံစံတွေနဲ့တူတယ်"

"ရေကို ပြောချင်တာလား"

"ဖြစ်နိုင်တယ် ရေလွှမ်းတာကိုပြောတာ ဖြစ်နိုင်တယ်"

ညိုဝါဖြူက သူ့ Note စာအုပ်ဟောင်းထုတ်ပြီး အထက်ပါပုံလေးကို ဆွဲလိုက်သည်။

"ဒါဆို ဒီထဲကို ရောက်ဖူးတဲ့လူက ရေလွှမ်းမယ်ဆိုတာ ကြိုသိနေတာပေါ့"

သာဂေါင်လည်း ဘာမှပြန်မဖြေမိ။

ကျန်တဲ့ပုံများကိုသာ လိုက်ကြည့်နေမိသည်။

ညိုဝါဖြူလည်း သူ့လိုပင် လိုက်ကြည့်နေ၏။

ဒီဂူက ထူးဆန်းတာတော့ ထူးဆန်းသည်။ ဒီဂူကို ပြုလုပ်သွား

www.burmeseclassic.com



သောသူသည် တစ်ယောက်တည်းတော့ မဖြစ်နိုင်။

လူနည်းနည်းတော့ များရမည်။

"သာဂေါင်"

"ဟင်"

"ဒီအရုပ်တွေကို ကြည့်စမ်း၊ ငါ့သူငယ်ချင်းတစ်ယောက်စီမှာ မြင်ဖူးတယ်ဟ"


"ဟာ. . . ဟုတ်လား"

"ငါ့သူငယ်ချင်းက အနောက်တိုင်းစာပေလေ့လာရေးဌာနမှာ သင်တန်းတက်နေတာ"

"ငါတို့ ဒီအရုပ်တွေကို ကူးယူသွားပြီး သူ့ကို သွားမေးရင် ကောင်းမယ်"


"ငါ ကူးလိုက်မယ်"

သာဂေါင်က လွယ်အိတ်ထဲမှ စာအုပ်ကိုထုတ်ပြီး ညီဝါဖြူပြသော နံရံပေါ်မှ အရုပ်များကို အနီးစပ်ဆုံး တူအောင်ရေးဆွဲလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



(၃၃)

“ဒါ အီဂျစ်အရုပ်စာရေးနည်းနဲ့ ရေးထားတာ၊ နင်တို့ဘယ်က ရတာလဲ”

“ဟို. . .”

ညီ[redacted]က သူ့သူငယ်ချင်းကို ဘာပြောရမှန်းမသိသော ကြောင့် သာ[redacted]ကို လှည့်ကြည့်သည်။ သာဂေါင်ကလည်း ဖြစ် ကြောင်းရယ်ကုန်စင် မရှင်းပြချင်။

ထို့ကြောင့် လွယ်လွယ်ကူကူပဲ။

“သူငယ်ချင်းတစ်ယောက်က ဖြေနိုင်ရင် မုန့်ဝယ်ကျွေးမယ် ဆိုလို့”

“ဪ. . . ဒါဆို ငါ့ကိုလည်း ကျွေးမှာလား”

“အင်း. . . ကျွေးမှာပေါ့”

ဒီလိုနဲ့ ညီဝါဖြူသူငယ်ချင်းကို မုန့်ဝယ်ကျွေးရန် ကင်တင်းကို

www.burmeseclassic.com

www.burmeseclassic.com



ရောက်သွားကြသည်။

“ငါ ဒီပုံတွေအောက်မှာပဲ ရေးပေးလိုက်မယ်။ ဒီပုံတွေက နာမည်တစ်ခုချင်းစီကို ပုံတွေနဲ့ ရေးထားတာ”


“နာမည် ဟုတ်လား”

သာဂေါင်က ညိုဂါဖြူကို လှည့်ကြည့်သည်။

“ငါ ရေးပေးလိုက်မယ်နော်”

“အေး အေး”

ညိုဂါဖြူသူငယ်ချင်းက သာဂေါင်ဆွဲထားသော အရုပ်များပေါ်တွင် အင်္ဂလိပ်စာများကို ဖြည့်ရေးလိုက်၏။




www.burmeseclassic.com

www.burmeseclassic.com





သူတို့နှစ်ယောက်မှာ စာရွက်ကို ကိုင်ပြီး တွေဝေနေကြသည်။

ထိုစဉ် သာဂေါင်က တစ်စုံတစ်ခုကို သတိရသွားပြီး-

"တစ်ခုလောက် ကူညီပါဦး"

"ဘာများလဲ"

"အီဂျစ်စာတွေ၊ ဂဏန်းတွေပါတဲ့ လေ့လာစရာစာအုပ်များ ရှိလား"

"ရှိတယ်"

"ခဏလောက် ငှားပါလား"

ညီဝါဖြူ့သူငယ်ချင်းက အင်တင်တင်ဖြစ်နေသည်။

ညီဝါဖြူကလည်း 'ခဏလေးငှားပါ'ဟု ဝင်ပြောသည်။ ထို့နောက် မတတ်သာသည့်အဆုံး [redacted]သူငယ်ချင်းက စာအုပ်တစ်အုပ် ထုတ်ပေး၏။

အင်္ဂလိပ်လိုရေးထားသည့် စာအုပ်တစ်အုပ် ဖြစ်သည်။

သုံးရက်ပဲငှားမည်ဟု ဆိုသေးသည်။ သူတို့နှစ်ယောက်ကလည်း ခေါင်းညိတ်ပြလိုက်ပြီး စာအုပ်ကိုသာ အလျင်အမြန် သိမ်းလိုက်ကြသည်။

ထို့နောက် ညီဝါဖြူ့သူငယ်ချင်းက ယခုတလောဖြစ်ပျက်နေသည့် 'နံပါတ် (၁)တက္ကသိုလ်' အကြောင်းအား စကားစလိုက်သည်။

သာဂေါင်နဲ့ ညီဝါဖြူကလည်း 'မသိဘူး၊ နောက်မှပြောတော့မယ်'ဟုဆိုပြီး ကင်တင်းထဲမှ အတင်းထွက်ခဲ့လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်စလုံး၏ စိတ်တွေက ဂူထဲသို့သာ ရောက်နေသည်။ အလျင်လည်း လိုနေကြ၏။

ညိုဝါဖြူသူငယ်ချင်းကသာ ကင်တင်းထဲတွင် အူကြောင်ကြောင်နှင့် ကျန်ရစ်ခဲ့၏။ ထိုအချိန်တွင် ကင်တင်း၏ ထောင့်ခုံတွင် စိတ်ညစ်ညစ်နှင့်ထိုင်နေသော ဟန်လင်းလွင်မှာ ကင်တင်းထဲမှ အလျင်စလို ထွက်သွားသော သာဂေါင်နှင့် ညိုဝါဖြူကို ဖျတ်ခနဲ တွေ့လိုက်ရ၏။

"ဟင်. . . သာဂေါင်က ဘယ်လိုဖြစ်ပြီး ညိုဝါဖြူနဲ့ သိနေရတာလဲ"

□

(၃၄)

နံပါတ် (၁)တက္ကသိုလ်

မှတ်တမ်းထိန်းသိမ်းရေးဌာန

"တွေ့ပြီ"

ကျောင်းသားတစ်ယောက်၏အော်သံကြောင့် အခြားမှတ်တမ်းများကို ရှာနေသောသူများမှာ အလန့်တကြား လှည့်ကြည့်ကြသည်။

"သေချာလို့လား"

ဘူမိဗေဒပါမောက္ခက လှမ်းမေးသည်။

"သေချာတယ်ဆရာ"

ထိုကျောင်းသားက ဘူမိဗေဒပါမောက္ခဆီ လှမ်းလာပြီး ဖိုင်တွဲအချို့ကို ကမ်းပေးသည်။ အားလုံးကလည်း ဘူမိဗေဒပါမောက္ခနားသို့ ဝိုင်းအုံလာကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ပါမောက္ခက ကျောင်းသားလက်ထဲမှ ဖိုင်ကို လှမ်းယူကြည့်သည်။

အနီရောင်ဖိုင်တွဲများဖြစ်သည်။

ကျောင်းထုတ်ခံထားရသူများအတွက် သီးသန့်ဖိုင်ဆိုတာတော့ သေချာသည်။ ဖိုင်တွဲပေါ်မှ Date ကို ကြည့်လိုက်သည်။

"အင်း. . . ထုတ်ခံရတဲ့ ခန့်မှန်းနေ့စွဲလောက်ကပဲ"

ဘူမိဗေဒပါမောက္ခက ဖိုင်တွဲကို လှန်ကြည့်လိုက်သည်။

"သေချာတယ်"

ကျောင်းသား (၁)

| | | |
|---|---|---|
| အမည် | - | မောင်ကျော်ဇင် |
| အဖအမည် | - | ဦးဝင်းမြင့် |
| ကျောင်းဝင်ခွင့်အမှတ် | - | 0821349718 |
| ဉာဏ်ရည်ဉာဏ်သွေးအဆင့် | - | ၁၅၀ |
| အထူးပြုဘာသာ | - | ရူပဗေဒ (ဂုဏ်ထူးတန်း) |
| ထူးချွန်မှတ်တမ်းအချို့ | - | ဘာသာစကားသုံးမျိုးတတ်ကျွမ်း |
| | - | နိုင်ငံတကာ ကျောင်းသားများ တီထွင်ခြင်း ပြိုင်ပွဲဆုရ |
| | - | နိုင်ငံတကာ Chess ပြိုင်ပွဲဆုရ |
| | - | အထူးပြုစာတမ်းများ ပြိုင်ပွဲဆုရ |
| | - | မေဂျာတွင်းအကောင်းဆုံးဆုရ |



ကျောင်းသား (၂)

| | | |
|---|---|---|
| အမည် | - | မောင်ဝင်းမင်း |
| အဖအမည် | - | ဦးထွန်းရွှေ |
| ကျောင်းဝင်ခွင့်အမှတ် | - | 0821349834 |
| ဉာဏ်ရည်ဉာဏ်သွေးအဆင့် | - | ၁၆၃ |
| အထူးပြုဘာသာ | - | ဘူမိဗေဒ (ဂုဏ်ထူးတန်း) |
| ထူးချွန်မှတ်တမ်းအချို့ | - | ဘာသာစကားနှစ်မျိုးတတ်ကျွမ်း |
| | - | Program ပြိုင်ပွဲများတွင် ဆုရ |
| | - | အီဂျစ်စာပေထူးချွန်ဆုရ |
| | - | နိုင်ငံတကာ ဉာဏ်စမ်းပြိုင်ပွဲဆုရ |

ကျောင်းသား (၃)

| | | |
|---|---|---|
| အမည် | - | မောင်ထွန်းဝေ |
| အဖအမည် | - | ဦးမြင့်ထွန်း |
| ကျောင်းဝင်ခွင့်အမှတ် | - | 0821349708 |

www.burmeseclassic.com

www.burmeseclassic.com



ဉာဏ်ရည်ဉာဏ်သွေးအဆင့် - ၁၄၆
အထူးပြုဘာသာ - Mining Engineering
ထူးချွန်မှတ်တမ်းအချို့ - ဘာသာစကားနှစ်မျိုး တတ်ကျွမ်း
- နိုင်ငံတကာ Chess ပြိုင်ပွဲဆုရ
- နိုင်ငံတကာဉာဏ်ရည် ဉာဏ်သွေးများဆိုင်ရာ Conference ထူးချွန်ဆုရ

ကျောင်းသား (၄)

အမည် - မောင်အောင်ကို
အဖအမည် - ဦးမောင်မြင့်
ကျောင်းဝင်ခွင့်အမှတ် - 0821349777
ဉာဏ်ရည်ဉာဏ်သွေးအဆင့် - ၁၄၇
အထူးပြုဘာသာ - သင်္ချာ (ဂုဏ်ထူးတန်း)
ထူးချွန်မှတ်တမ်းအချို့ - နိုင်ငံတကာ သင်္ချာ ပြိုင်ပွဲဆုရ
- ဉာဏ်ရည်ဉာဏ်သွေး များဆိုင်ရာ ပြိုင်ပွဲဆုရ
- တင်းနစ်အားကစား ထူးချွန်ဆုရ



ကျောင်းသား (၅)

အမည် - မောင်မင်းမင်း
အဖအမည် - ဦးမျိုးမင်း
ကျောင်းဝင်ခွင့်အမှတ် - 0821349768
ဉာဏ်ရည်ဉာဏ်သွေးအဆင့် - ၁၆၆
အထူးပြုဘာသာ - ဓာတုဗေဒ (ဂုဏ်ထူးတန်း)
ထူးချွန်မှတ်တမ်းအချို့ - တန်စန်ဓာတုဗေဒ ထူးချွန်ဆုရ
- နိုင်ငံတကာ ဓာတုဗေဒ ဘာသာရပ် Scholarship ဆုရ

www.burmeseclassic.com

www.burmeseclassic.com



"သူတို့တွေရဲ့ နေရပ်လိပ်စာရော"

ဘူမိဗေဒပါမောက္ခက ကျောင်းသားတစ်ယောက်အား လှမ်းမေးလိုက်သည်။

"ရှိတယ်ဆရာ"

"အေး. . . ပြစမ်းပါဦး၊ အဲဒါ အရေးကြီးတယ်"

□

မှတ်ချက်။ နိုင်ငံတကာ အိုင်ကျူ (IQ)အဆင့် သတ်မှတ်ချက်

၁၁၅ - ၁၂၄ - သာမန်အဆင့်

၁၂၅ - ၁၃၄ = ပင်ကိုယ်ဉာဏ်ရည်ဉာဏ်သွေးပဲရှိ

၁၃၅ - ၁၄၄ - ကောင်းမွန်တဲ့ ပင်ကိုယ်ဉာဏ်ရည်ဉာဏ်သွေးရှိ

၁၄၅ - ၁၆၄ = ပါရမီရှင်

၁၆၅ - ၁၇၉ - ထူးချွန်ပါရမီရှင်

၁၈၀ - ၂၀၀ - အဆင့်မြင့် ထူးချွန်ပါရမီရှင်

(၃၅)

ဂူထဲသို့ ပြန်ရောက်လာသောအခါ ညိုဝါဖြူမှာ သူ့ သူငယ်ချင်း ပေးလိုက်သောစာအုပ်ကို ဖွင့်လိုက်လေ၏။

"ညိုဝါဖြူ"

"အင်း. . . ဘာလဲ"

"သူတို့က ဒီဂူထဲမှာ တစ်ခုခုကို ကြံစည်ရင်းနဲ့ သူတို့ပြောချင်တာကို အီဂျစ်စာတွေနဲ့ ရေးခဲ့တာဖြစ်မယ်'

"အေး ဖြစ်နိုင်တယ်"

"ပြီးတော့ ဒီဂူထဲမှာ တစ်ခုခုကြံစည်ခဲ့တာ ကျောင်းသားငါးယောက်ဆိုတာ သေချာတယ်"

"ခုနက ဖော်လို့ရတဲ့နာမည် ငါးဦးလား"

"ဟုတ်တယ်"

"ဒါဆို သူတို့က ဒီမှာ ဘာလာလုပ်ခဲ့ကြတာလဲ"

www.burmeseclassic.com

www.burmeseclassic.com




သူလည်း ထိုမေးခွန်းရဲ့ အဖြေကိုပဲ သိချင်နေသည်။ ထို့ကြောင့် ခေါင်းကုတ်ရင်း ဟိုဟိုဒီဒီကြည့်နေတုန်း-

"ညိုဝါဖြူ"

"အင်း. . ."

ညိုဝါဖြူက သူ့ရှေ့က ပုံလေးကို ကြည့်နေရင်းမှ လှမ်းထူးသည်။ သူပြသည့်နေရာကိုလည်း ကြည့်လိုက်၏။

လှိုင်းတွန့်လေးများ ရှိနေတဲ့ပုံ၏ အပေါ်ဘက်က ပုံဖြစ်သည်။



"လူတစ်ယောက် မျက်လုံးမှိတ်ထားတဲ့ ပုံစံပါလား"

ညိုဝါဖြူက သူထင်သလို ဝင်ပြောသည်။

"မဟုတ်ဘူးထင်တယ်၊ ဒီမှာ ငါဖွင့်ထားတဲ့ စာမျက်နှာကို ကြည့်ပါဦး"

သူက ညိုဝါဖြူသူငယ်ချင်းစာအုပ်ရဲ့ ဖွင့်လက်စ စာမျက်နှာကို ပြလိုက်သည်။

"အဲဒီ ∩ ပုံက အီဂျစ်ဂဏန်းမှာ ဆယ်ဂဏန်းလို့ပြောတာ"

"ဒါဆို ဒီပုံက နှစ်ခုဆိုတော့ နှစ်ဆယ်ကို ပြောတာပေါ့"

∩∩ = 20

"ပြီးတော့ တုတ်ချောင်းတစ်ချောင်းက တစ်၊ နှစ်ခုဆိုတော့ နှစ်"

သူက ပြောပြောဆိုဆို စာရွက်အလွတ်တွင် ပုံဆွဲကာ နှစ်ဟု ရေးပြလိုက်သည်။

|| = 2

"အောက်က အတန်းအရှည်ကြီးရဲ့အဓိပ္ပာယ်တော့ မပါဘူးဟ၊ နေဦး ဒီမှာရေးထားသေးတယ်၊ အီဂျစ်ဂဏန်းကို အပေါ်အောက် ရေးထားရင် ရက်စွဲတစ်ခုကို ဆိုလိုတာလည်း ဖြစ်နိုင်တယ်တဲ့"

"ဟင်"

လက်ထဲမှ စာအုပ်ပြုတ်ကျသွားသည်။

ညိုဝါဖြူလည်း သူ့ပါးစပ်လေးကို ပိတ်ကာ တအံ့တသြဖြစ်သွားလေသည်။

"နံပါတ် (၁)တက္ကသိုလ်ရေကြီးတဲ့နေ့က ဘယ်နေ့လဲ"

"၂၂ ရက် ၂ လပိုင်းက စဖြစ်တာ"

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို သူတို့ခန့်မှန်းတဲ့ရက်ထက် ၂ ရက်ပဲ နောက်ကျတာပေါ့"

"ဖြစ်နိုင်တယ် ညီပါဖြူ"

"သူတို့က ဘာဖြစ်လို့ ဖြစ်မယ့်ခုနှစ်ကို မရေးခဲ့တာလဲ"

"သူတို့ခန့်မှန်းတွက်ချက်နေတုန်း တစ်ခုခုဖြစ်တာများလား"

သူနှင့် ညီပါဖြူမှာ ပုံစာများကို အထူးစိတ်ဝင်စားလာသေသည်။

ထို့ကြောင့် နောက်ဆုံးတွင် ရှိရှိသမျှ ပုံများကို လိုက်ကြည့်ပြီး အဓိပ္ပာယ်ဖော်လေတော့သည်။

ညီပါဖြူက စာအုပ်ကိုကိုင်ကာ ပုံများနှင့် တိုက်ကြည့်ပြီး သူကတော့ စာရွက်အလွတ်ပေါ်တွင် အဓိပ္ပာယ် လိုက်ရေးရ၏။

နောက်ဆုံးတွင် တစ်ဖက်ပါ အဓိပ္ပာယ်ရှိသော အကြောင်းအရာများ ထွက်လာလေသည်။



**စတင်ဖြစ်ပေါ်နိုင်သည့် ခန့်မှန်းချက်များ**

| | | |
|---|---|---|
| (၁) | စာကြည့်တိုက် | (သေချာသလောက်ရှိ) |
| (၂) | ဆရာတစ်ယောက်၏အခန်း | (မသေချာ) |
| (၃) | အားကစားခန်းမ | (သေချာသလောက်ရှိ) |
| (၄) | ဓာတုဗေဒဆောင် | (သေချာသလောက်ရှိ) |
| (၅) | ရူပဗေဒဆောင် | (၅၀ ရာခိုင်နှုန်း) |
| (၆) | ကျောင်းပန်းခြံ | (သေချာသလောက်ရှိ) |
| (၇) | ကျောင်းလမ်းများ | (အထက်ပါ ကျောင်းပန်းခြံနေရာ လွဲချော်ပါကမဖြစ်နိုင်) |
| (၈) | သင်္ချာဆောင် | (၅၀ ရာခိုင်နှုန်း) |
| (၉) | အားလုံး | (သင်္ချာဆောင်ဝင်လျှင် ကျောင်းတစ်ခုလုံး ရေမြုပ်ရန် သေချာနေ) |

**ဖြစ်နိုင်သည့်နေ့ရက်များ**

၂၀ ရက် ၂ လပိုင်းလောက်ဖြစ်နိုင် (ခုနှစ်တွက်ချက်၍ မရသေး) (သင်္ချာသမားနှင့် ဘူမိသမားက ခုနှစ်တစ်ခုကို အဆိုပြုသော်လည်း ကျန်လူများက လက်မခံ၍ ပယ်ချခဲ့)

www.burmeseclassic.com

www.burmeseclassic.com




## နံပါတ် (၁) တက္ကသိုလ်အောက်တွင်ရှိနေသော အရာများနှင့် ခန့်မှန်းချက်များ

- နံပါတ် (၁)တက္ကသိုလ်အောက်ဘက် မိုင်အနည်းငယ်အကွာတွင် ပင်လယ်သေထဲက ရေလိုမျိုး အမြောက်အများရှိနိုင် (ပမာဏခန့်မှန်းဆဲ) (ဘူမိသမား၏ တွက်ချက်မှု)
- ထိုပင်လယ်သေရေများသည် ပုံမှန်အတိုင်းဆိုရင် မြေအောက်၌ပင် ငြိမ်သက်နေနိုင်။ သို့သော် အပေါ်သို့ တက်ရန်အတွက် ပင်လယ်သေရေများနှင့် နီးရာတွင် သဘာဝအတိုင်း ဖြစ်ပေါ်နေသည့် ထူးဆန်းသောအရာများ တစ်ခုမကရှိနေသည်ဟု Mining ကျောင်းသားက ခန့်မှန်း၊ သေချာမှုမှာ ၃၀% နှုန်းသာရှိဟု အားလုံးက တွက်ချက်။
- ထိုသဘာဝအတိုင်းရှိနေသည့်အရာမှာ ရူပဗေဒသဘောတရားအရဆိုလျှင် တစ်ဖက်ပါပုံနှင့် အနီးစပ်ဆုံး တူနိုင်သည်။



■ ပုံပါအတိုင်း အနီးစပ်ဆုံး တူသည့် သဘာဝပစ္စည်း တစ်ခုမက ရှိနေနိုင်သည်။ ပုံထဲက a ထဲသို့ အကြောင်းတစ်ခုခုကြောင့် ရေများကျခဲ့ပါက မြေပြင်ပေါ်သို့ရေများ တက်လာနိုင်သည်။




## အခြားတက္ကသိုလ်များသို့ ရေများ ဝင်နိုင်ခြေ

- အခြားတက္ကသိုလ်များသို့ ရေများ ဝင်နိုင်ခြေ အလွန်နည်းသည်။ သို့သော် ရေများသည် နံပါတ် (၁) တက္ကသိုလ်အား အကုန်လွှမ်းသွားပြီး အမြင့်ဆုံးထိ ဆက်တက်နေမည်ဆိုပါက အနီးကပ်ဆုံး တက္ကသိုလ်ဖြစ်သည့် နံပါတ် (၆) တက္ကသိုလ်သို့ အဦးဆုံး ရေဝင်နိုင်သည်။

www.burmeseclassic.com



"ဟင်"

ဘာသာပြန်နေသော သူတို့နှစ်ယောက်မှာ ထိတ်လန့်သွားလေသည်။

"ဘယ်. . . ဘယ်လို လုပ်မလဲ"

ညှိုးဝါဖြူက သူ့လက်ကို စိုးရိမ်တကြီး လာကိုင်သည်။ သူလည်း ချက်ချင်းဆိုတော့ ဘာစဉ်းစားရမှန်းမသိ ဖြစ်နေသည်။

ထိုစဉ် ရှေ့ခပ်လှမ်းလှမ်းရှိ အရာတစ်ခုကို လှမ်းမြင်လိုက်ပြီး-

"ညှိုးဝါဖြူ"

"ဟင်"

"ဟိုက မြေစိုင်ခဲတွေနဲ့ ပိတ်ထားတာ ဘာလဲမသိဘူး"

ညှိုးဝါဖြူလည်း ထိုမြေစိုင်ခဲများကို အခုမှ မြင်ပုံရသည်။

ထိုမြေစိုင်ခဲများရှိရာသို့ လျှောက်သွားလိုက်ပြီး တစ်ခုချင်းစီ ခွာကြည့်လိုက်ကြသည်။

မြေစိုင်ခဲများက အကြီးရော၊ အသေးရော အစုံပင်ဖြစ်သည်။

တစ်ခု. . . နှစ်ခု. . . သုံးခု. . .

. . . . . . . . .

. . . . . . . . .

နောက်ဆုံး မြေစိုင်ခဲကို ဖယ်လိုက်၏။

"ဟင်. . ."

"ဟာ. . ."



www.burmeseclassic.com

www.burmeseclassic.com



"သူတို့က လိုဏ်ခေါင်းတူးသွားတာပဲ"

ပြောပြောဆိုဆို သာဂေါင်က လိုဏ်ခေါင်းထဲဝင်ရန် ပြင်သည်။

"သာဂေါင်. . . ဖြစ်. . . ဖြစ်ပါ့မလား"

ညိုဝါဖြူက ကြောက်နေ၏။

"ငါ ဝင်ကြည့်လိုက်ဦးမယ်၊ နင် ဒီမှာ နေခဲ့"

ညိုဝါဖြူက ခေါင်းညိတ်ပြသည်။

သာဂေါင်က လိုဏ်ခေါင်းထဲ ဝင်သွား၏။

ညိုဝါဖြူမှာ လိုက်ဝင်ချင်သော်လည်း ကြောက်သောကြောင့် အပြင်ကပဲ ချောင်းကြည့်နေရသည်။

ငါးမိနစ်ခန့် ကြာသောအခါ သာဂေါင် ပြန်ရောက်လာ၏။

"လိုဏ်ခေါင်းက ဆက်မတူးထားဘူး၊ ရှေ့မှာ ပိတ်သွားပြီ"

"ဟင် ဟုတ်လား"

"ငါထင်တာက သူတို့တွက်ဆထားချက်တွေ ရှိနေနိုင်တဲ့နေရာကို လိုဏ်ခေါင်းတူးပြီးသွားဖို့ ကြိုးစားခဲ့ကြပုံရတယ်၊ ဒါပေမယ့် အကြောင်းတစ်ခုခုကြောင့် ဆက်မတူးဖြစ်ကြတော့ပဲ ရပ်သွားပုံရတယ်ဟ"

"ဒါဆို ဘာဆက်လုပ်ကြမလဲ"

"ငါတို့ ပါချုပ်ကို ပြောမှရတော့မှာပေါ့"

□

www.burmeseclassic.com

www.burmeseclassic.com

(၃၆)

သာဂေါင်က ကြိုးဖြင့်တက်လာသော ညှိဝါဖြူကို လှမ်းဆွဲကာ မြေပြင်ပေါ်သို့ တင်ပေးလိုက်သည်။

မြေပေါ်သို့ ရောက်သောအခါ ဘေးဘီဝဲယာသို့ တစ်ချက်ကြည့်ပြီး နံပါတ် (၆)တက္ကသိုလ်ဝင်းထဲသို့ ခပ်သွက်သွက် လျှောက်လိုက်ကြသည်။

သို့သော် သစ်ပင်အကွယ်မှ ချောင်းကြည့်နေသော လူတစ်ယောက်ကိုတော့ သူတို့နှစ်ဦး သတိမထားမိလိုက်ချေ။

ထိုသူသည် ခပ်လှမ်းလှမ်းရောက်သွားသော သာဂေါင်နှင့် ညှိဝါဖြူကို တစ်ချက်လှမ်းကြည့်လိုက်၏။

တော်တော်ဝေးဝေးရောက်ပြီဆိုမှ သူတို့နှစ်ဦးထွက်လာသော နေရာကို ကြည့်လိုက်၏။ တွင်းတစ်တွင်း ဖြစ်နေသည်။ ထို့ကြောင့်



အသင့်ရှိနေသော ကြိုးနှင့်တွင်းထဲကို ဆင်းလိုက်၏။

"ဟင်"

မြင်လိုက်ရသော မြင်ကွင်းကြောင့် ထိုလူမှာ အလွန်အမင်း ထိတ်လန့်တုန်လှုပ်သွားလေသည်။ ချက်ချင်းဆိုသလိုပင် ဒီဂူသည် နံပါတ် (၁)တက္ကသိုလ်ဖြစ်ရပ်နှင့် ဆက်စပ်နေသည်ဆိုတာကို ရိပ်မိသွားပြီး-

"မဖြစ်ဘူး. . . ဆရာကြီးကို အမြန်အကြောင်းကြားမှဖြစ်မယ်၊ သာဂေါင့်အရင် အကြောင်းကြားမှဖြစ်မယ်"

ဟု ရေရွတ်လိုက်လေတော့သည်။

❒

www.burmeseclassic.com

www.burmeseclassic.com

## (၃၇)

### နံပါတ် (၁)တက္ကသိုလ်
### ပါမောက္ခချုပ်အစည်းအဝေးခန်း

နံပါတ် (၁)တက္ကသိုလ်ပါမောက္ခချုပ်က သူ့ရှေ့တွင်ရှိနေသော စာရွက်စာတမ်းတစ်ခုကို လှမ်းယူလိုက်သည်။

အစည်းအဝေးခန်းထဲတွင်လည်း လူတော်တော်များများရှိ နေသည်။

"ဒါက နံပါတ် (၁)တက္ကသိုလ်က ကျောင်းသားတွေ စဉ်းစား ထားတဲ့ ဖြေရှင်းနိုင်မယ့် နည်းလမ်းတွေပါ"

ပါမောက္ခတစ်ယောက်က ပြောပြသည်။

ပါချုပ်က အပေါ်စာမျက်နှာကို ကြည့်လိုက်၏။



### နံပါတ် (၁)တက္ကသိုလ်ကျောင်းသားများ၏ ဖြေရှင်းနိုင်မည့် နည်းလမ်းများ

(၁) ကျောင်းတွင်း၌ လွန်စွာတက်နေသောရေများ ပြန်ဆင်းဖို့ အတွက် လမ်းတစ်ခု ဖောက်ပေးရမည်။

(၂) (သို့)ရေဆိုသည်မှာ သူ့ဘာသာသူ အပေါက်ရှာပြီး ဆင်းသွား နိုင်သည့်အတွက် မိမိတို့တက္ကသိုလ်က စိုးရိမ်စရာမရှိဘဲ တစ် ပတ်အတွင်း ရေများ ပြန်ကျသွားနိုင်သည်။ ထိုအခါ ပုံမှန် ပြန်ဖြစ်သွားမည်။

(၃) ရေစဝင်တဲ့နေရာများမှာ အပေါက်များရှိနိုင်၊ ထိုအပေါက် များမှ ရေများမှာ အခုထိဝင်နေတုန်းဖြစ်သောကြောင့် ရေငုပ် ကျွမ်းကျင်သူအချို့နှင့် ပူးပေါင်းပိတ်ဆို့က ဖြစ်နိုင်။

(၄) (သို့)ကျောင်းဝင်းအတွင်းကရေများကို ရေစုပ်ပိုက်အကြီး များဖြင့် စုပ်ထုတ်ရမည်။

(၅) ယခု မိမိတို့ကျောင်းဝင်းထဲရှိ Dead Sea ပင်လယ်သေရေ များနှင့် ပုံစံတူဖြစ်သောကြောင့် အလှကုန်ပစ္စည်းထုတ်လုပ် သူများ (Cosmetic) ထုတ်လုပ်သူများက ရေထဲရှိနုန်းမြေကို ယူချင်သူများ ရှိနိုင်သောကြောင့် ကုန်ကျစရိတ် သက်သာစွာ ဖြင့် ရေများစုပ်ထုတ်နိုင်သည်။

(Dead sea ရှိ နုန်းမြေများကို နိုင်ငံတကာအလှကုန်ပစ္စည်း ထုတ်လုပ်သူများ၊ ကျန်းမာရေး ဆေးထုတ်လုပ်သူများက သူတို့ ပစ္စည်းများတွင် ထည့်သွင်းအသုံးပြုကြသည်။)

www.burmeseclassic.com

www.burmeseclassic.com



ပါချုပ်က စာရွက်များကို ပြန်ချလိုက်ပြီး ခေါင်းကိုလည်း ခါယမ်းလိုက်၏။

"အဆင်မပြေဘူးလား ပါချုပ်"

ပါမောက္ခတစ်ယောက်က ဝင်မေးသည်။

"မပြေဘူး"

"ဘာ ဘာဖြစ်လို့လဲ"

"ကျုပ်တို့ကျောင်းရဲ့အနေအထားအရ ရှေးလွန်ခဲ့တဲ့ ခေတ်ကစပြီး ရေမရှိတဲ့ ကန်ရဲ့အလယ်မှာ ဆောက်ထားသလို ဖြစ် နေတယ်ဒါက ပထဝီအနေအထားအရ ပြောတာ၊ မယုံရင် ကျောင်းပတ်ပတ်လည်ကိုလည်း ကြည့်ကြပါဦး၊ ရေတွေဝင်လာပြီးရင် ပြန်ထွက်နိုင်တဲ့လမ်း မရှိဘူး"

အားလုံး ငြိမ်သက်သွားသည်။

"နောက်တစ်ခု ရေက ဆက်တက်နေတဲ့အနေအထားရှိတယ်မနက်ဖြန်လောက်ဆိုရင် ကျုပ်တို့ အခု အစည်းအဝေးလုပ်နေတဲ့အထပ်တောင် ရေလွှမ်းတော့မယ့် အနေအထားရှိနေတယ်၊ ကျောင်းကိုလည်း ဒီပြဿနာပြီးတဲ့အထိ ပိတ်လိုက်ရတော့မယ်"

အခန်းထဲရှိ လူများ၏တစ်ယောက်တစ်ခွန်း စကားပြောသံများဖြင့် ဆူညံသွားသည်။

"ရေတွေကို စုပ်ထုတ်နိုင်ဖို့နဲ့ ရေထွက်နိုင်မယ့် လမ်းကိုဖောက်ဖို့ဆိုတာကတော့ ဖြစ်နိုင်တဲ့ လမ်းတစ်ခုပါ၊ ဒါပေမယ့်



ရေတွေ ဘယ်လို တက်လာလဲ၊ ဘယ်လို ကာကွယ်မလဲဆိုတာ မသိသေးသ၍ လုပ်ဖို့ ခက်ခဲတဲ့ အစိတ်အပိုင်းတစ်ခုပါ"

အားလုံး ငြိမ်သက်သွားကြပြန်သည်။

ပါချုပ်ပြောတာ အမှန်တွေဖြစ်နေခြင်းကြောင့် ဘယ်သူမှသည်း ဝင်မပြောရဲချေ။

"ဟိုအဖွဲ့ကိုရော ရှာလို့တွေ့ပြီလား"

နံပါတ် (၁)တက္ကသိုလ်ကို စာတမ်းတင်ခဲ့တဲ့ အဖွဲ့အား ဆိုလိုခြင်း ဖြစ်သည်။

"သူတို့ရဲ့ ကိုယ်ရေးရာဇဝင်တွေပဲ တွေ့ပါသေးတယ်၊ သူတို့ကိုစုံစမ်းလို့မရသေးပါဘူး၊ ဖိုင်ထဲမှာပါတဲ့ အိမ်လိပ်စာတွေမှာလည်းတစ်ယောက်မှ မနေကြတော့ဘူး"

ထိုစကားကြောင့် ပါချုပ်မှာ စိတ်ညစ်သွားလေသည်။

"အေးလေ အခုအချိန်မှာ သူတို့ကို ရှာတာ အကောင်းဆုံးပါပဲ၊ မနက်ဖြန်ကျရင် ကျောင်းပိတ်တယ်ဆိုတဲ့ ကြေညာချက် ထုတ်လိုက်ပါတော့၊ ပြီးရင် ကျုပ်တို့ အလုပ်လုပ်ဖို့အတွက် နေရာတစ်ခုအမြန်ဆုံးရှာကြရမယ်"

□

www.burmeseclassic.com

www.burmeseclassic.com

(၃၈)

နံပါတ် (၆)တက္ကသိုလ်ပါမောက္ခချုပ်သည် သူ၏ နားနေခန်းမှ အစည်းအဝေးခန်းမသို့ လမ်းလျှောက်လာ၏။

အစည်းအဝေးများ ခဏခဏ လုပ်နေရခြင်းကြောင့် စိတ်ထဲမှာလည်း မကြည်မလင် ဖြစ်နေသည်။

နံပါတ် (၁)တက္ကသိုလ်ကိစ္စကလည်း ခေါင်းထဲ ရောက်နေ၏။

"ဆရာကြီး ဆရာကြီး"

နောက်က လှမ်းခေါ်သံကြောင့် လှည့်ကြည့်လိုက်သည်။

ကျောင်းသားနှစ်ယောက်ကို တွေ့ရ၏။ သူ မသိသော ကျောင်းသား နှစ်ယောက် ဖြစ်သည်။ ဒါနဲ့ သူလည်း ရပ်စောင့်နေလိုက်ရသည်။

"ဆရာကြီး"

"အေး ပြော ဘာကိစ္စလဲ"



ကျောင်းသားနှစ်ယောက်ထဲမှ တစ်ယောက်က ရည်ရည်မွန်မွန်နှင့် စပြောသည်။

"ကျွန်တော်တို့နှစ်ယောက်က နံပါတ် (၁)တက္ကသိုလ်က ကျောင်းသားတွေပါ"

"ဟေ. . . ဟုတ်လား၊ အဲဒီတော့"

"ကျွန်တော်တို့ကျောင်းက အခု ခဏပိတ်ထားပါတယ်။ ဒါပေမယ့် ကျွန်တော်တို့လုပ်နေတဲ့ Project က မပြီးသေးတော့ ဓာတ်ခွဲခန်းလိုနေပါတယ်၊ အဲ့ဒါဆရာကြီးတို့ကျောင်းက ဓာတ်ခွဲခန်းကို ကျွန်တော်တို့ကျောင်း ပြန်မဖွင့်ခင် သုံးခွင့်ပေးပါလို့ ခွင့်တောင်းတာပါ"

ပါချုပ်မှာ တအံ့တဩဖြစ်သွားသည်။

နံပါတ် (၁)တက္ကသိုလ်က ကျောင်းသားတွေကိုလည်း လေးစားသွားသည်။ ဒါကြောင့်လည်း နံပါတ် (၁)တက္ကသိုလ်က နာမည်ကြီးတာပဲဟုလည်း တွေးမိသည်။ သူ့ကျောင်းသားတွေလည်း ဒီလိုဖြစ်ရင်ကောင်းမှာပဲဟု မဆီမဆိုင် တွေးနေမိသည်။

"ဒါနဲ့ မေးရဦးမယ်"

"ဟုတ်ကဲ့ပါ ဆရာကြီး"

"အခြားနာမည်ကြီးတက္ကသိုလ်တွေ ရှိနေရက်သားနဲ့ ငါတို့ကျောင်းကိုမှ မင်းတို့နှစ်ယောက်က ဘာဖြစ်လို့ ရွေးရတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဒါကတော့ ရှင်းပါတယ် ဆရာကြီး။ အခြားကျောင်းတွေကို မကြိုက်လို့ပါ၊ ပြီးတော့ ဒီကျောင်းမှာ ကျွန်တော်တို့နှစ်ယောက်ကို ယှဉ် သွားတဲ့ကျောင်းသား ရှိနေလို့ပါ"

"သြော်. . . ဒါဆို မင်းတို့က ငါတို့တက္ကသိုလ်က ကျောင်းသား တစ်ယောက်နဲ့ ပညာပြိုင်သွားတဲ့ အဖွဲ့ထဲကပေါ့"

"ဟုတ်ပါတယ်ဆရာကြီး၊ အခုလာတာလည်း သူ့ကို ပြန်ဖိုက်ဖို့ တို့ ဘာတို့ မဟုတ်ပါဘူး၊ သူ့ကို အထင်ကြီးတဲ့အတွက် သူရှိတဲ့ ကျောင်းကို အထင်ကြီးတယ်ဆိုတဲ့သဘောပါ"

ဆရာကြီးက ခေါင်းတဆတ်ဆတ်ညိတ်သည်။

ထိုစဉ် ကျောင်းသားနှစ်ယောက်မျက်နှာသည် အထိတ်တလန့် နှင့် ဝမ်းပန်းတသာဖြစ်သွားသည်ကို တွေ့လိုက်ရ၏။

ဆရာကြီးလည်း သူတို့ကြည့်ရာကို လိုက်ကြည့်မိသည်။

"ဟင် သာဂေါင်နဲ့ ညိုဝါဖြူပဲ"

❒

(၃၉)

ဟန်လင်းလွင်၏ မျက်နှာတွင် ချွေးများ စီးကျနေသည်။ ပြေး လာရသောကြောင့် မောလည်း မောနေ၏။

ပါမောက္ခချုပ်ရုံးခန်းကို တွေ့လိုက်ရသည်။

ဝမ်းသာသွားပြီး ရုံးခန်းထဲသို့ အမောတကော ပြေးဝင်လိုက် သည်။

"ပါ. . . ပါချုပ်ရှိလား"

အဝင်အဝက စာရေးမကို မေးလိုက်သည်။

"ရှိတယ် အထဲမှာ အစည်းအဝေးလုပ်နေတယ်"

"ဝင်သွားလိုက်မယ်"

"ဘယ်သူမှ ပေးမဝင်နဲ့တဲ့"

"အရေးကြီးတဲ့ ကိစ္စပြောမလို့"

"ဘယ်သူမှ ပေးမဝင်ရဘူးလို့ မှာထားတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်က တခြားလူမှ မဟုတ်ပဲ၊ ဒီကျောင်းအတွက် ကိုယ်စားပြု ပြိုင်နေရတဲ့သူပဲ၊ ဘယ်အချိန်ဝင်ဝင် ဝင်လို့ရပါတယ်"

စာရေးမနှင့် အခြေအတင်စကားများ ပြောနေရသည်။

မောကလည်းမော၊ ဒေါသကလည်း ထွက်နေသောကြောင့် စာရေးမကို စကားဆက်မပြောတော့ပဲ၊ အစည်းအဝေးခန်းမတံခါးကို ဆွဲဖွင့်လိုက်လေသည်။

"ဟင်"

အခန်းထဲတွင် ပါမောက္ခများအပြင် သူစိမ်းကျောင်းသားနှစ်ဦး အပါအဝင် သာဂေါင်နှင့် ညိုဝါဖြူကိုပါ တွေ့လိုက်ရသောကြောင့် ဖြစ်သည်။

□

ခဏအကြာတွင် နံပါတ် (၆)တက္ကသိုလ်ပါမောက္ခချုပ် အပါအဝင် လူအများအပြားသည် လှိုဏ်ဂူထဲသို့ ရောက်ရှိလာကြတော့သည်။ တအံ့တသြဖြစ်နေကြပြီး ရှေ့ဆက်လုပ်ရမည့် အစီအစဉ်များကိုလည်း ထိုနေရာမှာပင် ဆွေးနွေးကြသည်။

www.burmeseclassic.com

www.burmeseclassic.com

နောက်ထပ် တစ်နာရီခန့်အကြာတွင် နံပါတ် (၆)တက္ကသိုလ်က ကြေညာချက်တစ်စောင်ထုတ်ပြီး ကျောင်းအသီးသီးသို့ ဖြန့်ဝေလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com

နံပါတ် (၆)တက္ကသိုလ်

ကြေညာချက် (  /  )

အကြောင်းအရာ။ ။ နံပါတ် (၁)တက္ကသိုလ်တိစ္ဆနှင့် ပတ်သက်၍။

. . . . ရက်၊ . . . . လ၊ . . . . ခုနှစ်နေ့တွင် နံပါတ် (၆)တက္ကသိုလ်ကျောင်းသား မောင်သာဂေါင်နှင့် မညိုဝါဖြူတို့မှ နံပါတ် (၆)တက္ကသိုလ်ပန်းခြံနှင့် ပေ ၁၀၀ ခန့်အကွာတွင် လူလုပ်ထားသော ဂူတစ်ခုအား တွေ့ရှိခဲ့ပါသည်။ ၎င်းတို့နှစ်ဦး၏ ကြိုးပမ်းချက်များအရ အောက်ပါအချက်များကို ထပ်မံသိခဲ့ရပါသည်။ ထိုဂူအား လွန်ခဲ့တဲ့ ၃-နှစ်ခန့်က ကျောင်းသားတစ်စု ဆောက်လုပ်ဖန်တီးခဲ့ခြင်းဖြစ်သည်ဟု ဂူတွင်းပါမှတ်တမ်းများအရ သိရှိရပါသည်။

ထိုကျောင်းသားများအဖွဲ့တွင်-

(၁) မောင်ကျော်ဇင်

ရူပဗေဒကျောင်းသား (ဂုဏ်ထူးတန်း)

www.burmeseclassic.com

www.burmeseclassic.com



(၂) မောင်ဝင်းမင်း

ဘူမိဗေဒကျောင်းသား (ဂုဏ်ထူးတန်း)

(၃) မောင်ထွန်းဝေ

Mining Engineering

(၄) မောင်အောင်ကို

သင်္ချာကျောင်းသား (ဂုဏ်ထူးတန်း)

(၅) မောင်မင်းမင်း

ဓာတုဗေဒကျောင်းသား (ဂုဏ်ထူးတန်း)

တို့ ပါဝင်သည်။

အထက်ပါကျောင်းသားငါးဦးမှာ ယခင်က နံပါတ် (၁) တက္ကသိုလ်ကျောင်းသားများ ဖြစ်ကြသော်လည်း ကျောင်းထုတ်ခံရသောကြောင့် နံပါတ် (၆)တက္ကသိုလ်သို့ ရောက်ရှိလာခဲ့ပါသည်။

နံပါတ် (၆)တက္ကသိုလ်တွင်လည်း ကျောင်းမှန်မှန်မတက်ဘဲ သူတို့လုပ်ချင်ရာသာ လုပ်နေခဲ့သောကြောင့် မကြာမီ ကျောင်းထုတ်ခံခဲ့ရပါသည်။

ထိုအချိန်မှစ၍ ထိုငါးယောက်ကို ယခုအချိန်ထိ စုံစမ်း၍ မရသေးပါ။ သူတို့ငါးဦးသည် နံပါတ် (၁)တက္ကသိုလ်သို့ စာတမ်းတစ်ခု စုပေါင်း၍ တင်ခဲ့ပါသည်။ ၎င်းစာတမ်းအား ရှာဖွေ၍မရသော်လည်း ဂူတွင်းပါ မှတ်တမ်းများအရ စာတမ်းထဲတွင်-



- နံပါတ် (၁)တက္ကသိုလ်မြေအောက် မိုင်အနည်းငယ်အကွာတွင် Dead Sea ကဲ့သို့ ရေအမြောက်အမြား ရှိနိုင်သည်ဟု ခန့်မှန်းတွက်ချက်ထားခြင်း။
- ထိုရေများမှာ မူလအတိုင်းဆိုလျှင် သူ့ဘာသာသူ မြေအောက်တွင် နေနေမည်ဖြစ်သော်လည်း ၎င်းရေကြောနားတွင် ရှိနေနိုင်သော သဘာဝ ကရိယာလေးများ ရှိနေနိုင်ခြင်းကြောင့် အသေးစား ငလျင်များလှုပ်ခဲ့ပါက ထိုသဘာဝ ကရိယာထဲသို့ ရေများစီးဝင်ပြီး မြေပြင်ပေါ်သို့ တက်လာနိုင်သည်ဟု ခန့်မှန်းထားခြင်း
- နံပါတ် (၁)တက္ကသိုလ်၏ တည်နေရာသည် ကန်တစ်ခု၏ အလယ်တွင် တည်ရှိသည့် ပုံစံဖြစ်သောကြောင့် ရေများဝင်လာပါက ပြန်ကျနိုင်ချေ မရှိချေ။ မြေအောက်ရှိ ရေများကလည်း အဆမတန် များပြားနိုင်သည်ဟု ထင်သောကြောင့် နံပါတ် (၁)တက္ကသိုလ်အနေနှင့် အခက်အခဲတွေ့နိုင်။

စသည်ဖြင့် ထိုစာတမ်းထဲတွင် ပါဝင်ပါလိမ့်မည်။

ထိုစာတမ်းဟာ နံပါတ် (၁)တက္ကသိုလ်က အခြေအမြစ် မရှိသည့် စာတမ်းတစ်စောင်အဖြစ် မှတ်ယူခဲ့ပါသည်။

ထို့ကြောင့် သူတို့ကျောင်းမတက်ဘဲ နေခဲ့သောကြောင့် ကျောင်းထုတ်ခံခဲ့ရပါသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် သူတို့အဖွဲ့မှာ ယုံကြည်ခဲ့သည့်အတိုင်း သက်သေပြရန်အပြင် နံပါတ် (၁)တက္ကသိုလ်၏ တစ်ချိန်ချိန်မှာ ပေါ်ပေါက်လာနိုင်သော ပြဿနာများအား ဖြေရှင်းရန်အတွက် ကြိုးစားခဲ့ပုံရပါသည်။

နံပါတ် (၁)တက္ကသိုလ်၏ ဖြစ်ပျက်မည့်အချိန်အား ခုနှစ်အတိအကျ မတွက်ချက်နိုင်ခဲ့သော်လည်း ဖြစ်လာနိုင်သည့် ရက်နှင့်လ ခန့်မှန်းချက်မှာ အတော်ကြီးကို နီးစပ်ခဲ့ပါသည်။

ထို့ကြောင့် မိမိတို့ နံပါတ် (၆)တက္ကသိုလ်မှ နံပါတ် (၁)တက္ကသိုလ်ပြဿနာများ ဖြေရှင်းရန်အတွက် အောက်ပါအတိုင်း အစီအစဉ် ချမှတ်လုပ်ဆောင်မည်ဖြစ်သည်။

(၁) ထိုအဖွဲ့တူးခဲ့သော လှိုဏ်ခေါင်းအား ဆက်လက်တူးမည်။

(၂) မြေအောက်ရှိ သူတို့ခန့်မှန်းခဲ့သော ရူပဗေဒသဘော တရားများနှင့် ဆင်တူပစ္စည်းများအား ဖျက်ဆီးပြီး ရေများကို ပုံမှန်အတိုင်း ဆက်လက်ဖြစ်နေအောင် ပြုလုပ်မည်ဖြစ်သည်။

ပါမောက္ခချုပ်

နံပါတ် (၆)တက္ကသိုလ်

ထိုသတင်းကြောင့် နံပါတ် (၁)တက္ကသိုလ်အပြင် အခြားတက္ကသိုလ်များတွင်လည်း လှုပ်လှုပ်ရှားရှား ဖြစ်သွားကြသည်။ သဘောတူသူနှင့် သဘောမတူသူများကြောင့်လည်း ထိုကိစ္စသည် စိတ်ဝင်စားဖို့ ကောင်းနေသည်။ သို့သော် ထိုဂူတည်ရှိရာနေရာသို့ အခြားကျောင်းမှ ပါမောက္ခများနှင့် ကျောင်းသား၊ ကျောင်းသူများ တဖွဲဖွဲ လာရောက်ကြည့်ရှုကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com

(၄၀)

"သူတို့တွက်ချက်မှုက ဖြစ်နိုင်ပါ့မလား"

နံပါတ် (၁)တက္ကသိုလ်ပါမောက္ခချုပ် အမေးကြောင့် ပါမောက္ခများ မဖြေနိုင်ဘဲ ဖြစ်သွားသည်။ ဘူမိပါမောက္ခက-

"သူတို့စာတမ်းထဲမှာက ဘယ်လို အသေးစိတ် တွက်ချက်ထားတယ်ဆိုတာ မသိတဲ့အတွက် မှန်/မမှန်ဆိုတာတော့ မပြောတတ်သေးပါဘူး၊ ဒါပေမယ့် သူတို့ခန့်မှန်းခဲ့တဲ့အတိုင်း ကျွန်တော်တို့တက္ကသိုလ်အောက်မှာ ပင်လယ်သေထဲကလို ရေတွေရှိနေတယ်ဆိုတာတော့ မှန်ခဲ့ပြီ"

"အင်း အဲ့ဒါတော့ဟုတ်တယ်"

"နောက်ပြီး သူတို့တွေက ဘာဖြစ်လို့လှိုဏ်ခေါင်း ဆက်မတူးခဲ့တာလဲဆိုတာ စဉ်းစားစရာတစ်ခုတော့ ရှိတယ်"

"ဆရာက ဘယ်လိုထင်လဲ"

www.burmeseclassic.com

www.burmeseclassic.com



"တစ်အချက်ကတော့ အချင်းချင်း အယူအဆတွေကွဲလွဲခဲ့တဲ့ အတွက် ဆက်မတူးဘဲ ရပ်လိုက်တာဖြစ်မယ်၊ နှစ်အချက်ကတော့ အချိန်ကြာလာတဲ့အတွက် သူတို့မှာ ငွေကြေး မလည်ပတ်တာများလား"

"အင်းလေ ဘာပဲပြောပြော ခန့်မှန်းချက်က တစ်ဝက်လောက် မှန်နေတယ်ဆိုတော့ ကျန်ခန့်မှန်းချက်တွေလည်း မှန်လိမ့်မယ်လို့ ထင်လား"

ပါချုပ်က အားလုံးကိုကြည့်ပြီး ပြောလိုက်သည်။

"မထင်ပါဘူး"

"ထင်ပါတယ်"

တစ်ယောက်တစ်မျိုးစီ သဘောထားကွဲလွဲပြီး ထွက်လာ၏။ ပါချုပ်က အားလုံးကို တစ်ချက်စေ့ကြည့်သည်။

"အခုအချိန်မှာ ကျုပ်တို့အတွက် အားကိုးရာဆိုလို့ သူတို့ လုပ်ခဲ့တဲ့ လုပ်ငန်းစဉ်တစ်ခုကိုပဲ အားကိုးစရာရှိတော့တယ်၊ ဒီတော့ ကျုပ်တို့ လုပ်ငန်းစဉ်ကိုလုပ်ဖို့အတွက် နံပါတ် (၆)တက္ကသိုလ်နဲ့ ပူးပေါင်း မလား၊ မပူးပေါင်းဘူးလားဆိုပြီး တွေးတောစရာပဲ ရှိတော့တယ်"

ထိုစဉ် ပါမောက္ခတစ်ယောက်က မတ်တပ်ထရပ်လိုက်သည်။

"သူတို့နဲ့ ပူးပေါင်းလုပ်မယ်ဆိုရင် ကျွန်တော်တို့ကျောင်း အတွက် အများကြီးသိက္ခာကျပါတယ်၊ နောက်တစ်ချက် ရှိပါသေး တယ်"



"ဘာများလဲ"

"မြေအောက်ကရေတွေက ဒီအပေါ်ကို တက်လာတဲ့အတွက် ကုန်ပြီလို့ထင်ပါတယ်၊ ရေက သိပ်မတက်တော့ဘူးလို့ ထင်မိတဲ့ အတွက် မြေအောက်မှာလည်း အပေါ်ကို တက်လာရော ရေကုန်ပြီ လို့ ယူဆမိပါတယ်"

"ဒီတော့"

"ဒီကျောင်းဝင်းထဲက ရေတွေကိုပဲ စုပ်ထုတ် (သို့) စီးဆင်း သွားစေမယ့် နည်းကိုပဲ စဉ်းစားလုပ်ဆောင်သင့်ပါတယ်"

"ဒီရေတွေ ဆက်မတက်နေဘူးလို့ ယုံကြည်လား"

"နံပါတ် (၁)တက္ကသိုလ်ကျောင်းဝင်းတစ်ခုလုံးကို ရေအားလုံး လွှမ်းသွားပါပြီ၊ ဒီတော့ ရေဆက်တက်လား၊ မတက်လား သိဖို့ အတွက် ရေပမာဏအမှတ်အသားတစ်ခု လုပ်ရပါလိမ့်မယ်"

"ဟုတ်ပြီ ဘယ်လိုလုပ်မလဲ ဆက်ပြောပါဦး"

"လှေတွေအသုံးပြုပြီး ကျောင်းဝင်းက သိသာတဲ့နေရာအချို့ မှာ ရေချိန်အမှတ်အသားတွေ လုပ်ရပါမယ်။ တစ်ဖက်ကလည်း ရေတွေ စုပ်ထုတ် (သို့) ထွက်သွားအောင် လုပ်ရပါမယ်"

"ရေတွေက ဆက်တက်နေမယ်ဆိုရင်ရော"

"ကျွန်တော့်အထင် ဆက်မတက်နေတော့ပါဘူး"

သက်ဆိုင်ရာပါမောက္ခက အတင်းကာရော ပြောနေသော ကြောင့် ပါချုပ်မှာ ဘာပြောရမှန်းမသိ ဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျန်ပါမောက္ခအားလုံးကို ကြည့်လိုက်သောအခါတွင် ထိုအစီ အစဉ်ကို သဘောကျနေသည်ကို တွေ့ရသောကြောင့်-

"ကောင်းပြီလေ၊ ဆက်လုပ်ကြတာပေါ့၊ ပြီးတော့ ကျောင်းတိုင် ကိုလည်း ကျုပ်တို့တက္ကသိုလ်ကလုပ်မယ့်အစီအစဉ်ကို ကြေညာ လိုက်ပါ"

□

နံပါတ် (၁)တက္ကသိုလ်

ကြေညာချက် (  /  )

အကြောင်းအရာ။ ။ ရေကြီးမှုပြဿနာအား ဖြေရှင်းခြင်း၊ ကျောင်း၏ ဝါချုပ်ရုံးခန်းအား နံပါတ် (၂)တက္ကသိုလ်သို့ ယာယီပြောင်းရွှေ့ ခြင်းနှင့် ကျောင်းအား (၃)ပတ် ပိတ် ရန်အတွက် ကြေညာခြင်း။

၁။ အထက်ပါအကြောင်းအရာကိစ္စနှင့်ပတ်သက်၍ နံပါတ် (၁)တက္ကသိုလ်အား (၈)ရက်၊ မတ်လ၊ . . . . ခုနှစ်မှစ၍ (၂၈)ရက်၊ မတ်လ၊ . . . . ခုနှစ်အထိ ယာယီပိတ်လိုက်သည်။

၂။ ထိုသို့ ကျောင်းပိတ်ထားစဉ်အတွင်း ပါမောက္ခချုပ်ရုံး ခန်းအား နံပါတ် (၂)တက္ကသိုလ်အတွင်းသို့ ယာယီပြောင်းရွှေ့ထား ပါမည်။ ဆရာနှင့်ကျောင်းသားကျောင်းသူများပါဝင်သော 'နံပါတ်

www.burmeseclassic.com



(၁)တက္ကသိုလ်ပြဿနာများ ဖြေရှင်းရေးအဖွဲ့'ရုံးခန်းကိုလည်း ဖွင့်လှစ်ထားပါမည်။

၃။ အထက်ပါအဖွဲ့မှ နံပါတ် (၁)တက္ကသိုလ်၏ ပြဿနာများအား အောက်ပါနည်းလမ်းများဖြင့် ဖြေရှင်းမည်ဟု ဆုံးဖြတ်လိုက်သည်။

(က) နံပါတ် (၁)တက္ကသိုလ်တွင် တရိပ်ရိပ်တက်နေသော ရေသည် ဆက်လက်တက်ခြင်း မရှိတော့ဟု ယုံကြည်သည်။

ထိုသို့ ရေဆက်လက်တက်ခြင်း ရှိ၊ မရှိအား ရေမှတ်တိုင်များပြုလုပ်ကာ စတင်ဆောင်ရွက်ပြီး တိတိကျကျသိအောင် ဆောင်ရွက်မည်။

(ခ) ရေဆက်လက်မတက်တော့ဘူးဟု သေချာစွာသိရပါက ရေစုပ်ထုတ်ခြင်းနှင့် တစ်ပြိုင်နက် ရေထွက်ပေါက်များဖောက်လုပ်ကာ ရေများကျဆင်းအောင် ပြုလုပ်မည်ဖြစ်ပါသည်။ ထိုသို့ ပြုလုပ်ရန်အတွက် အခက်အခဲအချို့တော့ ရှိပါသည်။ မည်သို့ဆိုသော် နံပါတ် (၁)တက္ကသိုလ်၏ ပထဝီအနေအထားအရ ရေထွက်ပေါက် မရှိခြင်း၊ ရေထွက်ပေါက်ပြုလုပ်မည်ဆိုပါက ကျောက်သားနံရံအချို့ကို ထွင်းဖောက်ရနိုင်ခြင်း စသည့်



အခက်အခဲများ ဖြစ်ပေါ်လာနိုင်ပါသည်။ မိမိတို့ တက္ကသိုလ်သည် ပင်လယ်မြစ် ချောင်းများနှင့် လွန်စွာဝေးကွာသည်။ ထို့ကြောင့် မိမိတို့တက္ကသိုလ်တွင်းဝင်နေသည့် ရေအမြောက် အများအား မည်သည့်နေရာသို့ စီးဝင်အောင် လုပ်ဆောင်မည်နည်းဟူသောအချက်မှာ အကြီးမားဆုံးသော အခက်အခဲပင် ဖြစ်ပါသည်။

(ဂ) သို့ဖြစ်၍ မိမိတို့ 'နံပါတ် (၁)တက္ကသိုလ်ပြဿနာ ဖြေရှင်းရေးအဖွဲ့'သည် အောက်ပါအတိုင်း ဆုံးဖြတ်လိုက်သည်။

- နံပါတ် (၁)တက္ကသိုလ်ရှိ ရေများအား ဖောက်ထုတ်ခြင်းအပြင် စုပ်ထုတ်ခြင်းပါ တစ်ပြိုင်နက်တည်း ပြုလုပ်မည်။
- ထိုရေများအား နံပါတ် (၁)တက္ကသိုလ်နှင့် မိုင်အနည်းငယ်ဝေးသော မြစ်အတွင်းသို့ တဖြည်းဖြည်းချင်း စီးဝင်အောင် အထူးပြုပြင်ထားသည့် ပိုက်များဖြင့် စုပ်ထုတ်မည်ဖြစ်သည်။

ပါမောက္ခချုပ်

နံပါတ် (၁)တက္ကသိုလ်

www.burmeseclassic.com

www.burmeseclassic.com

ဤသို့ဖြင့် တက္ကသိုလ်နှစ်ခု အပြိုင်ဖြစ်လာကြသည်။

www.burmeseclassic.com

www.burmeseclassic.com

## နံပါတ် (၆)တက္ကသိုလ် လှိုဏ်ခေါင်း တူးခြင်း

နံပါတ် (၆) တက္ကသိုလ်ပါမောက္ခချုပ်သည် လှိုဏ်ခေါင်း များ တူးရန်အတွက် အဖွဲ့တစ်ဖွဲ့ ဖွဲ့လိုက်သည်။

ထိုအဖွဲ့တွင် အဖွဲ့ခွဲငယ်များလည်း ပါဝင်သည်။ ထိုအဖွဲ့ခွဲငယ် များသည် နေ့စဉ် အလှည့်ကျ လှိုဏ်ခေါင်းတူးရမည်ဖြစ်သည်။

ဤသို့ဖြင့် နံပါတ် (၆)တက္ကသိုလ်ကျောင်းသားကျောင်းသူ များမှာ တက်ကြွနေကြပြီး အဖွဲ့ငယ်များတွင် ကိုယ်တိုင်ကိုယ်ကျ ပါဝင်လာကြသည်။

ထို့ပြင် နံပါတ် (၆)တက္ကသိုလ် လှိုဏ်ခေါင်းတူးခြင်း မှတ်တမ်း အဖွဲ့ကိုလည်း ထပ်မံ ဖွဲ့လိုက်သည်။ ထိုအဖွဲ့သည် လှိုဏ်ခေါင်း တူးခြင်း အစကနေအဆုံးထိ မှတ်တမ်းပြုစုရမည် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



## နံပါတ် (၁)တက္ကသိုလ် ရေစုပ်ထုတ်ခြင်း

နံပါတ် (၁)တက္ကသိုလ်ပါမောက္ခချုပ်သည် နံပါတ် (၂)တက္ကသိုလ် ကျောင်းဝင်းအတွင်းရှိ အဆောက်အဦနှစ်ခုအား တက္ကသိုလ် ရန်ပုံငွေဖြင့် ငှားရမ်းလိုက်သည်။

ထို့နောက် ရေများစုပ်ထုတ်ရန်အတွက် အဖွဲ့တစ်ဖွဲ့ ဖွဲ့စည်းလိုက်သည်။ ထိုပြင်ရေများစုပ်ထုတ်ရန်အတွက် ငွေကြေးကုန်ကျစရိတ် လွန်စွာကြီးမားမည်ဆိုတာကိုလည်း အားလုံး တွက်ဆမိသည်။

ထို့ကြောင့် ထိုကုန်ကျငွေများအား ကာမိရန်အတွက် ကျောင်းဝင်းအတွင်းရှိ Dead Sea (ပင်လယ်သေရေ)နှင့် တူသော ရေများထဲမှ ဆားများကို ပြည်တွင်း Cosmetic ကုမ္ပဏီများသို့ ရောင်းချရန် ကမ်းလှမ်းခဲ့လေသည်။

ပြည်တွင်း နာမည်ကြီး အောက်ပါ Cosmetic ကုမ္ပဏီ သုံးခုမှ ဒေါ်လာတစ်သိန်းဖြင့် ဝယ်ယူရန် ကမ်းလှမ်းခဲ့ပါသည်။

(က) Beauty Lady Cosmetic Co., Ltd

(ခ) Good Time Co., Ltd.

(ဂ) Love Girl Co., Ltd.

ဤသို့ဖြင့် ရရှိသော ငွေများဖြင့် စက်များ၊ ပိုက်များအား ကျောင်းရှိ ပညာရှင်များဖြင့် စတင်တပ်ဆင်လေတော့သည်။



နံပါတ် (၁)တက္ကသိုလ်သည်လည်း အရေးပေါ် သတင်းမှတ်တမ်းတစ်ခု ဖွဲ့လိုက်လေသည်။

ထိုအဖွဲ့သည် နံပါတ် (၁)တက္ကသိုလ်၏ ရေစုပ်ထုတ်ခြင်း လုပ်ငန်းစဉ်အား အစအဆုံး မှတ်တမ်းတင်ရမည်ဖြစ်သည်။

## နံပါတ် (၆)တက္ကသိုလ် လှိုဏ်ခေါင်းတူးခြင်း (၂)

"ဒုတ်"

ကျောင်းသားငါးဦးက လှိုဏ်ခေါင်းကို စတင်တူးသည်။

ကျန်တဲ့ အဖွဲ့ငယ်များက မြေကြီးပိုများအား အပေါ်သို့တင်ရန်အတွက် စက်အချို့တပ်ဆင်သည်။ ပါချုပ်အပါအဝင် ကျန်ပါမောက္ခများက အနီးကပ်ကြီးကြပ်ကြ၏။ ကိုယ်တိုင်လည်း ဝင်ရောက်လုပ်ကိုင်ကြလေသည်။

ဤလှိုဏ်ခေါင်းသည် လူအများဝင်ရန်အတွက် အနည်းငယ်ကျဉ်း၏။

ထို့ကြောင့် လှိုဏ်ခေါင်းအား ချဲ့ပြီး တူးရန်အတွက် ဆုံးဖြတ်ချက် ချလိုက်သည်။

ထိုသို့ လှိုဏ်ခေါင်းတူးခြင်းအား လုပ်ဆောင်နိုင်ရန်အတွက် သတ္တုတွင်း ကုမ္ပဏီတစ်ခုမှ ပစ္စည်းများအား ငှားရမ်းပေးထားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



နှစ်နာရီခြားတစ်ခါ အဖွဲ့လဲရသည်။

ရှေ့က တူးနေသော အဖွဲ့နှစ်ဖွဲ့က အပေါ်ပြန်နားပြီး နောက်က တူးမည့်အဖွဲ့နှစ်ဖွဲ့က ဝင်ရောက် နေရာယူရခြင်း ဖြစ်သည်။

လူအင်အားဖြင့် တူးသောကြောင့် လှိုဏ်ခေါင်းသည် နည်းနည်း ကျယ်လာကာ အလုပ်ပြီးမြောက်လေ၏။ မှတ်တမ်းတင်အဖွဲ့၏ ကင်မရာမီးများကလည်း တဖျတ်ဖျတ်လင်းနေသည်။

နောက်တစ်ဖွဲ့ ဝင်လာသောအခါ လှိုဏ်ခေါင်းသည် တော်တော်ကြီးကို ခရီးရောက်နေပြီ ဖြစ်သည်။

[redacted]

www.burmeseclassic.com

www.burmeseclassic.com

## နံပါတ် (၁)တက္ကသိုလ် ရေများစုပ်ထုတ်ခြင်း (၂)

ရှေးဦးစွာ နိုင်ငံခြား ရဟတ်ယာဉ် ကုမ္ပဏီတစ်ခုမှ ရဟတ်ယာဉ် အသေးစားတစ်ခုကို အချိန်ပိုင်းဖြင့် ငှားရမ်းကာ ရေမြုပ်နေသော နံပါတ် (၁)တက္ကသိုလ် အပေါ်မှ ပျံသန်း၍ ဓာတ်ပုံများ ရိုက်ယူသည်။

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



ရရှိလာသော ဓာတ်ပုံများအား စိစစ်၍ ဆောင်ရွက်ရမည့် လုပ်ငန်းများအား စတင်ဆောင်ရွက်လေသည်။

အပေါ်ပိုင်း မမြုပ်ဘဲ ကျန်နေသော ကျောင်းအဆောက်အဦများ၊ မြုပ်နေသော အဆောက်အဦများထဲသို့ အဖွဲ့တစ်ဖွဲ့မှဝင်၍ ရေတွန်းကန်အားနှင့် စုပ်ထုတ်အား အဆင့်မြင့်နည်းပညာစက်များကို တပ်ဆင်ရန်အတွက် နေရာများ သတ်မှတ်သည်။

စက်များနှင့်လူများ သယ်ဆောင်ရန်အတွက် လှေများနှင့် မော်တော်ဘုတ်အသေးစားများ ငှားရမ်းလေသည်။

ဤသို့ဖြင့် နံပါတ် (၁)တက္ကသိုလ်ရေပြင်တွင် လှေများ၊ မော်တော်ဘုတ်များနှင့် ပြည့်နှက်နေလေသည်။

အဖွဲ့ (၁)

စက်များတပ်ဆင်ရန်အတွက် တစ်ဝက်တစ်ပျက် နစ်မြုပ်နေသော အဆောက်အဦထဲသို့ စတင်ဝင်သည်။

ရေထဲ ရိုက်၍ရသော နည်းပညာပါ ကင်မရာဖြင့် မှတ်တမ်းအဖွဲ့ကလည်း အနောက်ကနေ လိုက်သည်။

ရေအပြည့်နီးပါးရှိသော အဆောက်အဦတွင် စက်တပ်ဆင်ရန်အတွက် အဖွဲ့ (၁)က ဆုံးဖြတ်လိုက်သည်။

ရေများသည် ဆက်လက်တက်နေသည်ဟု ထင်ရသည်။ အခန်းသည် ကျပ်ကျပ်တည်းတည်း ဖြစ်လာ၏။


www.burmeseclassic.com

www.burmeseclassic.com



အချိန်အတော်ကြာသည်အထိ စက်က တပ်လို့ မရသေးချေ။ ထပ်မံကြိုးစားကြသည်။

နောက်ဆုံးတွင် လိုအပ်သည့်စက်အချို့ကို တပ်လို့ရသွားလေသည်။ မှတ်တမ်းအဖွဲ့ကလည်း ကင်မရာကို ခက်ခက်ခဲခဲ ရိုက်လိုက်လေသည်။



www.burmeseclassic.com


www.burmeseclassic.com





## နံပါတ် (၆)တက္ကသိုလ် လှိုဏ်ခေါင်းတူးခြင်း (၃)

နောက်ရက်များတွင် တက်ညီလက်ညီတူးကြရာ မှတ်တမ်းအဖွဲ့၏ ပုံဆွဲချက်များအရ အောက်ပါအခြေအနေအတိုင်း ရောက်ရှိခဲ့ကြလေသည်။



လှိုဏ်ခေါင်းမှာ တော်တော်လေးကို ခရီးရောက်ခဲ့ပြီဖြစ်သည်။ ညဘက်ပိုင်းတွင် လှိုဏ်ခေါင်းတူးခြင်း ရပ်နားကြသည်။

www.burmeseclassic.com

www.burmeseclassic.com



## နံပါတ် (၁)တက္ကသိုလ် ယာယီကျောင်းရှုံးခန်း

နံပါတ် (၁)တက္ကသိုလ်ပါမောက္ခချုပ်သည် ရှေ့တွင်ရောက်လာသော Report တစ်ခုကိုကြည့်ပြီး အကြီးအကျယ် စိတ်ညစ်နေလေသည်။

"ဒါဆို ငါတို့ကျောင်းရဲ့ရေက ဆက်တက်နေတာပေါ့"

အခန်းထဲရှိ ပါမောက္ခများကို မေးလိုက်သည်။

"ဟုတ်ပါတယ်၊ ဟိုတစ်နေ့က ရေမှတ်တဲ့တိုင်တွေကို ကျောင်းဝင်းထဲမှာ စိုက်ပါတယ်၊ ဒီနေ့ မှတ်ထားတဲ့အမှတ်ကို ရေကကျော်နေတဲ့အတွက် ရေက ဆက်တက်နေတယ်လို့ ယူဆရပါတယ်"

"ဒါဆို ဘယ်လိုဆက်လုပ်ကြမလဲ"

"ရေက ဒီအတိုင်းသာ ဆက်တက်နေဦးမယ်ဆိုရင် ဘေးက တက္ကသိုလ်အားလုံးကို ရေတွေ ဆက်လက်လျှံကျပြီး ဝင်နိုင်တဲ့ အခြေအနေတွေ ရှိနေပါတယ်"

ပါချုပ်က ခေါင်းကို လက်နှင့် ထိုးဖွလိုက်ပြီး မျက်မှန်ကိုလည်း စားပွဲပေါ် ပစ်တင်လိုက်သည်။

"အဲ့ဒီတက္ကသိုလ်တွေကိုလည်း အကြောင်းကြားပြီးပြီလား"

"သူတို့လည်း သိမှာပါ။ ဒါပေမယ့် အကြောင်းကြားရပါဦးမယ်"



"ရေတွေလျှံကျလို့ ဝင်ရင် ဘယ်တက္ကသိုလ် အရင်ဝင်မယ်လို့ ခန့်မှန်းလဲ"

"ကျွန်တော်တို့ကျောင်းနဲ့ကပ်လျက် နံပါတ် (၆)တက္ကသိုလ် အရင်ဝင်ဖို့များပါတယ်"

ပါမောက္ခချုပ်က ခေါင်းတဆတ်ဆတ်ညိတ်သည်။

"သူတို့နံပါတ် (၆)တက္ကသိုလ်ရဲ့ အခြေအနေရော ဘယ်လိုလဲ"

"လှိုဏ်ခေါင်းဆက်တူးနေတုန်းပါပဲ၊ အခုထိတော့ ဘာမှ မတွေ့သေးဘူး"

"ဒါဆို ကျုပ်တို့လည်း အခြားတက္ကသိုလ်ထဲ ရေမလျှံအောင် တတ်နိုင်သလောက် ရေစုပ်ထုတ်ပြီး၊ ရေဖောက်ထုတ်ဖို့လည်း ဆက်လုပ်ကြတာပေါ့"

## နံပါတ် (၆) တက္ကသိုလ် လှိုဏ်ခေါင်းတူးခြင်း (၃)

"ဝုန်း"

"အား"

လှိုဏ်ခေါင်းတူးနေရင်းမှ အပေါက်တစ်ခုကနေ ရေများ တွန်တန်ထွက်လာသောကြောင့် လှိုဏ်တူးနေသော ကျောင်းသားနှစ်ယောက် အဝေးသို့ လွင့်စင်ထွက်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟာ. . . အပေါက်ကို မြန်မြန်ပိတ်. . . အပေါက်ကို ပိတ်"

တစ်ဦးတစ်ယောက်က အော်ကြီးဟစ်ကျယ် အော်လိုက်သော ကြောင့် ရေများ ပန်းထွက်နေသောအပေါက်အား ဝိုင်းဝန်း ပိတ်ကြသည်။

ရေအားက ကြီးသောကြောင့် ချက်ချင်းပိတ်လို့မရဘဲ ဖြစ်နေသည်။ အားလုံးမှာလည်း ရေများ စိုရွှဲကာ ရေလုံးထွက်လာသော အပေါက်အား လူအင်အားဖြင့် ပစ္စည်းများ တစ်ခုချင်းစီထည့်ကာ ပိတ်ကြသည်။

နောက်ဆုံးတွင် ရေမှာ အရင်ကလောက် မထွက်တော့ဘဲ တစိမ့်စိမ့်သာ ထွက်နေသည်။

"ကျောင်းသား. . . ကျောင်းသားနှစ်ယောက်ကို ကြည့်ပါဦး"

ထိုအခါမှပဲ လဲကျသွားသော ကျောင်းသားနှစ်ယောက်ကို သတိရသွားလေသည်။

နီးစပ်ရာ ကျောင်းသားတစ်ယောက်က ပြေးသွား၏။

ကျောင်းသားနှစ်ယောက်မှာ ရေ၏ တွန်းကန်အားကြောင့် အဝေးသို့ လွင့်စင်ပြီး ခွေခွေလေး လဲကျနေသည်။

ရောက်သွားသော ကျောင်းသားက လဲကျနေသော ကျောင်းသားကို မ,လိုက်ရာ သူ့လက်တွင် သွေးများ ပေကျံသွား၏။

"ဟင်"

ဦးခေါင်းနောက်တွင် သွေးများ ထွက်နေလေသည်။



နောက်တစ်ယောက်ကို အလျှင်အမြန် ကြည့်မိ၏။ သူလည်းပဲ သွေးထွက်နေသည်။

လွင့်ကျစဉ်တွင် ဦးခေါင်းအား တစ်ခုခုနှင့် အပြင်းအထန် တိုက်မိပုံရ၏။

အသက်မရှူတော့. . .။

"ဆရာကြီး. . . ဆရာကြီး၊ ဆေးရုံအမြန်ပို့ရအောင်"

**နံပါတ် (၆)တက္ကသိုလ် လှိုဏ်ခေါင်းတူးခြင်း ခေတ္တရပ်နား (နံနက် ၉း၀၀ နာရီ)**

လှိုဏ်တူးရင်း ကျောင်းသားနှစ်ယောက် သေဆုံးသွားသည် ဆိုသောသတင်းသည် တက္ကသိုလ်အားလုံးသို့ ပျံ့နှံ့သွားလေ၏။

အားလုံးမှာ အထိတ်တလန့်ဖြစ်သွားကြပြီး ထိုလှိုဏ်ခေါင်း တူးခြင်းကိစ္စအား ပြန်စဉ်းစားရန် တိုက်တွန်းကြလေသည်။

အန္တရာယ်များကြောင်း၊ အရင်ကျောင်းသားများ၏ ခန့်မှန်း ချက်များမှာ လွဲမှားနိုင်ကြောင်း စသည်ဖြင့် ပြောဆိုကြလေသည်။

ကြာလာတော့ နံပါတ် (၆)တက္ကသိုလ်ပါချုပ်နဲ့ ပါမောက္ခများ မှာ စဉ်းစားရကျပ်သွားပြီး လှိုဏ်ခေါင်းဆက်လက်တူးပါက ဖြစ် နိုင်၊ မဖြစ်နိုင်ကိစ္စအား သံသယဖြစ်လာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် အရေးပေါ်အစည်းအဝေးတစ်ခု ခေါ်လိုက်ရသည်။

"ကျောင်းသားတွေကလည်း လှိုဏ်ခေါင်းဆက်တူးဖို့ ကြောက်နေကြပြီ"

ပါမောက္ခတစ်ယောက်က ဝင်ပြောသည်။

အားလုံးမှာ အစည်းအဝေးခန်းထဲတွင် ငြိမ်သက်နေကြ၏။

"ဒီတော့ ဘယ်လိုဆက်လုပ်ကြမလဲ"

"လှိုဏ်တူးတာကို ရပ်သင့်ပါတယ်၊ ပြီးတော့ နံပါတ် (၁) တက္ကသိုလ်ကိစ္စက သူတို့ကျောင်းဘာသာ သူတို့ဖြေရှင်းသင့်ပါတယ်"

"ဒါဆို ကျုပ်တို့က အရှုံးပေးရမှာပေါ့"

ပါမောက္ခတစ်ယောက်က ဝင်မေးသည်။

"အင်း ကျွန်တော်တို့ အရှုံးပေးလိုက်လို့ ဘာမှ မဖြစ်ပါဘူး။ ဒီတက္ကသိုလ်အဆင့်က ဒီတက္ကသိုလ်အဆင့်ပဲ ပြန်ရမှာပါ၊ ဆက်လုပ်ရင် ဘာဖြစ်မှန်းမသိဘူး၊ အောင်မြင်ဖို့လည်း မသေချာဘူး၊ အခု ကျောင်းသားနှစ်ယောက် ထိခိုက်သေဆုံးသွားပြီ၊ ကဲ ဘယ်လိုဆက်လုပ်လို့ ဖြစ်မှာလဲ"

"ဟုတ်တာတော့ ဟုတ်ပါတယ်၊ ဒါပေမယ့် ဒီကိစ္စက နံပါတ် (၁) တက္ကသိုလ် ပြဿနာဆိုပေမယ့် အခု ကျောင်းအားလုံးနဲ့ သက်ဆိုင်တဲ့ ပြဿနာ ဖြစ်လာတာကိုလည်း ထည့်စဉ်းစားရမယ်လေ"



ပါမောက္ခချုပ်က ပါမောက္ခများအချင်းချင်း ဆွေးနွေးနေသည်ကိုသာ ထိုင်ကြည့်နေသည်။

ဘာတစ်ခွန်းမှ ဝင်မပြောသေးချေ။ သူလည်း ဘာလုပ်လို့ လုပ်ရမှန်း မသိသေးသောကြောင့် ဖြစ်သည်။

ငြင်းကြခုန်ကြရင်းနဲ့ တော်တော်လေးကို အချိန်ကြာလာပြီးသောအခါ လှိုဏ်တူးခြင်းကိစ္စနှင့် နံပါတ် (၁)တက္ကသိုလ်အား အရှုံးပေးကြောင်း ကြေညာခြင်းကိစ္စအား ဆုံးဖြတ်ရန်အတွက် မဲခွဲဖို့ ပြင်ဆင်ကြလေသည်။

## နံပါတ် (၆)တက္ကသိုလ် ပါမောက္ခချုပ်အစည်းအဝေးခန်းမရှေ့

အစည်းအဝေးခန်းမ၏ အပြင်ဘက်တွင် ကျောင်းသားတစ်ယောက်နဲ့ ကျောင်းသူတစ်ယောက်တို့သည် စိတ်လှုပ်ရှားမှုအပြည့် ဖြင့်ထိုင်စောင့်နေလေသည်။

အခြားကျောင်းသား၊ ကျောင်းသူများကလည်း သူ့အစုနှင့်သူ တိုးတိုးတိုးတိုးပြောရင်း အစည်းအဝေးတံခါးကိုသာ ကြည့်နေကြလေသည်။ အထဲမှာ ဘာတွေဆုံးဖြတ်မလဲဆိုတာကို စိတ်ဝင်စားနေကြခြင်းဖြစ်သည်။

"ကျွီ"

တံခါးပွင့်သွားသောကြောင့် အားလုံးမှာ တံခါးနားသို့ စုပြုံ

www.burmeseclassic.com



တိုးသွားကြလေသည်။ ပါမောက္ခတစ်ယောက် ထွက်လာသည်။

"ဆရာကြီး. . . ဘာ ဘာတဲ့လဲ"

"နံပါတ် (၁)တက္ကသိုလ်ကို အရှုံးပေးမယ်၊ ပြီးရင် လှိုက်ခေါင်းတူးတာကို ရပ်လိုက်ပြီး အခြားနည်းလမ်းတွေ ဆက်စဉ်းစားမယ်လို့ ဆုံးဖြတ်လိုက်တယ်"

အားလုံး၏ မျက်နှာများမှာ ခန့်မှန်းမရသည့် မျက်နှာပုံစံများ ဖြစ်သွားကြသည်။

ခဏအကြာတွင် ကျောင်းသား ကျောင်းသူအားလုံး အလျှိုလျှို ပျောက်သွားကြပြီး ထိုသတင်းသည်လည်း ကျောင်းတွင်း ပျံ့နှံ့သွားလေသည်။

ကျောင်းသား၊ ကျောင်းသူ တော်တော်များများက ထိုသတင်းကို ထောက်ခံကြလေသည်။

နံပါတ် (၁)တက္ကသိုလ်ကိုတော့ အားလုံးက နိုင်ချင်ကြသော်လည်း အရှုံးပေးတာထက်စာရင် အန္တရာယ်မဖြစ်တာပဲ ကောင်းတယ်ဟုတွေးရင်း အားလုံးမှာ စိတ်ဖြေကြရသည်။

ထိုသတင်းကို မထောက်ခံသောသူ နှစ်ဦးတော့ရှိသည်။

ထိုသူနှစ်ဦးမှာ သာဂေါင်နှင့် ညိုဝါဖြူတို့ ဖြစ်လေသည်။

ထိုရေကြီးသည့် ပြဿနာသည် သူတို့ကျောင်းသို့ ရောက်လာမည်ကိုလည်း အားလုံးက စိုးရိမ်နေကြသည်။

□

(၄၁)

ဂူနားရောက်သောအခါတွင် ရိုးရိုးကြိုးအစား စက်သီးကြိုးဖြင့် လဲတပ်ထားသော ဂူအောက်သို့ ဆင်းလိုက်သည်။

ဂူထဲသို့ ခြေချမိသည်နှင့် ခြေထောက်ကို ရေစိုသွားလေသည်။ ဂူထဲတွင် ရေအနည်းငယ်ဝင်နေ၏။

အပေါ်ကဆင်းလာသော ညိုဝါဖြူကို ဖေးမရင်း အောက်သို့ ချပေးလိုက်သည်။ ညိုဝါဖြူကလည်း ဂူထဲရှိရေများကိုကြည့်ရင်း စိတ်ညစ်နေပုံရသည်။

သူတို့နှစ်ယောက်စလုံး ဒီဂူထဲကို ဘာလာလုပ်ကြတာလဲ။

အချိန်ကလည်း ညနေစောင်းနေပြီဖြစ်သည်။

ကျောင်းသားနှစ်ယောက် လဲကျသေဆုံးတဲ့နေရာကို လှမ်းမြင်နေရသည်။ မနေ့က ဂူထဲတွင် လူများ များပြားသလောက် ဒီနေ့တွင် သူတို့နှစ်ဦးတည်းသာ ရှိနေသည်။

လှိုက်ခေါင်းထဲသို့ တော်တော်ကြာ လမ်းလျှောက်သွားသောအခါ ရေများ တစိမ့်စိမ့်ထွက်နေသော နောက်ဆုံး ထူးပြီးသား

www.burmeseclassic.com



နေရာကို ရောက်လာ၏။

“သာဂေါင်”

ညိုဝါဖြူက သူ့ကို လက်လှမ်းတို့ပြီး ခေါ်သည်။

သူက လှည့်ကြည့်လိုက်သည်။

“ပြန်ရအောင် ဂူထဲမှာ ရေတွေလျှံလာရင် ဒုက္ခရောက်ဦးမယ်၊ ပြီးတော့ ကြောက်စရာကောင်းတယ်”

ညိုဝါဖြူက သူ့ကို လက်ဆွဲခေါ်နေသည်။

ဤနေရာသို့ လာရောက်ခြင်းမှာ သူတို့ ဒီဂူကို ရှာတွေ့ခဲ့သည့်အတွက် ကျောင်းသားနှစ်ယောက် သေဆုံးခဲ့သည့်အတွက် စိတ်မကောင်းဖြစ်နေသောကြောင့် ဖြစ်သည်။

သူသက်ပြင်းချလိုက်သည်၊ ထို့နောက် ညိုဝါဖြူနှင့်အတူ လှိုဏ်ခေါင်းထဲမှထွက်ရန်အတွက် ပြန်လှည့်လိုက်သည်။

“ငါတို့ တက္ကသိုလ်ထဲကိုလည်း နံပါတ် (၁)တက္ကသိုလ်က ရေတွေ လျှံကျတော့မယ် ထင်တယ်”

သူက တိုးတိုးလေး ညည်းညူလိုက်သည်။

ရေများကို ဖြတ်ကျော်ရင်း ညိုဝါဖြူလက်ကို တင်းတင်းကျပ်ကျပ်ဆုပ်ကိုင်လိုက်မိသည်။ ညိုဝါဖြူက သူ့ကို မော့ကြည့်၏။ သူမကလည်း သူ့ကို နားလည်သည့်သဘောဖြင့် ပြန်လည်ဆုပ်ကိုင်ထားသည်။

ဂူထဲတွင် ရေများမှာ အများကြီး မရှိပါ။ ရေထွက်ပေါက်ကို အလျှင်အမြန် ပိတ်နိုင်၍ လှိုဏ်ခေါင်းထဲမှာ ရေသိပ်မများ ခြင်း



ဖြစ်သည်။

ပစ္စည်းလေးတစ်ခု ရေထဲတွင် မျောနေတာကို တွေ့လိုက်ရသည်။ ဘာရယ်မဟုတ် သူက ညိုဝါဖြူကို မေးမိသည်။

“ဒီရေတွေက နံပါတ် (၁)တက္ကသိုလ်ထဲ ဝင်တဲ့ရေတွေနဲ့ တူနေလားမသိဘူး”

“အင်း ထင်တာပဲ”

ညိုဝါဖြူက ရေတွေကို ကိုင်ကြည့်လိုက်သည်။ ဆားပွင့်ပုံစံအရာများ လက်ထဲတွင် အနည်းငယ်ပါလာ၏။

“ဟုတ်တယ်ဟ၊ နံပါတ် (၁)တက္ကသိုလ်ထဲဝင်တဲ့ရေတွေနဲ့ တူတယ်”

လမ်းလျှောက်နေရင်းမှ ရပ်လိုက်သည်။

ညိုဝါဖြူက သာဂေါင်ရပ်နေ၍ သူလည်း လိုက်ရပ်သည်။

“ဘာဖြစ်တာလဲ”

“ငါတို့လှိုဏ်တူးခဲ့တာ နံပါတ် (၁)တက္ကသိုလ်အောက်ခြေကို ရောက်နေပြီထင်တယ်”

“ဘယ်လို”

သာဂေါင်က ညိုဝါဖြူ့လက်ကို လွှတ်လိုက်ပြီး-

“ဒီလိုလေ နံပါတ် (၁)တက္ကသိုလ်ရဲ့ မြေအောက်မှာပဲ ပင်လယ်သေထဲက ရေတွေလိုမျိုး ရှိတယ်လို့ စာတမ်းရေးတဲ့ကျောင်းသားတွေက ခန့်မှန်းထားတယ်မှတ်လား”

www.burmeseclassic.com

www.burmeseclassic.com



"အင်းလေ"

"ပြီးတော့ သူတို့က နံပါတ် (၁)တက္ကသိုလ်မြေအောက်ကို ခန့်မှန်းပြီးသွားဖို့အတွက် လှိုဏ်တူးခဲ့တယ် မှတ်လား"

"အင်း"

ညိုဝါဖြူမှာ သူ့စကားကို နားမလည်သော်လည်း စိတ်ဝင်တစား ရှိလာပုံရသည်။

"ငါတို့ အခု ရောက်နေတဲ့နေရာနဲ့ နံပါတ် (၁)တက္ကသိုလ်က မြေပြင်ပေါ်မှာဆိုရင် သိပ်မဝေးဘူး"

"ဟုတ်တယ်လေ"

"အခုရေထွက်တဲ့နေရာဟာ နံပါတ် (၁)တက္ကသိုလ်အောက်နား ရောက်နေပြီလို့ ယူဆလို့မရဘူးလား"

"နင်ဆိုလိုတာက"

"ငါတို့လှိုဏ်တူးတာ နံပါတ် (၁)တက္ကသိုလ်အောက်ကို ရောက်နေပြီး ပယ်လယ်သေရေနုကြောကို သွားဖောက်မိလို့ ရေထွက်လာတာလို့ ယူဆလို့ရတယ်"

သာဂေါင်မှာ အားတက်သရောဖြစ်လာသည်။

ထို့ကြောင့် ညိုဝါဖြူလက်ကို ပြန်ဆွဲရင်း လှိုဏ်ခေါင်းနောက်ဆုံးတူးရာနေရာသို့ ပြန်လှည့်လိုက်သည်။

အပြင်မှာတော့ မှောင်နေပြီဖြစ်သည်။

□

(၄၂)

"စာတမ်းပြုစုခဲ့တဲ့ ကျောင်းသားတွေက ဒီလိုမျိုး ရေကြောနဲ့ တွေ့လိမ့်မယ်ဆိုပြီး ခန့်မှန်းခဲ့ရမယ်"

"အဲဒီတော့ ဘာဆက်လုပ်မလဲ"

ညိုဝါဖြူက သာဂေါင်ကို မေးခွန်းထုတ်လိုက်သည်။

"သူတို့ တွက်ချက်ထားတာက ရေတွေဟာ သူတို့ထင်ထားတဲ့ သဘာဝ ပစ္စည်းထဲကိုဝင်ပြီး မြေပေါ်ကို တက်လိမ့်မယ်လို့ ယူဆခဲ့ပုံရတယ်"

"အင်း"

"အဲဒီအတိုင်းသာမှန်ရင် အဲဒီသဘာဝပစ္စည်းရှိတဲ့နေရာမှာ ရေမရှိနိုင်ဘူး၊ ပြီးတော့ အဲဒီနေရာကလည်း ရေကြောနဲ့ သိပ်မဝေးနိုင်ဘူးဟ"

"သေချာလို့လား"

www.burmeseclassic.com

www.burmeseclassic.com



သာဂေါင်က ညိုဝါဖြူအမေးကို မဖြေသေးဘဲ ရေထွက်ပေါက်နဲ့ ဆန့်ကျင်ရာ နံရံသို့ ကျောက်တုံးတစ်ခုနှင့် ပစ်ကြည့်လိုက်သည်။

"ဖတ်"

ကျောက်တုံးက ပြန်ကျလာ၏။ မြေကြီးကို သွားထိမိသောကြောင့် ဖြစ်သည်။

နောက်တစ်နေရာကို ထပ်ပစ်ကြည့်မိ၏။ အရင်အတိုင်းပဲ ဖြစ်နေသည်။

အနောက်ဘက်သို့ နည်းနည်း ပြန်လျှောက်လိုက်သည်။ ကျောက်သားထု နံရံတစ်ခုကို ပစ်ကြည့်လိုက်၏။

"ဂလောင်"

သာဂေါင်၏ မျက်နှာသည် ဝမ်းသာသည့်ပုံစံ ဖြစ်သွားပြီး-

"လှိုဏ်ခေါင်းသံကြားလား ညိုဝါဖြူ"

"ဟင် ဘာကို"

ညိုဝါဖြူက သေချာမသိ၍ ပြန်မေးလိုက်သည်။ သာဂေါင်ကလည်း ထိုနေရာကို ထပ်ပစ်ပြသည်။

"ဂလောင်"

လှိုဏ်ခေါင်းသံလိုလို ဘာလိုလို အသံထွက်လာပြန်၏။

"ဒီနေရာကို တူးကြည့်ရအောင်"

"သေချာလို့လား၊ ရေတွေ ထွက်လာနေဦးမယ်"



"နင်ပြန်ရင် ပြန်ပါလား၊ ငါ ဆက်တူးလိုက်မယ်"

ထိုသို့ ပြောလိုက်ပြန်တော့လည်း ညိုဝါဖြူက စိတ်ဆိုးပြန်သည်။ ထို့ကြောင့် ညိုဝါဖြူက စက်ကိရိယာတစ်ခုကို ကောက်ကိုင်လိုက်သောကြောင့်-

"နင် မလုပ်ပါနဲ့ဟာ၊ ငါပဲ တူးပါမယ်"

ဟု ဆိုပြီး သာဂေါင်က စပြီး တူးလိုက်သည်။

❑

www.burmeseclassic.com

www.burmeseclassic.com

(၄၃)

အချိန်အတော်ကြာသွားပြီ ဖြစ်သည်။ တူးသည့်နေရာ လည်း ကျယ်လာပြီး နှစ်ယောက်စလုံး၏ကိုယ်မှာ မြေကြီးများဖြင့် ပေကျံနေလေသည်။

တူးနေသော သာဂေါင်ပင် သူ့ကိုယ်သူ မယုံမကြည် ဖြစ်လာ ၏။ ညိုဝါဖြူကတော့ သူ့နောက်က မြေစာများကို အပြင်ထုတ်ပေး နေ၏။

နောက်ကို လှည့်ကြည့်လိုက်သည်။

ညိုဝါဖြူကိုကြည့်ရင်း သက်ပြင်းချမိသည်။

ပင်ပန်းရသည့်ကြားထဲ သူမမျက်နှာကိုကြည့်ပြီး ကြည်နူး ရသေးသည်။

အပြင်မှာတော့ မိုးချုပ်နေလောက်ပြီ...။ ထို့ကြောင့် လို



တူးကိရိယာကိုကိုင်ပြီး ရှေ့က နံရံကို အားကုန်စိုက်ချလိုက်သည်။

"ဒုတ်"

"ဟင်"

အသံတစ်သံ ကြားလိုက်ရသည်။

"ကြား... ကြားလိုက်လား"

"ဘာကိုလဲ"

ညိုဝါဖြူက အလန့်တကြား မေးသည်။ သာဂေါင်က ဆက် မပြောတော့ဘဲ လိုဏ်ခေါင်းကို ဆက်တူးနေရာ ခဏအကြာတွင်-

"ဒုတ်"

ဟု ခပ်ပြင်းပြင်း ရိုက်ချလိုက်ရာ-

"ဟာ..."

အပေါက်တစ်ခု...

စက်ကို ဘေးနား ချထားလိုက်သည်။ မြေများကို လက်ဖြင့် အတင်း ဖယ်ချလိုက်သည်။ လူတစ်ကိုယ်စာ ဝင်နိုင်သော အပေါက် တစ်ခု ဖြစ်သွား၏။

"ညိုဝါဖြူ"

နောက်ကို လှမ်းအော်လိုက်သည်။ ညိုဝါဖြူကလည်း အပေါက် ကိုကြည့်ပြီး တအံ့တသြ ဖြစ်နေသည်။

သာဂေါင်က ချက်ချင်းဆိုသလိုပင် ထိုအပေါက်ထဲသို့ လှမ်းဝင် လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"အမယ်လေး"

ကြီးမားသော သဘာဝ လှိုဏ်ဂူကြီးကို တွေ့လိုက်ရ၍ သာဂေါင်မှာ ထိတ်လန့်သွားလေသည်။


ညိုဝါဖြူကလည်း အနောက်ကနေ လိုက်ဝင်လာ၏။

"ဟင်"

နှစ်ယောက်စလုံး ကြက်သေ သေနေကြသည်။

ခဏကြာမှ ညိုဝါဖြူမှာ သတိရပြီး လွယ်အိတ်ထဲမှ စာအုပ်ကို ထုတ်ကာ ပုံကြမ်းအချို့ ဆွဲချလိုက်သည်။

□



www.burmeseclassic.com

www.burmeseclassic.com

(၄၄)

"ဒီတိုင်ကြီးတွေက စာတမ်းအဖွဲ့က ခန့်မှန်းခဲ့တဲ့ သဘာဝ ပစ္စည်းကြီးတွေလား"

သာဂေါင်တ သူ့ဘာသာသူ ရေရွတ်သည်။

ကျောင်းသားများ၏ ထူးဆန်းအံ့သြဖွယ်ကောင်းသော ခန့်မှန်းချက်များသည် မှန်ကန်နေလေပြီ။

ထိုပစ္စည်းများထဲသို့ ရေများဝင်ကာ အပေါ်သို့ကန်တက်နေခြင်း ဖြစ်ပုံရသည်။

"သာဂေါင်"

ညှိဝါဖြူက သာဂေါင်ကို တိုးတိုးလေး ကပ်ခေါ်သည်။

သို့သော် လှိုက်သံကြောင့် 'သာဂေါင်'ဟု အကျယ်ကြီး ထွက်သွားပြီး ပဲ့တင်သံများကြောင့် သာဂေါင်လည်း လန့်သွားသည်။

"တိုးတိုးခေါ်ပါဟ"

'တိုးတိုးခေါ်ပါဟ'ဆိုသည့်အသံလည်း ဟိန်းထွက်သွားသော

www.burmeseclassic.com

www.burmeseclassic.com



ကြောင့် သာဂေါင်လည်း ငြိမ်နေလိုက်ရသည်။

"ဒါကြီးက ဘာကြီးလဲ"

"ဒါကြီးက ဘာကြီးလဲ"

"ဒါကြီးက ဘာကြီးလဲ"

ပွဲတင်သံများကြောင့် သာဂေါင်မှာ ညိုဝါဖြူ့နားနားကို ကပ်ပြီး စကား တိုးတိုးပြောရသည်။

"ငါ့အထင် စာတမ်းအဖွဲ့က ခန့်မှန်းထားတဲ့ သဘာဝပစ္စည်း တွေလို့ ထင်တယ်၊ အဲ့ဒီအထဲကို အပေါ်က စီးနေတဲ့ ရေတွေက ဝင်ပြီး အပေါ်ကို ရေတက်တာဖြစ်လိမ့်မယ်"

"အရင်ကတည်းက ဒီပစ္စည်းတွေထဲကို ရေတွေ မဝင်ဘဲနဲ့ အခုမှ ဘာလို့ ဝင်နေလာရတာလဲ"

"သူတို့ခန့်မှန်းထားတယ်မှတ်လား၊ အရင်တုန်းက ရေလမ်း ကြောင်းက သပ်သပ်၊ သဘာဝပစ္စည်းကြီးက သပ်သပ်ရှိနေပုံပဲ၊ ဒါပေမယ့် လျှောင်အသေးစားလှုပ်လို့ ရေလမ်းကြောင်း ပြောင်းပြီး ရေတွေက သဘာဝပစ္စည်းကြီးထဲ ဝင်သွားပုံရတယ်"

နှစ်ယောက်စလုံးမှာ ထိုသဘာဝပစ္စည်းကြီးကို အဝေးကပဲ ကြည့်နေကြသည်။ တအံ့တဩလည်း ဖြစ်နေ၏။

"ဒါဆို ရေတွေ အပေါ်တက်တာ ရပ်သွားအောင် ဘယ်လို လုပ်ရမလဲ"

သာဂေါင် ခေါင်းခါပြသည်။



"စာတမ်းအဖွဲ့က ကျောင်းသွားတွေကလည်း အဲ့ဒါကို အဖြေ မရှာခဲ့ကြဘူး၊ ဒီတော့. . . ဟင် ဒီမှာ ကြည့်စမ်းပါဦး၊ အပေါ်ကို တက်လို့ရတဲ့ လှေကားပုံစံတွေပဲဟ"

သာဂေါင်က သဘာဝပစ္စည်းတစ်ခုနားသို့ တိုးကပ်ကာ မြင် လိုက်ရသော လှေကားပုံစံများကြောင့် ဝမ်းသာအားရ ဖြစ်သွားသည်။

လှေကားပုံစံတွေကတော့ သိပ်မပီပြင်ဘဲ ချောချောချွတ်ချွတ် ဖြစ်နေသည်။

သာဂေါင်က ပထမအထစ်ကို တက်ရန်ပြင်လိုက်သည်။

"နင်. . . နင်က တက်မလို့လား"

"အင်း. . . တက်ကြည့်မလို့၊ အပေါ်မှာ ဘယ်လိုမြင်ရလဲ သိမှ ရပ်လို့ရမယ့်ကိစ္စကို စဉ်းစားလို့ရမှာပေါ့"

"ဖြစ်. . . ဖြစ်ပါ့မလား. . . ဆရာတွေကို အရင်သွား ခေါ်ပြီးမှ တက်ရင်မဖြစ်ဘူးလား"

ညိုဝါဖြူက ကြောက်ကြောက်လန့်လန့်နှင့် ပြောသည်။

"ရပါတယ်. . . ငါတက်ကြည့်လိုက်မယ်၊ နင် အောက်က စောင့်နေ"

သာဂေါင်က အပေါ်ကို စတက်သည်။

နည်းနည်းတော့ ချောနေ၏။ ဟန်ချက်ကို ထိန်းလိုက်ကာ နောက်တစ်ဆင့် တက်လိုက်၏။

□

www.burmeseclassic.com

## (၄၅)

အချိန်တော်တော်ကြာ တက်ပြီးသောအခါတွင် အောက်ကို တစ်ချက် လှမ်းကြည့်လိုက်သည်။

စိုးရိမ်တကြီး လှမ်းကြည့်နေသော ညိုဝါဖြူ မျက်နှာကို ခပ် ဝေးဝေးမှ တွေ့လိုက်ရ၏။

အပေါ်ကို ကြည့်လိုက်ပြန်သည်။ အပေါ်ကိုရောက်ရန် သုံး ထစ်သာ လိုတော့၏။ ဆက်တက်ရန် တစ်ထစ်ကို လှမ်းလိုက်သည်။ ချော်သွား၏။ နောက်တစ်ခေါက်လှမ်းမှသာ မိသွား၏။

ဒုတိယအထစ်. . . ။

တတိယအထစ်. . . ။

နောက်ဆုံးအထစ်ကို လှမ်းပြီးအချိန်တွင် အပေါ်ကိုရောက် သွားလေ၏။

"ဟင်"



အထစ်ကိုကိုင်ထားသော လက်တွေ တဆတ်ဆတ် တုန်သွား ၏။ အံ့ဩမှုကြောင့် စိတ်တွေလှုပ်ရှားနေသည်။

များပြားလှသော ရေများသည် သဘာဝပစ္စည်းထဲသို့ တဝေါ ဝေါနှင့် စီးဝင်နေကာ အထက်သို့ မမြင်ရသော လမ်းတစ်ခုမှနေ၍ အပေါ်သို့တက်နေခြင်း ဖြစ်သည်။

ထိုသဘာဝပစ္စည်းများကို တစ်ခုနှင့် ပိတ်ဆို့လိုက်ပါက ရေစီး များသည် သဘာဝအတိုင်းပြန်လည် စီးဆင်းနေမည်ဖြစ်သည်။

မဖြစ်ဘူး. . . ။ မဖြစ်ဘူး. . . ပါမောက္ခချုပ်ကို အလျင်အမြန် အသိပေးရမည်။

အသိပေးရမည်။

အောက်တစ်ထစ်ကို ပြန်ဆင်းလိုက်သည်။

နောက်တစ်ထစ်. . . ။

ရေတွေက များနေသေးသည်။ ဒီအတိုင်းဆိုရင် နံပါတ် (၁) တက္ကသိုလ်ကို ရေများက ဆက်ဝင်နေဦးမည်။ ပြီးလျှင် မိမိတို့ တက္ကသိုလ်. . . ။

ဟာ မဖြစ်သေးပါဘူး. . . ။

နောက်တစ်ထစ်. . . ။

နောက်တစ်ထစ်. . . ။

ထိုသဘောဝပစ္စည်းများကို ဘယ်အရာများနှင့် ပိတ်ဆို့မည် နည်း. . . ။

www.burmeseclassic.com

www.burmeseclassic.com



ခေါင်းထဲမှာ အတွေးပေါင်းစုံနှင့် အလုပ်ရှုပ်သွားသည်။

နောက်တစ်ထစ်ကို ပြန်ဆင်းလိုက်၏။

ကိုင်ထားသောလက်က ချော်သွားသည်။

ညိုဝါဖြူ့အော်သံကို ကြားလိုက်ရ၏။

ထို့နောက် လေဟာနယ်. . .။

နောက်ဆုံး အမှောင်ဖုံးသွားလေသည်။

□

(၄၆)

မျက်လုံးဖွင့်လိုက်သောအခါ အလင်းရောင်အချို့နှင့် ဘေးနားက လူစုလူဝေးများကို တွေ့လိုက်ရသည်။

ထိုလူအုပ်ကြားထဲမှ စိုးရိမ်နေသော မျက်ဝန်းတစ်ခုကို တွေ့လိုက်ရသည်။ လက်ကို လှုပ်ကြည့်လိုက်သည်။

လက်က လှုပ်လို့မရ။ ခေါင်းကတော့ နည်းနည်းနာနေသေးသည်။ ပတ်ဝန်းကျင်ကို ကြည့်ခြင်းအားဖြင့် ဆေးရုံတစ်ခုကို ရောက်နေမှန်း သိလိုက်ရသည်။

"မောင်သာဂေါင် သက်သာပြီလား"

ပါမောက္ခချုပ်အသံကို ကြားလိုက်ရသည်။

သူ ခေါင်းညိတ်ပြလိုက်သည်။

တစ်စုံတစ်ခုကို သတိရလိုက်ပြီး စကားဟရန် ပြင်လိုက်သည်။

သို့သော် ပါချုပ်က-

www.burmeseclassic.com

www.burmeseclassic.com



"စကားမပြောနဲ့ဦးကွ၊ အားနည်းနေတယ်။ ဘာမှလည်း မပူနဲ့ ဆရာတို့ ဆက်လုပ်ပြီးသွားပြီ"

ပါချုပ်က အကြမ်းဖျင်း ရှင်းပြနေသည်။

ညိုဝါဖြူက သူတို့ကိုလာခေါ်ကြောင်း ဆရာတို့လိုက်လာပြီး မင်းနဲ့အတူ သဘာဝဂူကြီးကိုပါတွေ့လိုက်ရ၍ အံ့သြနေကြောင်း စသည်တို့ပြောပြပြီး 'တက္ကသိုလ်ပေါင်းစုံပါဝင်တဲ့ ပညာရှင်များ အဖွဲ့'ကနေပြီး ထိုကိစ္စကို ရပ်တန့်အောင် ဆောင်ရွက်နေပြီ ဖြစ်ကြောင်း အတိုချုံး ပြောပြလေသည်။

သူ သက်ပြင်းချလိုက်သည်။

ညိုဝါဖြူက သူ့ဘေးနား လာရပ်သည်။ သူ့လက်ကို ညင်သာစွာကိုင်ပြီး မျက်ရည်များလည်း ဝဲနေ၏။

"နင်က ငါ့စကားမှ နားမထောင်တာ"

ဟုဆိုပြီး တရှုံ့ရှုံ့ ငိုနေလေသည်။

▢

လေးလခန့် ကြာသောအခါ

www.burmeseclassic.com

## (၄၇)

ပျော်ရွှင်နေပုံရသော ကျောင်းသား၊ ကျောင်းသူများသည် ကျောင်းလမ်းမကြီးတစ်လျှောက် လျှောက်လာနေကြသည်။

သန့်ရှင်းတောက်ပြောင်နေသော ကျောင်းဆောင်များကို ကြည့်ပြီး ကျယ်ကျယ်လောင်လောင်ဖြင့် စကားပြောနေကြသည်။

"ဒီနေ့ ငါတို့ကျောင်းပြန်ဖွင့်တော့ ကျောင်းကြီးက အသစ်ကြီးလို ဖြစ်နေတယ်"

"အေးလေ သန့်ရှင်းရေးလုပ်ရ၊ ကျောင်းကြီး ပြန်လည် စီမံလန်းအောင်လုပ်ရနဲ့ အသစ်ဖြစ်နေတာပေါ့"

သူတို့ လမ်းလျှောက်နေသည့်နေရာ၊ သူတို့ ကြည့်နေသည့် နေရာများသည် တစ်ချိန်တုန်းက ရေလွှမ်းမိုးခဲ့သည်။

အခုတော့ လေးလအတွင်း တက်ညီလက်ညီ ကြိုးစားခဲ့သောကြောင့် ရေများ မရှိတော့ဘဲ၊ သန့်ရှင်းရေးများ အကြီးအကျယ်

www.burmeseclassic.com

www.burmeseclassic.com



ပြုလုပ်ထားသောကြောင့် ကျောင်းမှာ သန့်ရှင်းကာ ကျောင်းသစ်ကြီးလို ဖြစ်နေသည်။

ဆေးများလည်း ပြန်သုတ်ထား၏။

"ဟဲ့. . . ဟိုမှာ ရေကန်ကြီးတစ်ကန်ပါလား"

အရင်တုန်းကမရှိဘဲ အခုမှရှိတဲ့ ရေကန်ကြီးကြောင့် ကျောင်းသူလေးက တအံ့တဩ ဖြစ်နေလေသည်။

"အမှတ်တရလုပ်ထားတာလေ ရေကန်ထဲက ရေတွေကလည်း ငါတို့ကျောင်းကို မြုပ်ခဲ့တဲ့ရေတွေလေ"

"ြော်. . ."

ကျောင်းပတ်ဝန်းကျင်ကို လိုက်ကြည့်နေသော်လည်း သူတို့နှစ်ယောက်၏ ခြေလှမ်းများက တစ်နေရာသို့ ဦးတည်နေသောကြောင့် ခြေလှမ်းများ မြန်နေကြလေသည်။

"မှီပါဦးမလား"

"မှီပါတယ်၊ အစောကြီးရှိသေးတယ်"

ခဏအကြာတွင် ခန်းမကြီးတစ်ခုရှေ့သို့ ရောက်သွားကြပြီး. . .

"လူစုံနေပြီပဲ"

ဟုဆိုကာ ခန်းမထဲသို့ ဝင်လိုက်ကြ၏။

□

(၄၈)

ကျယ်ဝန်းလှသော ခန်းမထဲတွင် လူအများဖြင့် စည်ကားနေသည်။ တက္ကသိုလ်ပေါင်းစုံမှ ပါချုပ်များ၊ ပါမောက္ခများ၊ တာဝန်ရှိသူများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ပြည့်နေလေသည်။

ထိုအချိန်တွင် စင်မြင့်ပေါ်သို့ လူတစ်ယောက် တက်လာသည်။ နံပါတ် (၁)တက္ကသိုလ် ပါမောက္ခချုပ်ဖြစ်သည်။

"အခုလို. . ဒီအခမ်းအနားအား မိမိတို့တက္ကသိုလ်ဝန်းထဲမှာပဲ ကျင်းပလို့ရအောင် လွှန်ခဲ့တဲ့ လေးလလောက်တုန်းက မိမိတို့ကျောင်းအား တတပ်တအား ပါဝင်ကူညီခဲ့ကြသည့် ကျောင်းများအားလုံးကို အထူးပင်ကျေးဇူးတင်ရှိပါတယ်။ အထူးသဖြင့် ကျောင်းသား မောင်သာဂေါင်နှင့် ညို့ဝါဖြူ။ ကူညီရင်း သေဆုံးသွားခဲ့သည့် နံပါတ် (၆)တက္ကသိုလ်မှ ကျောင်းသားနှစ်ဦးနှင့်အတူ ပါဝင်ခဲ့သူအားလုံးကို ထပ်မံကျေးဇူးတင်ရှိပါတယ်"

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



နားထောင်နေသောသူအားလုံးမှာလည်း အပြုံးပန်းများ ဝေနေကြသည်။ ဒီနေ့ပွဲသည် နံပါတ် (၁)တက္ကသိုလ်က ပြုလုပ်ပေးသော ဂုဏ်ပြုပွဲအပြင်၊ နံပါတ် (၆)တက္ကသိုလ်အား နံပါတ် (၁) တက္ကသိုလ်နှင့် တန်းတူအဆင့်အတန်းရှိ တက္ကသိုလ်အဖြစ် အသိအမှတ်ပြုသည့်ပွဲလည်း ဖြစ်သည်။

ထို့ကြောင့် စာပွဲဝိုင်းတစ်ခုတွင် ထိုင်နေသော နံပါတ် (၆) တက္ကသိုလ် ပါမောက္ခချုပ်မှာ အထူးဝမ်းမြောက်နေလေသည်။

တစ်ဖက်ဝိုင်းတွင် ထိုင်နေသော သာဂေါင်နှင့် ညို့ဝါဖြူကိုလည်း တစ်ချက်ပြုံးပြလိုက်၏။

ထိုအချိန်တွင် သာဂေါင်နှင့် ညို့ဝါဖြူနားသို့ ကျောင်းသားတစ်ယောက် တိုးကပ်လာသည်။

ထိုကျောင်းသားသည် သာဂေါင်အား တောင်းပန်နေသည့်ပုံစံဖြစ်နေသောကြောင့် ပါမောက္ခချုပ်မှာ ထိုကျောင်းသားကို သေချာကြည့်မိသည်။

□

BURMESE CLASSIC .com

(၄၉)

ထွက်သွားသော ကျောင်းသားကိုကြည့်ပြီး ညို့ဝါဖြူက သာဂေါင့်ဖက် ပြန်လှည့်လိုက်သည်။

"နင်က တကယ်ရော ဂဏန်းတွက်တာမြန်လို့လား"

"အဟဲ စမ်းကြည့်လေ"

သာဂေါင်ရဲ့ မချိမချဉ် မျက်နှာကြောင့် ညို့ဝါဖြူက မျက်နှာမဲ့လိုက်ပြီး-

"၄၅၈၉၇၁ကို ၁၃ နဲ့ မြှောက်ရင် ဘယ်လောက်ရလဲ"

သာဂေါင်က စက္ကန့်အနည်းငယ် စဉ်းစားသည်။

"၅၉၆၆၆၂၃ ရတယ်"

ညို့ဝါဖြူက ချတွက်ကြည့်သည်။

မှန်နေကြောင်းတွေ့ရသည်။

"အံမယ် တယ်ဟုတ်ပါလား"

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ၄၅၈၉၇၁ ကိုပဲ ၁၄ နဲ့ မြှောက်ရင်ရော"

သိပ်မကြာပါဘူး။

"၆၄၂၅၅၉၄ ရတယ်"

ညိုဝါဖြူ မျက်လုံးပြူးသွား၏။

"နင် ဘယ်လိုများ တွက်တာလဲ"

"သိချင်လို့လား"

"အင်း"

"ဒါဆို ခေါင်းကူးပြီး သင်ပေးမယ်လေ ငါ့လက်ကိုကိုင်ထား"

"အံမယ် ဘာဖြစ်လို့ကိုင်ရမှာလဲ"

"ရတယ်လေ မကိုင်လည်း မသင်ယုံပေါ့"

သာဂေါင်က မျက်နှာကို တစ်ဖက်လှည့်လိုက်သည်။

ညိုဝါဖြူကလည်း မျက်နှာကို စူပုတ်လိုက်ပြီး-

"ဟွန်း . . . စိတ်ပုတ်လိုက်တာ၊ သင်ပေးတာတောင် အသား ယူနေသေးတယ်"

ဟုဆိုပြီး သာဂေါင့်လက်ကို ညင်ညင်သာသာ ကိုင်လိုက် လေသည်။

လေးစားစွာ

ရှား

သာဂေါင်တွက်ခဲ့သော သင်္ချာအမြန်တွက်နည်းမှာ သင်္ချာပညာရှင်ကြီး ထွာ(ချ်)တပ်ဘတ်(ဂ်) တီထွင်ခဲ့သော နည်းများထဲမှ တစ်ခု ဖြစ်ပါသည်။ ထိုတွက်နည်းများအား ဖော်ပြချင်သော်လည်း စာမျက်နှာ အခက်အခဲကြောင့် မဖော်ပြနိုင်ခဲ့ပါ။ အလျဉ်းသင့်ပါက ၄င်းနည်းများအား ကျန်စာအုပ်များတွင် ဖော်ပြပေးပါမည်။

စာရေးသူ

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

## လူနေ၏ ပါဆယ် လုံးချင်းဝတ္ထု သိန်း (၂၀)ဆုပေးပွဲ
## အခမ်းအနား သတင်းများ

www.burmeseclassic.com

www.burmeseclassic.com



# လူနေ၏ "ပါဆယ်" ဝတ္ထု သိန်း ၂၀ အရေးမြွှန်သူအား ဆုချီးမြှင့်ပေးပြီ

ဇွန်လ ၂၉ ရက်နေ့ မွန်းလွဲ ၁ နာရီက စီးတီးတောဝါဟိုတယ်တွင် လူနေ၏ 'ပါဆယ်' လုံးချင်းဝတ္ထုအရေးမြွှန်သူ ၅ ဦးထဲမှ ၁ ဦးရွေးချယ်ပွဲအခမ်းအနား ကျင်းပခဲ့သည်။ အခမ်းအနားတွင် ဆရာသစ္စာနီ၊ ဆရာလွှမ်းဝေနိုင်၊ ဆရာဟိန်းလတ်တို့က မှတ်တမ်းစကားပြောကြားပေးပြီးနောက် စာရေးဆရာလူနေက "ပါဆယ်လုံးချင်းဝတ္ထုပဟေဠိအဖြေရှာအမှန်ပေးပို့သူ ၃၀၀ ကျော်ထဲကမှ ၁၁၅ ယောက်ရွေးချယ်ခဲ့ပြီး အဲဒီထဲကမှ ၅ ဦးထပ်မံရွေးချယ်ခဲ့ပါတယ်။ အဆိုပါ ၅ ဦးထဲကမှ သိန်း ၂၀ ကံထူးသူကို ဒီနေ့ရွေးချယ်မှာပါ"ဟု ပြောကြားခဲ့သည်။ ကံထူးရှင်များကို ရွေးချယ်ရာတွင် ဟန်အမိုးဝင်းက ပဉ္စမဆုကို မဲနှိုက်ပေးပြီး ဆုရသူမသင်းသင်းမြတ်စိုးကို အီးဗီဗီစက် ချီးမြှင့်ပေးပါသည်။ယူရေးနီယံအဖွဲ့မှ နိုင်လေးက စတုတ္ထဆုကို မဲနှိုက်ပေးပြီး ဆုရသူမဝင်းပို့အောင်ကို အီးဗီဗီစက် ချီးမြှင့်ပေးပါသည်။ ဆရာအောင်စိုးသုက တတိယဆုကိုမဲနှိုက်ပေး၍ ဆုရသူ မောင်စိုင်းစိုးအောင်ကို အီးဗီဗီစက်ချီးမြှင့်ပေးပြီးနောက် အဆုံးအဖြတ်အဖြစ် ဆရာကိုမျိုး (မြန်မာစာ) က မဲနှိုက်ပေး၍ ဒုတိယဆုရရှိသူ မထက်ထက်ဝေကို လက်ဆွဲဖုန်းချီးမြှင့်ပေးပြီးနောက် ပထမဆုရှင်ဖြစ်သည့် မောင်ရဲရင့်အောင်ကို စာရေးဆရာလူနေနှင့် ထုတ်ဝေသူ ဝင်းလှိုင်ဦးတို့က ငွေကျပ်သိန်း ၂၀ ဆုချီးမြှင့်ပေးခဲ့ပါသည်။ P-046

ပေါ်ပြူလာဂျာနယ် (၁၂-၇-၂၀၁၁)


BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

# စာရေးဆရာလူနေ၏ ပါဆယ်ဝတ္ထု သိန်း ၂၀ ကံထူးရှင်ရွေးချယ်ပွဲကျင်းပ

စာရေးဆရာလူနေ၏ ပါဆယ်ဝတ္ထု သိန်း (၂၀) ကံထူးရှင် (၅) ဦးအား ရွေးချယ်ပွဲကို [illegible] ကျင်းပခဲ့ရာ [illegible] ကံထူးရှင် (၅)ဦးအား ရွေးချယ်ခဲ့ရာ ကံထူးရှင်ငွေကျပ်သိန်း ၂၀ ကို [illegible] ပါဆယ်ဝတ္ထုကံထူးရှင် သိန်း ၂၀ ပေးပွဲနှင့်အတူ [illegible] အမှတ်တရပွဲကိုလည်း ညနေပိုင်းတွင် [illegible] ကျင်းပခဲ့ကြောင်းသိရပါသည်။



Health Care ဂျာနယ် (၈-၇-၂၀၁၁)





## အမှန်တကယ်ဆုချီးမြှင့်ခဲ့သည့် လူနေ၏ ပါဆယ်လုံးချင်းဝတ္ထုအရောင်းမြှင့်တင်မှု (၅)ဦးထဲမှ (၁)ဦး ရွေးချယ်ပွဲအခမ်းအနားကျင်းပ

[illegible] City Star Hotel ၌ [illegible]

[illegible]

KS



The Love ဂျာနယ် (၄-၇-၂၀၁၁)

www.burmeseclassic.com



Favourite News ဂျာနယ် (၁၀-၇-၂၀၀၁)

# Lunay's Next Book

ယခုတလော ကျောင်းရှိ
လူငယ်များကြားတွင်
လျှို့ဝှက်သတင်းတစ်ခု
ပျံ့နှံ့နေသည်။
ယင်းမှာ မေဂျာတစ်ခုရှိ
အခန်းလွတ်တစ်ခုတွင်
ရှည်းစားထားတဲ့ဝိမ်း
ဟု အမည်တွင်သည့်
တစားနည်းတစ်မျိုး
တစားလို့ရတယ်ဆို့သည့်
သတင်းပင် ဖြစ်သည်။

■

BURMESE CLASSIC .com

www.burmeseclassic.com